# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် ၂၀၁၉ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၃၅)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား လက်ခံတွေ့ဆုံ

## ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၌ အပြန်အလှန်အကူအညီပေးရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး တက်ရောက်ရန်နှင့် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသော ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. အား ယနေ့မွန်းလွဲ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဖိလစ်ပိုင်နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၌ အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးနှင့် ဖိလစ်ပိုင်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**ရေစကြိုမြို့ရှိ ထန်းလျက်မှုန့် ထုတ်လုပ်သည့်ကုမ္ပဏီက ဇွန်လတွင် ထန်းတောင်သူများထံမှ ထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူတော့မည်**

ပြည်တွင်းသတင်း စာမျက်နှာ - ၁၁

**နိုင်ငံတကာ ရေပိုင်နက်များပေါ်တွင် လေ့ကျင့်ပျံသန်းမှု ပြုလုပ်နေသော ရုရှားလေယာဉ်များအား အမေရိကန်တိုက်လေယာဉ်များ လိုက်ပါစောင့်ကြည့်**

နိုင်ငံတကာသတင်း စာမျက်နှာ - ၁၄


C B BANK

Best Corporate & Investment Bank

2019 (Asia Money)

Contact Center : 01-231 777 0

# စိုက်ပျိုးသီးနှံတို့၏ အန္တရာယ်အမျိုးမျိုးကို ကာကွယ်နိုင်ရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အားပြုလုပ်ကိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်ရေးသည် အလွန်အရေးကြီးသည့် အားလျော်စွာ သီးနှံများကြီးထွားအထွက်တိုးမှုကို အဟန့်အတားဖြစ်စေမည့် အန္တရာယ်များမှ ကာကွယ်နိုင်ရေးသည် အထူးဂရုပြုဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါသည်။

အဟန့်အတားဖြစ်စေသည်ဟုဆိုရာ၌ သဘာဝဘေး၊ ပိုးမွှားတို့၏ဘေးနှင့် တိရစ္ဆာန်တို့၏ အန္တရာယ်များ စသည့်ဘေးအားလုံးပါဝင်ပါသည်။

မိုးခေါင်၊ လေပြင်းတိုက်၊ အခါမဟုတ်မိုးရွာ၊ ရေကြီးရေလျှံ အစရှိသည့် သဘာဝဘေးအန္တရာယ်များ၊ ရွှေခရု၊ ကြွက်မျိုးစုံ၊ လယ်ပုစွန် အစရှိသည့် တိရစ္ဆာန်တို့၏ အန္တရာယ်များနှင့် ငမြောင်တောင်၊ ဆစ်ပိုး၊ ရွက်ဝါပိုင်းရပ်စ်ပိုး အစရှိသည့် ပိုးမွှားနှင့် မှိုတို့၏ အန္တရာယ်များက စိုက်ပျိုးရေးတောင်သူတို့အတွက် ထိခိုက်ဆုံးရှုံးမှုများစွာကို ဖြစ်စေပါသည်။

မကြာသေးမီကဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၌ မိုးသီးများကြွေခြင်း၊ လေပြင်းတိုက်ခတ်မှုဖြစ်ခြင်းတို့ကြောင့် ဖရဲခင်းပျက်စီးခဲ့ရမှု၊ သရက်သီးများ ကြွေကျပျက်စီးရမှုတို့သည် တောင်သူတို့အတွက် လွန်စွာထိခိုက်ဆုံးရှုံးနစ်နာမှုများ ဖြစ်ခဲ့ရသည်။

ရောဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့တွင် စပါးခင်းများကို ရွှေခရုများကိုက်ဖြတ်မှုကြောင့် လည်းကောင်း၊ ဒေသအတော်များများ၌ လယ်ပုစွန်များ ညှပ်ဖြတ်ဖျက်ဆီးမှုကြောင့် စပါးအထွက်လျော့နည်းမှုများသည်လည်းကောင်း စိုက်ပျိုးရေးသမားတို့အတွက် နစ်နာမှုများစွာဖြစ်ခဲ့ရသည်။ ယင်းသို့ဖျက်ဆီးကြကုန်သော အန္တရာယ်များလှသည့် တိရစ္ဆာန်များထဲတွင် ကြွက်တို့၏ဘေးမှာ ထိတ်လန့်ဖွယ်ကောင်းလောက်အောင်ဖြစ်ပါသည်။ ပဲခင်း၊ စပါးခင်း၊ ပြောင်းခင်း၊ နေကြာခင်းတို့သာမက မီးဖိုချောင် သီးနှံများကိုပါ ဖျက်ဆီးစားသောက်ကြလေရာ တောင်သူတို့ အလွန်စိတ်ညစ်ရသည့် အန္တရာယ်များ ဖြစ်ရပါသည်။

အထက်ပါ ဘေးအန္တရာယ်မျိုးစုံတို့၏ရန်ကို ထိထိရောက်ရောက် ကာကွယ်နိုင်မှသာ တောင်သူတို့လည်းဝင်ငွေတိုး နိုင်ငံသားတို့လည်း ချောင်လည်ပါလိမ့်မည်။

သဘာဝဘေးဟူသည် တားဆီးရန် လွယ်လှသည် မဟုတ်သော်လည်း တတ်အားသမျှကြိုးစားကာကွယ်ကြရန် လိုပါမည်။ စိုက်ခင်းများတွင် လေကာပင်များ စိုက်ပျိုးပေးခြင်း၊ လိုအပ်သလို တမံတုတ်ခြင်း၊ လယ်ကြားမြောင်းများဖော်ခြင်း စသည်တို့ဖြင့် လေပြင်းနှင့် ရေကြီးနစ်မြုပ်မှုကို အတော်အသင့်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

ပိုးမွှားအန္တရာယ်အတွက် သဘာဝနည်း၊ ဓာတုနည်းတို့ဖြင့် ကာကွယ်ဆေးကုသဆေးများပေါ်ပေါက်နေပြီဖြစ်ရာ သက်ဆိုင်ရာက အမှန်အကန်ဖြစ်အောင် စိစစ်ပေးခြင်း၊ သုံးစွဲရာတွင် စနစ်တကျဖြစ်အောင် ပညာပေးခြင်း၊ ကူညီထိန်းကွပ်ပေးခြင်းတို့ဖြင့် သက်သာအောင် ဆောင်ရွက်နိုင်မည်ဟုမြင်ပါသည်။

တိရစ္ဆာန်တို့၏ အန္တရာယ်များအတွက်မူ ကြိုတင်ကာကွယ်နိုင်မည့် နည်းလမ်းစုံကို ပြင်ဆင်စီမံသင့်ပါသည်။ သက်ဆိုင်ရာတို့က ကူညီပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ပညာပေးခြင်းတို့လိုအပ်ပါမည်။ ကြွက်များခိုအောင်းနိုင်သည့် ချုံများ၊ ရိုးပြတ်များကို ရှင်းလင်းခြင်း၊ ဆေးဝါးများ၏အကူအညီဖြင့်ဖြစ်စေ၊ လူအားဖြင့်ဖြစ်စေ ရှာဖွေရှင်းလင်းခြင်း၊ ကြွက်နှင့် အဖျက်တိရစ္ဆာန်များကို သဘာဝအားဖြင့် ရှင်းလင်းပေးသည့် လင်ကောင်ပိုးငှက်များ၊ လင်းမြွေများ စသည်တို့ကို သီးနှံကွင်းများတွင် ကျက်စားစေခြင်းတို့က ထိရောက်သော ကာကွယ်မှုများဖြစ်ပါမည်။ လင်းမြွေများကို အစုအဝေးနှင့် သတ်ဖြတ်စားသုံးခြင်း၊ ပြည်ပသို့ တရားမဝင်ပို့ခြင်း၊ လင်ကောင်ပိုးလိုငှက်များကို ငှက်ဆိုးအဖြစ် အယူသီးကာသတ်ဖြတ်ကြခြင်းတို့ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးခြင်းဖြင့် ကြွက်နှင့် အချို့သော တိရစ္ဆာန်တို့၏ အန္တရာယ်များက ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

စိုက်ပျိုးသီးနှံထွက်ရေးကို အန္တရာယ်ပြုနေသည့် ဘေးအမျိုးမျိုးကို ရင်ဆိုင်နေရသည့် အခြေအနေတွင် ကြိုတင်ကာကွယ်ရေးနည်းစနစ်များကို သက်ဆိုင်ရာက စနစ်တကျပြင်ဆင်ခြင်း၊ စီမံခန့်ခွဲကူညီပေးခြင်းတို့ဖြင့် တောင်သူများ၏ အထွေထွေအခက်အခဲများ ကျော်လွှားနိုင်မည်၊ နိုင်ငံ့ဝင်ငွေတိုးရေးကိုလည်း အားဖြည့်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်း၊ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း၊ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများဥပဒေကြမ်းနှင့် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် အစည်းအဝေးများကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်းဆောင်ရွက်မှု ထူးချွန်ကျေးရွာများအား ထပ်ဆောင်းဆုကြေးငွေပေးအပ်

**နေပြည်တော် မေ ၂၂**

မြန်မာ - ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု အစီအစဉ်အရ မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းကို ကျေးရွာ ၁၁၀ ၌ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းတတိယနှစ်၏ဆောင်ရွက်မှုထူးချွန် ကျေးရွာများအား ထပ်ဆောင်းဆုကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာ SMU ခန်းမ၌ပြုလုပ်ရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ SMU စီမံကိန်းဒါရိုက်တာ ဦးအေးကိုကိုနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ စီမံကိန်းဝင်ကျေးရွာများမှ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က SMU စိတ်ဓာတ်အခြေခံပြီး စုစည်းညီညွတ်စွာ အားထုတ်ကြိုးပမ်းခဲ့မှုများကြောင့် ရရှိထားသည့်အောင်မြင်မှုများကို ရေရှည်ထိန်းသိမ်းနိုင်ရန်နှင့် စံပြကျေးရွာများအဖြစ် စံနမူနာကောင်းများ ပြသမျှဝေပေးခြင်းဖြင့် ကျေးရွာများအားလုံး ဖွံ့ဖြိုးသာယာလာစေရန် ဆက်လက်ကြိုးပမ်းသွားကြစေလိုကြောင်း၊ စီမံကိန်း၏အကျိုးကျေးဇူးများအဖြစ် လူနေမှုစနစ်တိုးတက်လာခြင်း၊ ဝင်ငွေတိုးပွားလာခြင်း၊ ကျေးရွာသူကျေးရွာသားများ၏ ရုပ်ပိုင်းစိတ်ပိုင်းဖွံ့ဖြိုးလာခြင်း စသည့်ရလဒ်ကောင်းများအတွက် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် SMU စီမံကိန်းဒါရိုက်တာ ဦးအေးကိုကိုက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း တတိယနှစ်၏ ဆောင်ရွက်မှုထူးချွန်ကျေးရွာဆုရစ်ပြရွာ ၄၀ အတွက် ထပ်ဆောင်းဆုကြေးငွေစုစုပေါင်း ၅၁၈ သန်းကျော်ကို နေပြည်တော် ကောင်စီဝင်**(အောက်ဝဲပုံ)** ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာခေါင်းဆောင်များက လက်ခံရယူကြသည်။



"အခုပေးအပ်လိုက်တဲ့ ဆုကြေးငွေတွေနဲ့ ဝင်ငွေတိုးလုပ်ငန်းတွေကတစ်ဆင့် ထည့်ဝင်ထားတဲ့ရန်ပုံငွေတွေကို ကျေးရွာခေါင်းဆောင်တွေနဲ့ ကျေးရွာသားတွေ ကိုယ်တိုင်ထိန်းသိမ်းကိုင်တွယ်ခြင်း၊ စီမံခန့်ခွဲခြင်းတွေ ဆောင်ရွက်နေကြပါတယ်။ စီမံကိန်းပြီးဆုံးတဲ့ နောက်ပိုင်းကာလတွေမှာ ကိုယ့်ရန်ပုံငွေနဲ့ကိုယ်ရပ်တည်ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်နိုင်အောင် ရန်ပုံငွေထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပေးနေသလို တစ်ဖက်မှာလည်း ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းတွေနဲ့ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတွေ ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ကြစေဖို့ နေပြည်တော်ရေဆင်းမှာရှိတဲ့ AERDTC သင်တန်းကျောင်းမှာ သင်တန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါတယ်" ဟု စီမံကိန်းဒါရိုက်တာ ဦးအေးကိုကိုက ပြောသည်။

အဆိုပါ စီမံကိန်းအနေဖြင့် ရုပ်ပိုင်းဆိုင်ရာထောက်ပံ့မှုအပြင် ကျေးရွာသူ ကျေးရွာသားများ၏ အောင်မြင်တိုးတက်လိုသောစိတ်၊ မိမိကိုယ်ကိုယ်အားကိုးယုံကြည်စေသောစိတ်နှင့် စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများကို ပျိုးထောင်ပေးခြင်းဖြစ်ရာ စီမံကိန်းဝင်ကျေးရွာများအားလုံးရှိ ကျေးရွာသူ ကျေးရွာသားများ၏ ယုံကြည်စွာပူးပေါင်းဆောင်ရွက်မှု၊ စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများ၏ စီမံကိန်းအကောင်အထည်ဖော်ရာတွင် တက်ကြွစွာကြိုးပမ်းခဲ့မှုတို့ကြောင့် စီမံကိန်း၏ရည်မှန်းချက်များ ရာနှုန်းပြည့်အောင်မြင်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး**

## မသန်စွမ်းလူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်းဖွင့်

**မရမ်းကုန်း မေ ၂၂**

မသန်စွမ်းမှုအမျိုးမျိုးခံစားနေရသော်လည်း အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုကျွမ်းကျင်တတ်မြောက်ကာ ဝင်ငွေရရှိနိုင်ရေး၊အမှီအခိုကင်းစွာဘဝရပ်တည်နိုင်ရေး မျှော်တွေးလျက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးဝင်းရှိ ICT Training Center တွင် မသန်စွမ်း လူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၃)အား ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲ၌ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဒေါက်တာကေသီကျော်က အမှာစကားပြောကြားပြီး **(ယာပုံ)**သင်တန်းသို့ အကြားအာရုံမသန်စွမ်းသူ ကိုးဦး၊ ဉာဏ်ရည်မသန်စွမ်းသူ လေးဦးနှင့် ကိုယ်ခန္ဓာမသန်စွမ်းသူငါးဦး စုစုပေါင်း ၁၈ ဦး တက်ရောက်ကြကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး **H.E. Mr. Heuangseng Khamdalavong** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Heuangseng Khamdalavong အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-လာအို ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေးနှင့် လူမှု-ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေး ကိစ္စရပ်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်၌ အပြန်အလှန် ထောက်ခံပေးသွားရန်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Tim Enderlin နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး **H.E. Mr. Tim Enderlin** နှင့်အဖွဲ့အား တွေ့ဆုံစဉ်။ သတင်းစဉ်

တွေ့ဆုံစဉ် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆွစ်ဇာလန်နိုင်ငံ Swiss Agency for Development and Cooperation (SDC) တို့ပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄ သန်းဖြင့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းတံတားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အခြေအနေ။

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် SWISSAID တို့ ပူးပေါင်း၍ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၃ သန်းဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို Substainable Development ဖြစ်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေ။

SWISSAID နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၀၃ သန်းဖြင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်များတွင် ရေရှည်တည်တံ့သော ဘက်စုံနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို Memorandum of Understanding (MoU) လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆွစ်ဇာလန်နိုင်ငံအနေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသရှိ လူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ

**စစ်တွေ မေ ၂၂**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Fillippo Grandi အား ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရနှင့် UNHCR , UNDP တို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် သက်တမ်းတိုးမြှင့်ရေး၊ နေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေး၊ NVC ကတ်ကိုင်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကျယ်ပြန့်စွာသိရှိနိုင်ရေး၊ တိုက်ပွဲရှောင်ပြည်သူများအရေးနှင့် IDP စခန်းများ ပိတ်သိမ်းနိုင်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Fillippo Grandi သည် စစ်တွေမြို့နယ်အတွင်းရှိ ဆေးသမားကြီး IDP စခန်းနှင့် ခေါင်းဒုက္ကာ (၂) IDP စခန်းတို့သို့ သွားရောက်လေ့လာကြည့်ရှုသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်



တိုင်းဒေသကြီး ဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း



UMFCCI
ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်

❄ ကျော့ဖုံးမှ

ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မိုဘိုင်းလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်း**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကား ပြောကြားရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ယခုတွေ့ဆုံပွဲသည် (၂၇)ကြိမ်မြောက် ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲအထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက်အားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ပြန်ကြားချက်များတွင် လုံးဝပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်များ ရှိသကဲ့သို့ တချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပါကြောင်း။

တချို့ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ၍ ဆွေးနွေးပွဲ (Public-Private Dialogue) များ ပြုလုပ်ကာ ပြီးပြတ်သည်အထိ အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီး**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ကုန်သွယ်ရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင် တည်ရှိပြီး နှစ်စဉ်ကုန်သွယ်မှုပမာဏ တိုးတက်အောင် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများမှ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (မေလ ၃ ရက်အထိ) ကိန်းဂဏန်းများအရ ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၉၁ ဘီလီယံအထိရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၂၃ ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆိုပါကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၉၁ ဘီလီယံတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၀၇၃ ဘီလီယံ ပါဝင်သည့်အတွက် ၈၄ ရာခိုင်နှုန်းအထိ ပါဝင်ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ပါကိစ္စရပ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမ အကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် မေ ၂ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက်စေရေး လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးခဲ့ပါကြောင်း။

**အထူးအဖွဲ့များ ဖွဲ့စည်း**

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် ဧပြီလအထိ ဖမ်းဆီးအရေးယူမှု ၅၁၂ ကြိမ်၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၉ ဒသမ ၁၁၃ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုကိုသာမက ကုန်သွယ်ရေးကဏ္ဍကိုလည်း မြှင့်တင်ပေးရမည် ဖြစ်ပါကြောင်း၊ အဆိုပါအချက်ကို အခြေပြုပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကုန်သွယ်ရေးကို အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၁၉ ခုနှစ် မတ်လအထိ ခွင့်ပြုပြီး မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအရေအတွက်သည် ၁၅၄၉ ခု ရှိသည်ကို တွေ့ရှိရပါကြောင်း။

**ခေတ်နှင့်လျော်ညီသည့် ဥပဒေပြဋ္ဌာန်း**

ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းပြီး ခေတ်နှင့်လျော်ညီသည့် ဥပဒေပြဋ္ဌာန်းခြင်း၊ လုပ်ထုံးလုပ်နည်းပိုင်း ဆိုင်ရာများတွင် ဖြေလျှော့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး တစ်ဖက်တွင်လည်း ၎င်းတို့ကို သိရှိနားလည်စေရန်အတွက် အစိုးရနှင့် ပုဂ္ဂလိကနှစ်ဖက်စလုံးအတွက် အလုပ်ရုံဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပါကြောင်း။

**ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်း**

ရင်းနှီးမြှုပ်နှံမှုတစ်ခုတွင်နိုင်ငံ၏ စီးပွားရေး၊ ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ သုံးမျိုးလုံးအပေါ် ကောင်းမွန်သည့် သက်ရောက်မှုရှိမှသာလျှင် ပြည့်စုံပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုဟု ခေါ်ဆိုနိုင်မည်ဖြစ်ပါကြောင်း၊ ယခုလို သုံးမျိုးသုံးဖလှယ် ပြည့်စုံသည့် ရင်းနှီးမြှုပ်နှံမှုများ ရရှိလာအောင် အစိုးရဘက်မှ ကြိုးစားနေသကဲ့သို့ လုပ်ငန်းရှင်များဘက်ကလည်း မိမိတို့လုပ်ငန်းမှ နိုင်ငံ၏ စီးပွားရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေနှင့် လူမှုစီးပွားဘဝတို့အပေါ် ကောင်းမွန်သည့် သက်ရောက်မှုများ ရှိလာနိုင်စေရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အသင်းအဖွဲ့များအနေဖြင့် ဆွေးနွေးမည့် ကဏ္ဍများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်လာကြသည့်အတွက် မိမိတို့အသင်းအဖွဲ့များ၏ တွေ့ကြုံနေရသော အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြီးစီးမှုအခြေအနေ၊ ပို့ကုန်များပိုမိုတင်ပို့နိုင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ပနိုင်ငံများသို့ ပဲနှင့်ဆန်များ တင်ပို့ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပပြီးစီးမှုအခြေအနေ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စက်မှုဇုန်များ အဆင့်မြှင့်တင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေနှင့် ပို့ကုန်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနေသူရိန်၊ မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် မြန်မာနိုင်ငံ မိုဘိုင်းလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်ဆန်းဦးတို့က သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကြုံတွေ့နေရသည့် အခက်အခဲများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

အကြံပြုတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

ယင်းနောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၂**

တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

**လက်မှတ်ရေးထိုး**

အစည်းအဝေးတွင် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ တိုက်ရိုက်လေကြောင်းပျံသန်းပြေးဆွဲရေး၊ နှစ်နိုင်ငံအကြား မူးယစ်ဆေးဝါးနှင့် ဆက်စပ်ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုနှင့် အလွဲသုံးမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေး၊ နှစ်ဖက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ခရီးသွားလုပ်ငန်း အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးနှင့် အပြန်အလှန် အကူအညီပေးရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ဝန်ကြီးနှစ်ဦးသည် တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။



**တတိယအကြိမ်မြောက် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံတို့အကြား လေကြောင်းပို့ဆောင်ရေးသဘောတူစာချုပ်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး Mr. Eduardo E. Kapunan, Jr. တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**ပြန်လည်ထွက်ခွာ**

ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Teodoro L. Locsin, Jr. နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ကိုက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး နေပြည်တော်ကောင်စီနယ်မြေ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့သည်မှာ ယခုဆိုလျှင် လေးလကျော်ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ပြည်သူများလိုလားသည့် နိုင်ငံရေးစနစ်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် ဌာန၏ မျှော်မှန်းချက် (Vision)၊ လုပ်ငန်းတာဝန်(Mission) လေးရပ်နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် သုံးရပ်ကိုလည်း ချမှတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ပထမ သုံးလတာကာလတွင် အသွင်သဏ္ဌာန်ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒုတိယ သုံးလတာကာလတွင် ဆက်လက်ဆောင်ရွက်မည့် အနှစ်သာရပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြလမ်းညွှန်မှုခံယူခဲ့ပြီးဖြစ်ပါကြောင်း။

### ဝန်ထမ်းများဖြင့် ဖွဲ့စည်းသွားမည်

၂၀၁၉ ခုနှစ် မေ ၉ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး (၉/၂၀၁၉) ဆုံးဖြတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ပြင်ဆင်ဖွဲ့စည်းထားသည့် ဝန်ကြီးရုံးဖွဲ့စည်းပုံကိုလည်း အတည်ပြုခွင့်ပြုချက်ရရှိပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးရုံးအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit) (CPU) ဖွဲ့စည်းရန်နှင့် ကာကွယ်တားဆီးရေး စီမံချက် ရေးဆွဲဆောင်ရွက်သွားရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဝန်ကြီးဌာနအဆင့် Regulatory Review Unit ကို ဝန်ကြီးဌာန အကြံပေးအဖွဲ့ဝင် နှစ်ဦး၊ ဝန်ကြီးရုံးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဝန်ထမ်းများဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး ဝန်ထမ်းလက်စွဲများ၊ ဝန်ထမ်းကျင့်ဝတ်များ ပြန်လည်ရေးဆွဲရန်နှင့် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ပြင်ဆင်နိုင်ရန်အတွက်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ အတည်ပြုပြင်ဆင်ပြီးဖြစ်သည့် ဝန်ကြီးဌာနဖွဲ့စည်းပုံအရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း (Institute of Development Administration-IDA) ကိုလည်း ဖွဲ့စည်းပုံတိုးချဲ့ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါသင်တန်းကျောင်းကို အဆင့်မြှင့်တင်ရန် သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများကို ခေတ်စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်ပြီး အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်သွားနိုင်ရန်အတွက်လည်း ဝန်ကြီးဌာန အကြံပေးအဖွဲ့၏ အကြံဉာဏ်များနှင့်အတူ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ ထွေအုပ်ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေး၊ ပြောင်းရွှေ့ရေးစသည့် လူသားအရင်းအမြစ်များကို စီမံခန့်ခွဲသည့်စနစ်ကိုလည်း ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်နှင့် မျှမျှတတဖြစ်စေရန်အတွက် မူဝါဒရေးဆွဲဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိပါကြောင်း။

ယနေ့ တွေ့ဆုံပွဲတွင် မိမိအနေဖြင့် အထူးမှာကြားလိုသည့် အချက် နှစ်ချက်ရှိပါကြောင်း၊ ပထမအချက်သည် မိမိတို့နိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများက မဲစာရင်းပြုစုရာတွင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့်အတူ ဆောင်ရွက်ပေးခဲ့ရပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအနေဖြင့် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်၊ မဲစာရင်းများ မှန်ကန်တိကျရန် လိုအပ်မည်ဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဝန်ထမ်းများအနေဖြင့် အသက် ၁၈ နှစ်နှင့်အထက်ရှိ လူဦးရေစာရင်းများ၊ အိမ်ထောင်စုစာရင်းများကို လက်ရှိအခြေအနေနှင့် မှန်ကန်ကိုက်ညီအောင် ပြုစုထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သို့မှသာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် မဲစာရင်းများ ကြိုတင်ပြုစုရန် လိုအပ်လာသည့်အခါတွင် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ပြုစုထားသည့် စာရင်းများကို အခြေခံပြီး မှန်ကန်ပြည့်စုံသည့် မဲစာရင်းကို ပြုစုနိုင်မည် ဖြစ်ပါကြောင်း။

### အဓိကတာဝန်ပေးထားပြီးဖြစ်

ဒုတိယအချက်အနေဖြင့် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်မှုအရ ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာ အစရှိသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်ကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာတွင် ဝန်ထမ်းဖွဲ့စည်းပုံခိုင်မာမှုရှိသည့် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို အဓိကတာဝန်ပေးထားပြီးဖြစ်ပါကြောင်း။

နေပြည်တော်၊ တိုင်းဒေသကြီး ပြည်နယ်အုပ်ချုပ်ရေးမှူးများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြေ/စစ်ကော်မတီ အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ ခရိုင်မြေ/စစ်ကော်မတီများတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖြစ်လည်းကောင်း၊ မြို့နယ်မြေ/စစ်ကော်မတီများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယအုပ်ချုပ်ရေးမှူးများကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအဖြစ်လည်းကောင်း တာဝန်ပေးအပ်ထားသည့်အတွက် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ဌာန၏ မူလလုပ်ငန်းတာဝန်များအပြင် နိုင်ငံတော်နှင့် မြေ/စစ်ဗဟိုကော်မတီက ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကိုလည်း ချမှတ်ထားသည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြန်မြန်ဆန်ဆန် ဖြေရှင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း။

မြေ/စစ်ဗဟိုကော်မတီက ပေးပို့သည့်စာရင်းအရ နေပြည်တော်မြေ/စစ်ကော်မတီအနေဖြင့် တိုင်ကြားစာအမှုတွဲ ၃၅၄ တွဲအနက် မြေ/စစ်ဗဟိုသို့ တင်ပြပြီးအမှုတွဲ ၂၅၅ တွဲ၊ ဆောင်ရွက်ဆဲအမှုတွဲ ၁၀၉ တွဲနှင့် ပိတ်သိမ်းအမှုတွဲ ၂၀၀ တွဲဖြစ်သည့်အတွက် ပြီးစီးမှု ၇၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပါကြောင်း၊ လက်ကျန်အမှုတွဲများကိုလည်း အမြန်ဆုံး မှန်ကန်ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ပေးသွားရန်ကိုလည်း မိမိအနေဖြင့် တိုက်တွန်းလိုပါကြောင်း၊ ထို့အတူ စွန့်လွှတ်မြေများကို ပြန်လည်လွှဲပြောင်း ပေးအပ်ရန် ကျန်နေသည့် အမှုတွဲ နှစ်တွဲကိုလည်း အမြန်ဆုံး လက်ရောက်ပေးအပ်နိုင်အောင် ဆောင်ရွက်ပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### ပြုပြင်ပြောင်းလဲနိုင်အောင်ကြိုးစား

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးဖြစ်သည်နှင့်အညီ ပြည်သူကိုဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို စံနမူနာပြ ဆောင်ရွက်ပေးကြရန်၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာတည်ဆောက်ကြရန်၊ ပြည်သူနှင့် တွေ့ဆုံရန်၊ ပြည်သူအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးကြရန်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လိုက်နာပြီး ပြည်သူ့အပေါ် ဝန်ဆောင်မှုများအား ပိုမိုကောင်းမွန်အောင်၊ ပိုမိုထိရောက်အောင် လုပ်နည်းလုပ်ဟန်များကို ကောင်းမွန်စွာပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။** သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်နှင့် တွေ့ဆုံ



**နေပြည်တော် မေ ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာ စကော့ မာစီရယ်နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅) ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံစဉ် 5G နည်းပညာ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေမူဘောင် ရေးဆွဲရေးတို့တွင် နည်းပညာအတွေ့အကြုံများ ဖလှယ်ရေးနှင့် ICT ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆိပ်ကမ်းများ၏ စွမ်းဆောင်ရည် မြှင့်မားရေးအတွက် အကူအညီပေးရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Vision 2020 တွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၂

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် Vision 2020 တွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံစဉ် Vision 2020 အဖွဲ့အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရေး၊ မဲဆန္ဒရှင်စာရင်း ပြုစုခြင်း၊ မဲဆန္ဒရှင်အသိပညာပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲကုန်ကျစရိတ် တင်သွင်းခြင်း စသည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း Vision 2020 တွင် ပါဝင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများအား လက်ခံတွေ့ဆုံစဉ်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ညှိနှိုင်း

**နေပြည်တော် မေ ၂၂**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို ငါးနှစ် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ (၂၀၁၇-၂၀၂၁) ၏ တတိယနှစ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း အမေရိကန်နိုင်ငံက နှစ်စဉ်ထုတ်ပြန်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုသည် ၂၀၁၇ ခုနှစ်တွင် Tier 2 Watch list အဆင့်မှ ၂၀၁၈ ခုနှစ်တွင် အနိမ့်ဆုံးအဆင့်ဖြစ်သည့် Tier 3 အဆင့် သတ်မှတ်ခံခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ရှေးရှု၍ Tier 2 အဆင့်သို့ ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ အမေရိကန် TIP Report နှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများအား သက်ဆိုင်ရာဌာနအချင်းချင်း အသေးစိတ်ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန်၊ နိုင်ငံတကာတွင် မြန်မာနိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်သည့် အတိုင်းအတာအားလုံးကို သိရှိမြင်တွေ့နိုင်စေရေး အစွမ်းကုန်ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ဝိုင်းဝန်းအကြံပြုကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ၂၀၁၉ ခုနှစ် လုပ်ငန်းစီမံချက်ပါ လုပ်ငန်းအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးရဲမှူးချုပ် မြင့်ထူးက လူကုန်ကူးမှုတရားစွဲတင်နိုင်မှု၊ လူကုန်ကူးမှုပြစ်ဒဏ်ချမှတ်မှု၊ လူကုန်ကူးမှုများ တရားစွဲတင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များဖြစ်ကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လူကုန်ကူးခံရသူများအတွက် ပြန်လည်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးအစီအစဉ်များ၊ လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယရှေ့နေချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## ရေလှောင်တမံများအလိုက် အရေးပေါ်အခြေအနေအတွက် ကြိုတင်စီမံခန့်ခွဲမှုစီမံချက်များရေးဆွဲဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၂**

နိုင်ငံနှင့်အဝန်းတွင် တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေအတွက် ကြိုတင်စီမံခန့်ခွဲမှုစီမံချက်များ ရေးဆွဲဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက်နှင့် ၂၂ ရက်က ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရေလှောင်တမံများ နောင်ရေရှည်ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဌာနမှ ယခင်ကတည်းက သတ်မှတ်ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် ရေလှောင်တမံများ ဘေးကင်းလုံခြုံမှုဆိုင်ရာ သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲများ ပို့ချကျင်းပခဲ့ကြောင်း၊ ရရှိလာသည့် နည်းပညာဗဟုသုတများကိုအခြေခံကာ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေကို ထိခိုက်စေနိုင်သော အကြောင်းအရာများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ကျိုးပေါက်ပျက်စီးမှုမဖြစ်ပေါ်စေရေးနှင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးမှုမှ လျော့ပါးသက်သာစေရန်အတွက် တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက် ရေးဆွဲဆောင်ရွက်သွားကြရန် အထူးလိုအပ်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစဉ်များကိုလည်း ပတ်သက်ဆက်စပ်သည့် ဌာနဆိုင်ရာများနှင့် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း၍ စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသူများကလည်း အပြန်အလှန်ဆွေးနွေးကြသည်။

**မောင်မွှေး**

## ကော့သောင်းနယ်စပ်ဂိတ်မှ နေရပ်ပြန်မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်

**ကော့သောင်း မေ ၂၂**

ထိုင်းနိုင်ငံ တောင်ပိုင်းဒေသများတွင် သွားရောက် အလုပ်လုပ်ကိုင်ရင်း အကြောင်းအမျိုးမျိုးကြောင့် ထိုင်းနိုင်ငံ ဥပဒေအရ အရေးယူခံရပြီး ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် ပြစ်ဒဏ်မှ သက်သာခွင့်ရကြသူများဖြစ်သည့် မြန်မာအလုပ်သမား အမျိုးသား ၅၆ ဦး၊ အမျိုးသမီးသုံးဦးတို့ကို ယမန်နေ့က ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ရေလမ်းခရီးဖြင့် ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာကြသည်။

ဇင်းအလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ အလုပ်သမားသံအရာရှိ ဦးဇော်မင်းအောင်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကော့သောင်းမြို့ ဒေသအာဏာပိုင်များထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းဖြစ်ရာ နေရပ်ပြန်လာသည့် မြန်မာအလုပ်သမားများအား ခရိုင်အဆင့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ စိစစ်လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီဥက္ကဋ္ဌ၊ ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတာဝန်ရှိသူများက နွေးထွေးစွာ ကြိုဆိုလက်ခံကာ အစားအသောက်နှင့် လိုအပ်သည်များကို ကူညီပံ့ပိုးမှုပေးကြပြီး ပြည်သူ့ကျန်းမာရေးဌာနမှ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

လာရောက်လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများမှာ တနင်္သာရီ၊ ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ မွန်၊ ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင် နေထိုင်ကြသည့် မြန်မာနိုင်ငံသားများဖြစ်ပြီး ၎င်းတို့ထံမှ ငွေကြေးတစ်စုံတစ်ရာ ကောက်ခံခြင်းမရှိဘဲ နေရပ်ပြန်နိုင်ရေး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေး၍ ၎င်းတို့နေရပ်များသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



နေရပ်ပြန်လာသည့် မြန်မာလုပ်သားများအား တွေ့ရစဉ်။

# ရှမ်းပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်သို့ တင်ပြလာပါက မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် မေ ၂၂**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ မူဝါဒလုပ်ငန်းစဉ် ဆောင်ရွက်ရန် အချက်များမှ တပ်မြေသိမ်းဆည်းမှုများနှင့် စပ်လျဉ်း၍ မူဝါဒ (၃)ရပ်၊ စွန့်လွှတ်ခြင်းမရှိသည့် သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်ရန် အချက်(၇)ချက်၊ သိမ်းဆည်းမြေများ၊ စွန့်လွှတ်မြေများဆိုင်ရာ လမ်းညွှန်ချက် (၈)ရပ်တို့နှင့် အညီ ပြန်လည်စိစစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ရှမ်းပြည်နယ် လားရှိုးခရိုင် သိန္နီမြို့နယ် ပိန်းဆာကျေးရွာအုပ်စုရှိ မြေဧရိယာ ၁၀၁ ဒသမ ၁၁ ဧကအား ကာကွယ်ရေး ဝန်ကြီးဌာန အမှတ်(၉၁၂) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းအမည်ဖြင့် နှစ်ရှည်သီးပင်၊



ဒုတိယဝန်ကြီး ဦးတင်မြင့် ရှင်းလင်းဖြေကြားစဉ်။



သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း မေးမြန်းစဉ်။

ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမှုအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီမှ ၁၉၉၇ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ နှစ် ၃၀ လုပ်ကိုင်ခွင့် ခွင့်ပြုချထားပေးခဲ့သည်ကို သိရှိရပါကြောင်း၊ အဆိုပါမြေဧရိယာအနက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ဖွင့်လှစ်ထားသည့် မြေနေရာ ၄ ဒသမ ၈၀ ဧကအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် ပြန်လည်အပ်နှံခဲ့မှုအပေါ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီမှ အပ်နှံခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကျန်မြေဧရိယာ ၉၆ ဒသမ ၃၀ ဧကတွင် အမှတ်(၉၁၂) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ရော်ဘာသီးနှံစိုက်ပျိုးထားကြောင်း၊ မြေဧရိယာ ၇ ဧကခန့်တွင် အိမ်ထောင်စု ၈ စုမှ နေအိမ်များဆောက်လုပ်ထားကြောင်းနှင့် တောင်သူ ၂၀ ဦးမှ ရာသီသီးနှံများ စိုက်ပျိုးထားကြောင်း စိစစ်တွေ့ရှိပါကြောင်း၊ ကာယကံရှင်များမှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအပါအဝင် သက်ဆိုင်ရာကော်မတီအဆင့်ဆင့်သို့ တင်ပြထားခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

## သိမ်းဆည်းမြေနှင့် သက်ဆိုင်ခြင်းမရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၇၊ ၁၈ နှင့်အညီ ဆောင်ရွက်ရမည်

တင်ပြပါမြေနေရာနှင့် ပတ်သက်၍ ကာယကံရှင်မှ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ(သို့မဟုတ်) သက်ဆိုင်ရာ ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီအဆင့်ဆင့်သို့ တင်ပြလာပါက ဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေနှင့် သက်ဆိုင်ခြင်းမရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပါက မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၇၊ ၁၈ နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျန်း၏ **ထန်တလန်မြို့နယ်တွင် တရားဝင်ခွင့်ပြုချက်ပေးကာ လုပ်ကိုင်စေသော ယစ်မျိုးလိုင်စင်ချထားပေးခြင်းများအား အပြီးတိုင်ပိတ်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ထန်တလန်မြို့တွင် ယခင် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ယစ်မျိုးဆိုင် သုံးဆိုင်ကို ခွင့်ပြုထားခဲ့ပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ယစ်မျိုးလိုင်စင်အသစ်များ ခွင့်ပြုချထားပေးခြင်းမရှိသော်လည်း ယစ်မျိုး လိုင်စင်ဟောင်းများအား ယစ်မျိုးလိုင်စင်စီ အမည်၊ တည်နေရာ၊ လိုင်စင်အမျိုးအစား ပြောင်း ဆောင်ရွက်ပေးခြင်းတို့ကို တည်ဆဲယစ်မျိုးအက်ဥပဒေ၊ ယစ်မျိုးနည်းဥပဒေ ၁၇၊ ၁၈၊ ၁၉ တို့နှင့်အညီ မြို့နယ်ယစ်မျိုးအကြံပေးအဖွဲ့များ၏ အစည်းအဝေး ဆုံးဖြတ်ချက်၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ သဘောထားထောက်ခံချက်များဖြင့် နှစ်စဉ်ယစ်မျိုးအစီအစဉ်အားရေးဆွဲ၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြ၍ ခွင့်ပြုချထားပေးခြင်း ဖြစ်ပါကြောင်း။

ထန်တလန်မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချခွင့်ပြုထားသော ယစ်မျိုးဆိုင် သုံးဆိုင် အား တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရောင်းချမှုရှိစေရေး၊ ယစ်မျိုး လိုင်စင်တွင်ပါရှိသည့် စည်းကမ်းချက်များ လိုက်နာမှုရှိစေရေးအတွက် မြို့နယ် ယစ်မျိုး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

အကြံပေးအဖွဲ့မှ အခါအားလျော်စွာ စိစစ်ကြပ်မတ်လျက်ရှိပြီး တရားမဝင်ယစ်မျိုး ရောင်းချမှုများမရှိစေရေးကိုလည်း ယစ်မျိုးစိစစ်ကြပ်မတ်ရေးအဖွဲ့တို့နှင့် ပူးပေါင်းပြီး ရှောင်တခင်စစ်ဆေး၍ တရားမဝင်ယစ်မျိုးလုပ်ငန်းများအား ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါကြောင်း၊ တရားမဝင်ရောင်းချသူများအား ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ ၃၇၊ ၃၈ ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းကို သိရှိရပါ ကြောင်း။

လိုင်စင်ရယစ်မျိုးဆိုင်များအနေဖြင့် အရက်များသယ်ဆောင်ရာတွင်လည်း ခရိုင် ကော်လိပ်တော်အရာရှိ၏ အရက်သယ်ဆောင်ခွင့်ပြုချက်လက်မှတ်ဖြင့် သယ်ဆောင် မှု ရှိ၊ မရှိ၊ ခွင့်ပြုချက်အတိုင်း သယ်ဆောင်မှုရှိ၊ မရှိ တို့ကို စနစ်တကျ အဖွဲ့ဖြင့် စိစစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့မိ၊ မြို့ဖများနှင့် ဘာသာရေးအသင်းအဖွဲ့များ၏ မေတ္တာရပ်ခံချက်အရ ဘာသာရေးနှင့်သက်ဆိုင်သည့် ပွဲလမ်းသဘင်ရှိသည့် နေ့ရက် များ၊ ချင်းအမျိုးသားနေ့နှင့် အခြားနေ့ကြီးရက်ကြီးများ၊ အပတ်စဉ် တနင်္ဂနွေနေ့များ တွင် ယစ်မျိုးရောင်းချမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ချင်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ်တွင် ပြည်ထဲရေးအမည်မပေါက်သေးသော ကျေးရွာများအား ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်** လှည်းကူး မဲဆန္ဒနယ်မှ ဦးသိန်းတန်၏ **လှည်းကူးမြို့နယ် ကျွန်းကုန်းကျေးရွာရှိ လယ်မြေ ၆၀၇ ဒသမ ၇၅ ဧကကို နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်လိုက်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့သည်မှာ (၂)နှစ်ခွဲကျော် ကြာမြင့်သည့်တိုင် ဆက်လက်စီမံခန့်ခွဲမှုမရှိသဖြင့် မည်သို့ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့် က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်၏ **ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ဒေသခံများ အဓိကအသုံးပြုနေသော ကနောင်မင်းသား ကြီးလမ်း၊ ဦးမြူလမ်း၊ အင်းဝလမ်း၊ မင်းရဲကျော်စွာလမ်းတို့မှာ ဆိုးရွားစွာ ပျက်စီးနေပါ သဖြင့် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ **လှိုင်မြို့နယ်ရှိ ဈေးများကို မြို့နယ်၏ လိုအပ်ချက်များ ထည့်သွင်း၍ BOT,PPP စနစ်များဖြင့် အဆင့်မြှင့်တင်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်မော်တော်ယာဉ်များ အတွက် မော်တော်ယာဉ်ရပ်နားစခန်းများ အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးညီထွန်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့် အချက် ၅၈ ချက်နှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ၅၅ ချက်တို့နှင့်စပ်လျဉ်း၍ အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါအချက်များနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

## မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မြန်မာ့ဆက်သွယ်ရေး ကော်ပိုရေးရှင်း ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည် အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့် အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းက **မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ခုနှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒလမ်းညွှန်မှုများဖြင့် ဆောင်ရွက် ရန် တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍသည် နိုင်ငံတိုင်းတွင် အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုကဏ္ဍ ကို မှန်ကန်ကောင်းမွန်သော စီမံခန့်ခွဲခြင်းပြုလုပ်နိုင်ပါက နိုင်ငံဖွံ့ဖြိုးမှုသည်လည်း လိုက်ပါလာမည်မလွဲပါကြောင်း။

ယခုအချိန်တွင် ကျောက်မီးသွေးဖြင့် လျှပ်စစ်ထုတ်လုပ်မှုကို ဦးစားပေးဆောင် ရွက်သင့်ပါကြောင်း၊ အားသာချက်များအနေဖြင့် ကျောက်မီးသွေးသည် ကမ္ဘာတွင် နှစ်ပေါင်းရာကျော်အထိ လုံလောက်စွာရှိခြင်း၊ ဈေးနှုန်းအတက်အကျဖြစ်မှု နည်းပါး ခြင်း၊ လိုအပ်သော Calorific Value အလိုက် လိုအပ်သလောက်ဝယ်ယူနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုများကို နည်းပညာမြင့်မားလာ၍ ထိန်းချုပ်လာနိုင်ခြင်း၊ ကျောက်မီးသွေးရောင်းချသည့်နိုင်ငံများမှာ ကမ္ဘာတွင် ပြန့်ကျဲနေသည့်အတွက် နိုင်ငံရေးလက်နက်အဖြစ် သုံးနိုင်မှုနည်းပါးခြင်းတို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် လျှပ်စစ် နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ခိုင်မာသည့် မူဝါဒချမှတ်လုပ်ဆောင်ရန်အကြံပြုလိုပါ ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပန်းပဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေက အဆိုအား လက်ခံဆွေးနွေး နိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း ၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေး ရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး



နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးညီထွန်း ရှင်းလင်းဖြေကြားစဉ်။



ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော် မေးမြန်းစဉ်။

လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း တင်သွင်းသည့် **စွန့်ပစ် ပစ္စည်းအမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းပပျောက် စေရန် နေ့စဉ်မီးရှို့နိုင်သော အမှိုက်တန် ၂၀၀၀ ကျော်ထွက်ရှိသော မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် အနည်းဆုံးတန် ၆၀ ထွက်ရှိသော တိုင်းနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်း တည်ဆောက်ခဲ့သည့် နေ့စဉ် အမှိုက်တန် ၆၀ ကို မီးရှို့၍ ထွက်ရှိလာသော အပူရှိန်ကို အသုံးပြုကာ လျှပ်စစ်ဓာတ်အား ၇၆၀ KW ထုတ်လုပ်သည့်စက်ရုံ (Waste to Energy Plant) နှင့် အမှိုက်မီးရှို့စက်(Furnace) တို့ကဲ့သို့သော စက်ရုံများကို ပိုမိုတိုးမြှင့်တည်ဆောက်ရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ်မှ ဗိုလ်မှူးအောင်ကျော်နှင်းက နိုင်ငံ၏ အမှိုက် သိမ်းစနစ်ကို ယခုထက်ပိုပြီး စနစ်တကျဖြစ်စေရေး ပြုပြင်ပြောင်းလဲရန် လိုအပ်ပါ ကြောင်း၊ အမှိုက်ခွန်ကောက်ခံခြင်းစနစ်ကို ပြောင်းလဲရန်လိုအပ်ပါက ရဲရဲဝံ့ဝံ့ပြောင်းလဲ သင့်ပါကြောင်း၊ မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသော Waste to Energy Plan များကို ဖော်ဆောင်သင့်ပါကြောင်း၊ မဖြစ်မနေ ရင်းနှီးမြှုပ်နှံလိုက်ရသည့် စက်ရုံတန်ဖိုး နှင့်ကိုက်ညီသော အကျိုးအမြတ် ပြန်လည်ရရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သင့်ပါ ကြောင်း၊ ပြည်သူလူထုအား စည်ပင်သာယာဥပဒေကို တိကျစွာလိုက်နာနိုင်စေရေး အသိပညာပေးသင့်ပါကြောင်း၊ လိုအပ်ပါက လူမှုရေးပြစ်ဒဏ်စနစ်များ ချမှတ်ကျင့်သုံး သင့်ပါကြောင်း၊ Waste to Energy မလုပ်မီ အဓိကကျသည့် လုပ်ငန်းစဉ်ဖြစ်သော (3 R) လုပ်ငန်းစဉ်များကို ယခုလုပ်ဆောင်နေသည်ထက် ပိုမိုတွန်းအားပေးလုပ်ဆောင် သင့်ပါကြောင်း။

ထို့နောက် အမှိုက်ကောက်သောလှုပ်ရှားမှုမျိုး လုပ်ဆောင်ခြင်းထက် စည်းကမ်းမဲ့ အမှိုက်မပစ်စေရန်၊ အမှိုက်စွန့်ပစ်မှုလျော့ကျစေရန် နည်းလမ်းများကို ကောင်းမွန်သော မူဝါဒများဖြင့် ထိန်းချုပ်ကာကွယ်လုပ်ဆောင်စေသင့်ပါကြောင်းနှင့် သန့်ရှင်းသာယာ လှပစိမ်းလန်းစိုပြည်သည့် အမှိုက်ကင်းစင်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်ပါ စေကြောင်း ထောက်ခံအကြံပြုဆွေးနွေးသည်။

ဆက်လက်၍ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် စွန့်ပစ်အမှိုက်များမှ စွမ်းအင်ထုတ်လုပ်သည့် စက်ရုံ (Waste to Energy Plant) နှင့် အမှိုက်မီးရှို့စက် (Furnaces) ထိုကဲ့သို့သော စက်ရုံများ ကို တည်ထောင်နိုင်ရန်အတွက် လုံလောက်သော အမှိုက်ထွက်ရှိမှု မရှိသေးသကဲ့သို့ ဘဏ္ဍာငွေသုံးစွဲရန်အခက်အခဲများကြောင့် လတ်တလောဆောင်ရွက်ရန် အစီအစဉ် မရှိသေးပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့တွင်းနှင့် စက်မှုဇုန်များမှ စွန့်ပစ်သည့် အမှိုက် များအား လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် ဂျပန်နိုင်ငံမှ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင် သာယာရေးအဖွဲ့ကွပ်ကဲမှုအောက်ရှိ ထားဝယ်မြို့တွင် တစ်နေ့လျှင် ပျမ်းမျှအမှိုက်တန် ချိန် ၆၀ ထွက်ရှိပြီး အဆိုပါ အမှိုက်များကို အမှိုက်စွန့်ပစ်သည့်နေရာတွင် ကျင်းတူး၍ စွန့်ပစ်ပြီး ထားဝယ်မြို့အတွင်းသဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းပပျောက်စေ ရေးအတွက်

*စာမျက်နှာ ၈ သို့*

# ရွှေနတ်တောင် ရေလှောင်တမံ စီမံကိန်းပြီးစီးပါက မော်လမြိုင်မြို့ပေါ်ရှိ ၂၉ ရပ်ကွက် အနက် ၁၇ ရပ်ကွက်ကို အတ္တရံမြစ်ရေဖြင့် သန့်ရှင်းသောရေ ပေးဝေနိုင်မည်

**နေပြည်တော်　မေ　၂၂**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး န၀မ နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ငါးဖားကျေးရွာအုပ်စု အင်းမကျေးရွာအနီး ပဆင - တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက်လမ်းပေါ်ရှိ အင်းမ တံတားအား သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဟင်္သာတမြို့နယ် ငါးဖားကျေးရွာအုပ်စုအတွင်းရှိ တလုတ္တော် - ထိန်ကုန်းကျော် - ငါးဖား - ကျီးတောကွက်လမ်းပေါ်ရှိ အင်းမတံတားသည် ပျက်စီး ယိုယွင်းနေသဖြင့် သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ကြောင့် အင်းမတံတားကို ၂၀၁၉ - ၂၀၂၀ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် တံတားတည်ဆောက်ရန် ရန်ပုံငွေ လျာထားပြီး ဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိပါက သံကူကွန်ကရစ်တံတားအဖြစ် အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးကျော်လင်း
ဖြေကြားစဉ်။



ဧရာဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ် (၄)မှ ဦးထိန်ဝင်း
မေးမြန်းစဉ်။

## ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန်လမ်းသည် လမ်းအဆင့် သတ်မှတ်ချက်အရ Class (B) ဦးစားပေး အဆင့် (၁) တွင် ပါဝင်သည့်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာငွေတွင် ထည့်သွင်းလျာထား၍ ကွန်ကရစ်လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကရင်ဝင်းစိန် - ဝဲကူး - တော်ပွန်လမ်းပိုင်းအား ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေသားချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ကရင်ဝင်းစိန် - ဝဲကူး- တော်ပွန်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (B) ဦးစားပေး အဆင့် (၁) တွင် ပါဝင်သည့်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ငွေတွင် ထည့်သွင်းလျာထား၍ ကွန်ကရစ်လမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်နွယ်နွယ်အောင်၏ **မွန်ပြည်နယ် မော်လမြိုင်မြို့ ရေပေးဝေရေးအတွက် JICA (ODA Loan) နှင့် ADB ချေးငွေ တို့ဖြင့် ဆောင်ရွက်နေသည့် ရွှေနတ်တောင် ရေလှောင်တမံစီမံကိန်းမှ မြို့တွင်း ရေပေးဝေရေးလုပ်ငန်းမှာ မည်သည့်အဆင့်ရောက်ရှိနေပြီး မည်သည့်အချိန်တွင်**



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**ပြည်သူများအတွက် သန့်ရှင်းရေရရှိရေး မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအရ (၂၀၁၈ - ၂၀၃၀) တွင် ပါဝင်သော မဟာဗျူဟာ တစ်ရပ်ဖြစ်သည့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် လုံခြုံစိတ်ချ၍ သာတူညီမျှမှုရှိသော သောက်သုံးရေရရှိစေရေး ရည်မှန်းချက်နှင့်အညီ မော်လမြိုင်မြို့ ရေပေးရေးအတွက် ရေအရင်းအမြစ်လုံလောက်သည့် အတ္တရံမြစ်ရေမှာ ရေသန့်စင်မှု မရှိသေးသည့်အတွက် ရေသန့်စင်မှုစနစ်ပါဝင်သော တိုးချဲ့ရေပေးရေးကို ဆောင်ရွက်ရန် စီမံကိန်းကုန်ကျငွေ ၈ ဒသမ ၅ဘီလီယံ ကို ၂၀၁၈ - ၂၀၁၉ဘဏ္ဍာရေး နှစ် ဖြည့်စွက်ရန်ပုံငွေ၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတို့တွင် ဆောင်ရွက်သွား ရန် စီမံထားပါကြောင်း၊ ၎င်းစီမံကိန်းပြီးစီးပါက မော်လမြိုင်မြို့ပေါ်ရှိ ၂၉ ရပ်ကွက် အနက် ၁၇ ရပ်ကွက်ကို အတ္တရံမြစ်ရေဖြင့် သန့်ရှင်းသော ရေပေးဝေနိုင်မည် ဖြစ်ပါ ကြောင်း ဖြေကြားသည်။


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်) ၏ **မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိုးချည်စီမံကိန်းခြံ၏ မြေ ဧရိယာ ၁၁၂ ဧကကို ပုဂ္ဂလိကလုပ်ငန်းရှင်တို့အား ငှားရမ်းခဲ့ပြီး ငှားရမ်းခြင်းစာချုပ် ပျက်ပြယ်စေသည့် ချိုးဖောက်ချက်များအရ ဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူ၍ စက်မှု သီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ပိုးချည်လုပ်ငန်းအား ပြန်လည်ဖော်ထုတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က မန္တလေး တိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပိုးချည်စီမံကိန်းခြံ၏ မြေဧရိယာ ၁၁၂ ဧကကို ငှားရမ်းထားသည့် KMA Co.,Ltd. အနေဖြင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်ဆင့်ငှားရမ်းထားခြင်းမရှိဘဲ စာချုပ်ပါစည်းကမ်းအတိုင်း လက်ရှိအနေအထားတွင် လိုက်နာဆောင်ရွက် လုပ်ကိုင်လျက်ရှိပါကြောင်းနှင့် စာချုပ်နှင့်အညီ စီမံအကောင် အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက်လည်း ဝန်ကြီးဌာနမှ ကြီးကြပ်ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်ကျော်ဇံ၏ **ရခိုင် ပြည်နယ် ဘူးသီးတောင်မြို့နယ် အထက်ကျွဲချိုမော်အုပ်စု၊ ကျွဲရိုင်းခတ်အုပ်စု၊ ဒုပြင်ရှည်အုပ်စု၊ လှမ်းပြင်အုပ်စု၊ ပအိုးသည်မအုပ်စု၊ ဒုအိုးသည်မအုပ်စု၊ ပေါက်တော ကျေးရွာအုပ်စုများရှိ ကျေးရွာများအတွက် လမ်းဦးစားပေးအဆင့်သတ်မှတ်ကာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် နှာဟရိန်မြို့မှ ခွါဟရန် - လေပီး - ခွာသွားနှင့် ရေဇွာမြို့ - ဂန့်ဂေါ လမ်းဆုံနေရာအထိ ၂၃ မိုင်အား ပြည်ထောင်စုလမ်းမကြီး သို့မဟုတ် ပြည်နယ်လမ်းမကြီးအဖြစ် သတ်မှတ်ပေးရန်နှင့် ပေ ၃၀ အကျယ် လမ်းတာချဲ့ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **ချင်းပြည်နယ် ကလေး - ဖလမ်းလမ်းပေါ်ရှိ ထင်းရှူးစခန်းမှ ဘွာလ်ခွါး - ဘဲလွေ - ဆွောင်းဒို- ငါမွာလ် - မွှန်ပီး - ဇောလ်နိုး - ဇောင်ကောင်းလမ်းအား လမ်းတာချဲ့ခြင်းနှင့် လိုအပ်သောနေရာများတွင် တံတားနှင့် ရေပြွန်များ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၏ **မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ဆိတ္တိန်း - ကမ်းဖြူ - ငှါသရောက်မြို့ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်သို့ ဘဏ္ဍာရေးနှစ်အလိုက် ပိုင်း၍ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဒေါ်မမလေး၏ **ရှမ်းပြည်နယ် တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် စိုက်ပျိုးသီးနှံထွက် ကုန်များအား ဓာတ်ခွဲစမ်းသပ်ရန် ဓာတ်ခွဲခန်းတစ်ခု ခွင့်ပြုချထားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ **သမဝါယမ ပိုင်လုပ်ငန်း (၆)ခုမှ ယခင်ကနိုင်ငံတော်သို့ State Income ပေးသွင်းနေသော်လည်း ယခုအခါတွင် အသင်းဌာနများ အကျိုးရှိစေရန် အကြောင်းပြပြီး ပေးသွင်းခြင်းမပြု တော့သည့် ယင်းလုပ်ငန်း(၆)ခုအား စနစ်တကျထိန်းသိမ်းထားမှု ရှိ/မရှိနှင့် နှစ်စဉ် အကျိုးမည်မျှရှိသည်ကို သိရှိလိုခြင်း** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



ဒုတိယဝန်ကြီး
ဦးလှကျော်
ဖြေကြားစဉ်။



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ် (၃) မှ ဒေါက်တာကျော်သန်းထွန်း
မေးမြန်းစဉ်။

## ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေ ကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် အဆိုတင်သွင်းရာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် **၂၀၁၉ခုနှစ်၊ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း**သည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ လှမော်**

---

*စာမျက်နှာ ၇ မှ*
ဦးထွန်းဝေ(ပုဂ္ဂလိကအဖွဲ့အစည်း)မှ စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ နေ့စဉ် ထွက်ရှိသော စွန့်ပစ်အမှိုက်များဖြစ်သည့် ပလတ်စတစ်၊ သံထည်ပစ္စည်း၊ ဘူးခွံ၊ ကတ် ထူပြား၊ စက္ကူများအား ဖိစက်အသုံးပြုကာ ဖိအားပေး၍ ဘေထုပ်များပြုလုပ်ကာ အမှိုက်လျှော့ချခြင်းပြုလျက်ရှိပါကြောင်း၊ ပလက်စတစ်အမှိုက်များအား မီးရှို့ဖျက်ဆီး နိုင်ရန်အတွက် လက်ရှိတွင် အမှိုက်မီးရှို့စက်ကဲ့သို့သော စက်ရုံ (အငယ်စား) တည်ဆောက် ၍ စမ်းသပ်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ ထွက်ရှိသော အမှိုက်များကို စုစည်း၍ စွန့်ပစ် ပစ္စည်းများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မည့်စီမံကိန်း Waste to Energy (WtE) ဆောင်ရွက်ရန် Finland နိုင်ငံအခြေစိုက် BIOKOSKI Limited နှင့် မွန်ပြည်နယ် အစိုးရအဖွဲ့တို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းကို ပြုလုပ်ပြီး ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီအနေဖြင့် တောင်ကြီးမြို့မှ ထွက်ရှိသော စွန့်ပစ်အမှိုက်တန်ချိန် ၇၅ တန်အား Organics Aisa Co.,Ltd. ပူးပေါင်းပါဝင်သော ရွှေပြည်စုံကုမ္ပဏီလီမိတက်တို့က စွန့်ပစ်အမှိုက်မှ လောင်စာထုတ်လုပ်ရောင်းချနိုင်ရေးအတွက် အကျိုးတူဆောင်ရွက်ရန် နားလည်မှု စာချွန်လွှာအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ လက်မှတ်ရေးထိုးခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုမဟာဗျူဟာ စီမံချက်အတိုင်း ဆောင်ရွက်လျက်ရှိပြီး Waste to Energy Plant ဆောင်ရွက်ရန် လေ့လာဆန်းစစ်မှု များပြုလုပ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြင်ဦးလွင်၊ ပုဂံ၊ ညောင်ဦးမြို့ ကျောက်ဆည်မြို့၊ ပျော်ဘွယ်မြို့စသည့် မြို့ကြီးများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက် မှုမရှိစေသည့် Semi Aerobic Landfill စနစ်အား ဂျပန်နည်းပညာဖြင့် စတင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြစ်သားမြို့တွင် ပြည်တွင်းတပ်ဆင်ထုတ်လုပ်သော အမှိုက်မီးရှို့စက်အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နေပြည်တော်နယ်နိမိတ်အတွင်း နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀ တန်ခန့် ကို ပုဗ္ဗသီရိမြို့နယ် အမှိုက်စုပုံနေရာ(၁)၊ လယ်ဝေးမြို့နယ်အမှိုက်စုပုံနေရာ(၂) နှင့် တပ်ကုန်းမြို့နယ် အမှိုက်စုပုံနေရာ(၃)တို့တွင် စွန့်ပစ်လျက်ရှိပါကြောင်း၊ အမှိုက်မှ မီးရှို့ ၍ ထွက်ရှိလာသော အပူရှိန်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရေး စက်ရုံ တည်ဆောက်ရန် မတည်ရင်းနှီးငွေ ကြီးမားခြင်း၊ လည်ပတ်လုပ်ဆောင်သည့် အချိန်တွင် လည်း ပြုပြင်ထိန်းသိမ်းစရိတ် ငွေကြေးစိုက်ထုတ်ရမှု များပြားခြင်းနှင့် Controlled Landfill စနစ်ဖြင့် အမှိုက်များစုပုံနိုင်ရန် မြေနေရာလုံလောက်မှုရှိနေသေးခြင်း တို့ကြောင့် အမှိုက်ခွဲခြားစက်၊ အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းတို့ကို ရေရှည်စီမံကိန်း ဖြင့်သာ ဆက်လက်၍ အဆင့်ဆင့်စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ရန်ကုန်၊ မန္တလေးနှင့် အမှိုက်စွန့်ပစ်ရန် နေရာခက်ခဲသော မြို့ကြီး များတွင် Waste to Energy Plant များ ထူထောင်ဆောင်ရွက်သင့်သော်လည်း အမှိုက်စွန့်ပစ်ရန် မြေနေရာရရှိနိုင်သောမြို့များတွင် ဘဏ္ဍာငွေကြေး အသုံးစရိတ် ထိန်းညှိနိုင်ရန် Controlled Landfill များ အသုံးပြုခြင်းသည် အချိန်အတိုင်းအတာ တစ်ခုအထိ သင့်လျော်နေမည်ဖြစ်ပါကြောင်း၊ ယခုအခါ ရန်ကုန်မြို့တွင် Waste to Energy Plant Pilot Project လျှော်ကားစက်ရုံတည်ထောင်ပြီး လည်ပတ်ဆောင်ရွက် နေခြင်း၊ လှိုင်သာယာ၊ ထိန်ပင်စွန့်ပစ်အမှိုက်ပုံတွင် တန်ချိန် ၁၀၀၀ ခန့်ကို Mechanical Biological Treatment နည်းစဉ်ဖြင့် ပိုလန်နိုင်ငံ၏ ODA အထောက်အပံ့ဖြင့် Feasibility Study လုပ်ဆောင်နေခြင်း၊ မန္တလေး၊ စစ်ကိုင်း၊ ထားဝယ်နှင့် မော်လမြိုင် မြို့တို့တွင် ဘဏ္ဍာရေးအခြေအနေနှင့်အညီ ရေရှည်စီမံကိန်းများ စနစ်တကျချမှတ်၍ Waste to Energy Plant များ တည်ဆောက်နိုင်ရေး၊ အမှိုက်များမီးရှို့ဖျက်ဆီးနိုင် ရေးတို့ကို အလေးထား၍ စီမံဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် အဆိုအား လွှတ်တော်မှ မှတ်တမ်းတင်ထားရှိ၍ စောင့်ကြည့်ပေးနိုင်ပါရန် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုရှင်၏ သဘော ထားရယူရာ အဆိုရှင်က မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်စောင့်ကြည့် ရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို မေ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော်  မေ ၂၂**

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်နှင့် မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများ အသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြိုးပမ်းဆောင်ရွက်**

အစည်းအဝေးတွင် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့အစည်းအဝေးသည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဥပဒေရေးဆွဲပြီးဖြစ်သည့်အတွက် နည်းဥပဒေဆက်လက်ပေါ်ထွက်ရေးကို အချိန်တိုတိုနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် တက်ရောက်လာကြသူများက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေကို တစ်ပိုဒ်ချင်း ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေ ရေးဆွဲရေး ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော်  မေ ၂၂**

ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ (၂/၂၀၁၉) အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ ကော်မတီအတွင်းရေးမှူး ပြန်လည်ထူထောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့်လုပ်ငန်းကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးမှ အဖွဲ့ဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။




ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ (၂/၂၀၁၉) အစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အစည်းအဝေးတွင် လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ကုလသမဂ္ဂဘက်မှ အဆိုပြုထားသည့် ကလေးသူငယ်များအား သေကျေထိခိုက်ဒဏ်ရာရစေခြင်းနှင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်းတို့အား အဆုံးသတ်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစီမံချက်(၂) ရပ်နှင့်မူကြမ်း (၂) ခုတို့ကို ပူးပေါင်းပြီး မူကြမ်း (၁) ခုအဖြစ် ဆောင်ရွက်ထားရှိပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အကြံပြုချက်များကိုလည်း ယခုလုပ်ငန်းစီမံချက် မူကြမ်းတွင် ဖြည့်စွက်ထည့်သွင်းထားပါကြောင်း၊ ထိုမူကြမ်း (၁) ခုအပေါ် ဖြည့်စွက်ဆွေးနွေး အကြံပြုကြစေလိုပါကြောင်း၊ National Compliant Mechanism ထူထောင်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်း၊ ယနေ့ဆွေးနွေးချက်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးစီးသော ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက လုပ်ငန်းစီမံချက် ရေးဆွဲရေးနှင့် ပတ်သက်၍ Core Group ဖွဲ့စည်းကာ National Plan of Action (အမျိုးသားအဆင့်လုပ်ငန်းစီမံချက်) နှင့် National Compliant Mechanism အား အမြန်ရေးဆွဲပြီး လာမည့်ဇွန်လအတွင်း ပြုလုပ်မည့် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး ကော်မတီ ဒုတိယအကြိမ် အစည်းအဝေးသို့ တင်ပြအတည်ပြုရယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို ပြုပြင်မွမ်းမံအဆင့်မြှင့်တင်မည်

**နေပြည်တော်  မေ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်း အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် ဩဂုတ် ၁ ရက်မှစတင်၍ အဆင့်မြှင့်တင်မွမ်းမံမည်ဖြစ်ပါသဖြင့် ဇာတ်ရုံငှားရမ်းသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များအား ဇွန် ၁ ရက်မှစတင်၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အမျိုးသားဇာတ်ရုံ (ရန်ကုန်) သည် ၁၉၈၅ ခုနှစ် မတ်လအတွင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်သမ္မတကြီး လီရှန်နင့်က မေတ္တာလက်ဆောင်ပေးအပ်ခဲ့ပြီး ၁၉၈၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့၍ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။

ယခုအခါ သက်တမ်းအားဖြင့် ၂၈ နှစ်တာကာလကြာမြင့်ပြီဖြစ်သည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အသံစနစ်များ အဆင့်မြှင့်တင်ခြင်း၊ ဇာတ်စင်သုံးမီးစနစ်များ အဆင့်မြှင့်တင်ခြင်း၊ Air Con; စနစ်များ အဆင့်မြှင့်တင်ခြင်း၊ ပွဲကြည့်ထိုင်ခုံများ အဆင့်မြှင့်တင်ခြင်း၊ အဆောက်အဦပိုင်းဆိုင်ရာအဆင့်မြှင့်တင်ခြင်း၊ အလိုအလျောက်မီးငြိမ်းသတ်စနစ် အဆင့်မြှင့်တင်ခြင်းနှင့် အခြားအထွေထွေ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး ပြုပြင်မွမ်းမံသည့်ကာလမှာ ခန့်မှန်းအားဖြင့် ၂ နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးအောင်မင်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော်  မေ ၂၂**

ပြည်သူ့လွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းသည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-3) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်သူ့ငွေစာရင်းကော်မတီ၏ လုပ်ငန်းစဉ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် မေ ၂၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် အလှူငွေများပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် သုဓမ္မသိင်္ဂီ ဒေါ်လယ်လယ်အောင်(ခ) Linda Hla (ခ) တေးသံရှင် ကြာညိုသွယ်က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀၀နှင့် ပရိယတ္တိစာအောင် ဆုငွေပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။ **သတင်းစဉ်**




အလှူရှင် သုဓမ္မသိင်္ဂီ ဒေါ်လယ်လယ်အောင်(ခ) Linda Hla (ခ) တေးသံရှင် ကြာညိုသွယ်က ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။

# တရုတ်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် မြန်မာနိုင်ငံသားများ ဝင်ငွေရရှိနေကြောင်းနှင့် Zero Budget Tour မဟုတ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ပြောကြား

**နေပြည်တော် မေ ၂၂**

တရုတ်ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရာတွင် ဟိုတယ်ငှားရမ်းခြင်း၊ စားသောက်ဆိုင်ငှားရမ်းခြင်း၊ ဧည့်လမ်းညွှန်ငှားရမ်းခြင်း၊ ကားငှားရမ်းခြင်း စသည့်ကိစ္စများ ဆောင်ရွက်ရသည့်အတွက် မြန်မာနိုင်ငံသားများ ဝင်ငွေရရှိနေကြောင်းနှင့် Zero Budget Tour မဟုတ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယမန်နေ့က ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် နိုင်ငံခြားခရီးသွားဧည့်သည် ဝင်ရောက်မှု တိုးတက်လာသည်ကို တွေ့ရကြောင်း၊ တရုတ်ခရီးသွားများသည် တရုတ်နိုင်ငံသားပိုင်ဟိုတယ်များတွင် တည်းခိုခြင်း၊ တရုတ်နိုင်ငံသားပိုင်စားသောက်ဆိုင်တွင် စားသောက်ခြင်းတို့ကြောင့် မြန်မာနိုင်ငံအတွက် Zero Budget Tour ဖြစ်နေကြောင်း၊ တရုတ်ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ခြင်းသည် မြန်မာနိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှု နည်းပါးသည်ဟု ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်နေကြောင်း မေးမြန်းချက်အပေါ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က "မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ Look East Policy ကို ကျင့်သုံးနေပါတယ်။ တရုတ် Market ကို ထိန်းဖို့အတွက် Border Pass ကို လုံးဝမပေးဘဲ Package Tour With Flight Only နဲ့ ကန့်သတ်ချက်ထားဖော်ဆောင်ခဲ့ပါတယ်။ ဖော် ဆောင်ခဲ့တဲ့အတိုင်း တရုတ်ခရီးသည်တွေ အများကြီးလာပါတယ်။ Package Tour ဟာ ထိန်းရတာလွယ်ကူအောင် လုပ်တာဖြစ်ပါတယ်။

"ခရီးသည်တွေ အများကြီးလာတဲ့အခါမှာ ဘယ်သူက ပို့ပေးသလဲ။ ဘယ်သူက လက်ခံသလဲ။ ဒါကို ထည့်ပြီးစဉ်းစားရပါမယ်။ ခရီးစဉ်တစ်ခုဖြစ်ပေါ်လာဖို့ဆိုတာ သူ့ဘာသာသူတော့ မလာပါဘူး။ တရုတ်တွေက ဟိုတယ်ကို ငှားတယ်၊ ဝယ်တယ်။ စားသောက်ဆိုင်ကို ငှားတယ်၊ ဝယ်တယ်။ ဧည့်လမ်းညွှန်ကို ငှားတယ်၊ ကားကို ငှားတယ်။ ဒီလိုငှားတယ်။ ဝယ်တယ်ဆိုကတည်းက မြန်မာနိုင်ငံသားတွေ ဝင်ငွေမရဘူးလား။ ဘယ်လိုလုပ်ပြီးတော့ Zero Budget ဖြစ်နိုင်မှာလဲ"ဟု ဖြေကြားခဲ့ခြင်းဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက "ငှားတဲ့အခါ ပိုက်ဆံနဲ့ မငှားရင် ဘာနဲ့ရမလဲ။ ဝယ်တဲ့အခါ ပိုက်ဆံနဲ့ပေးမဝယ်ရင် ဘယ်လိုရောင်းမလဲ။ "အ" ပြီးတော့ ရောင်းရင်၊ ငှားရင် တစ်ခါမှားမယ်။ နှစ်ခါမှားမယ်။ ဒါပေမယ့် သုံးခါတော့ ကျွန်တော်တို့ မမှားပါဘူး။ အချိန်တန်ရင် နွားပိန်ကန်လာပါလိမ့်မယ်။ စောင့်ကြည့်ပါ"ဟု ပြောကြားခဲ့သည်။

Look East Policy ကို ချမှတ်ဖော်ဆောင်ခြင်းကြောင့် တရုတ်ခရီးသွားဧည့်သည် အရေအတွက် ၃၇ ရာခိုင်နှုန်းနှင့် ထိုင်းခရီးသွားဧည့်သည် အရေအတွက် ၉ ရာခိုင်နှုန်းအထိ ယခင်နှစ်ကထက် ပိုမိုတိုးတက်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် အသုံးမပြုရသေးသည့် သစ်တောသစ်ပင်များ၊ နှင်းဖုံးလွှမ်းနေသည့်တောင်တန်းများ၊ လူသားတို့ ထိတွေ့အသုံးပြုရခြင်း မရှိသေးသည့် သဘာဝပတ်ဝန်းကျင်ကောင်းများစွာ ကျန်ရှိနေကြောင်း၊ ကမ္ဘာ့ခရီးသွားပြပွဲများတွင် မြန်မာနိုင်ငံအကြောင်းကို ပါဝင်ပြသရုံမကဘဲ နိုင်ငံ၏ အဓိက ခရီးစဉ်ဒေသများသို့ လေကြောင်းတိုက်ရိုက်ဆိုက်ရောက်ပျံသန်းနိုင်ရေး၊ ဗီဇာကင်းလွတ်ခွင့်နှင့် ဆိုက်ရောက်ဗီဇာများ ခွင့်ပြုပေးရေး၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ပေးရေးနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ပြည့်စုံကောင်းမွန်ရေးတို့ ဟန်ချက်ညီအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်သူထက်**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရှမ်းရွာသစ်မြို့တွင် ၂ ဒသမ ၂၅ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၄၆ လက်မ၊ မော်ဘီမြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မြောင်းမြမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ သံတွဲမြို့တွင် ၀ ဒသမ ၉၄ လက်မနှင့် လှိုင်ကော်မြို့တွင် ၀ ဒသမ ၉၁ လက်မတို့ဖြစ်ကြသည်။ **မိုး/ဇလ**

# ကျောင်းအပ်နှံရေးသီတင်းပတ်အကြို အခြေခံပညာဦးစီးဌာနမှ သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် မေ ၂၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ကျောင်းအပ်နှံရေးသီတင်းပတ်အကြို သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက "ဒီနှစ်ကျောင်းအပ်နှံရေး သီတင်းပတ်မှာ နှစ်တိုင်းနဲ့ မတူဘဲ ထူးခြားတာက နှစ်တိုင်း ပညာသင်ယူမှုအခွင့်အလမ်းပဲ ပိုဦးစားပေးပါတယ်။ ဒီနှစ်က မည်သည့်ခွဲခြားမှုမှမရှိဘဲ ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့်ရရှိဖို့ မိဘပြည်သူအားလုံး ဝိုင်းဝန်းကူညီစို့ ဆိုတဲ့ ဆောင်ပုဒ်လုပ်ထားပါတယ်။ ဒီနှစ်က ကျောင်းနေခွင့်ရရုံပဲလုပ်ထားတာမဟုတ်ဘဲ ကလေးတွေအရည်အသွေး တိုးတက်လာအောင် မိဘပြည်သူတွေက ပူးပေါင်းပါဝင်ကြဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

သတင်းစာရှင်းလင်းပွဲတွင် အခြေခံပညာဦးစီးဌာနရှိ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဦးလှစီယာနို၊ ဦးသန်းစိုးအောင်၊ ဒေါက်တာတင်ယုယုအေး၊ ဦးတိုးဝင်း၊ ဦးအေးလွင်၊ ဒေါ်ခင်သူဇာအေးတို့က ဌာနအလိုက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများကို ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက ပြန်လည်ဖြေကြားခဲ့သည်။



ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အခြေခံပညာကျောင်းပေါင်း ၄၇၀၀၅ ကျောင်း၊ ကျောင်းအုပ်ကြီးများအပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း သင်ကြားရေးဆရာ ဆရာမဦးရေ ၄၀၄၄၄၄ ဦးနှင့် ကျောင်းသား ကျောင်းသူပေါင်း ၉၁၄၄၄၆၉ ဦးရှိကြောင်း သိရသည်။ ကိုယ်ပိုင်အထက်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများပါဝင်ပါက စုစုပေါင်း ကျောင်းသားကျောင်းသူဦးရေ ၉ ဒသမ ၇ သန်းကျော်က အခြေခံပညာရေး အဆင့်တွင် သင်ကြားလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ခရိုင်တွင် မှိုမျိုးစုံမွေးမြူစိုက်ပျိုး ထုတ်လုပ်နည်းသင်တန်းဖွင့်

**ပြည် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကြီးမှူးဖွင့်လှစ်သော မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်း သင်တန်းဖွင့်ပွဲကို ပြည်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနရုံး၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်မာမာအောင်က သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဒေါ်စိန်လှမြင့်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါသင်တန်းတွင် အပူပိုင်းမှိုမျိုးများဖြစ်သော ငွေနှင်းမှို၊ ကောက်ရိုးမှို၊ လင်ဇီးမှို၊ ကြွက်နားရွက်မှိုနှင့် နို့စိမ်းမှို စိုက်ပျိုးနည်းများနှင့် ဆေးဖက်ဝင်မှိုများအကြောင်းကို ကော်ဖီရာသီသီးနှံဌာနခွဲမှ မှိုပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ပြည်ခရိုင် ခြောက်မြို့နယ်မှ သင်တန်းသား သင်တန်းသူ တောင်သူစုစုပေါင်း ၄၀ တက်ရောက်ကာ သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# တတိယအကြိမ် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်ပူးတွဲစစ်ဆေးရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၂**

တတိယအကြိမ် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်ပူးတွဲ စစ်ဆေးရေးဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးသန့်ဇေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် ပင်လယ်သမုဒ္ဒရာရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Wang Wenli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တတိယအကြိမ် မြန်မာ-တရုတ် နယ်နိမိတ်ပူးတွဲစစ်ဆေးခြင်းလုပ်ငန်း အကောင်အထည်ဖော်ရန်အတွက် ကြိုတင်ပြင်ဆင်ရန်ရှိသည့် လုပ်ငန်းများအပေါ် အဓိကထား၍ နှစ်ဖက်ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါအစည်းအဝေးကို မေ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေစကြိုမြို့ရှိ ထန်းလျက်မှုန့် ထုတ်လုပ်သည့်ကုမ္ပဏီက ဇွန်လတွင် ထန်းတောင်သူများထံမှ ထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူတော့မည်

**ရေစကြို မေ ၂၂**

ရေစကြိုမြို့တွင် ထန်းလျက်မှုန့်ကို ထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ စမ်းသပ်တင်ပို့လျက်ရှိရာ ထန်းလျက်မှုန့် ပိုမိုထုတ်လုပ်နိုင်ရန် ထန်းလျက်မှုန့် ထုတ်လုပ်သည့်ကုမ္ပဏီက လာမည့်ဇွန်လတွင် ထန်းတောင်သူများထံမှ ထန်းရည်ချိုကို တိုက်ရိုက်ဝယ်ယူတော့မည်ဖြစ်ကြောင်း သိရသည်။



ရေစကြိုမြို့နယ်အတွင်းရှိ ထန်းတောအား တွေ့ရစဉ်။

"ဇွန်လဆိုရင် ထန်းရည်ကို တိုက်ရိုက်ဝယ်မယ်။ ထန်းသမားတွေ အနေနဲ့ကလည်း ထန်းလျက်ချက်ရတာ ဒုက္ခရောက်လာတယ်။ ထင်းရှားလာတဲ့အတွက် သူတို့က ထင်းကိုဝယ်ပြီးတော့ သုံးရတယ်။ သူတို့ တစ်ရက်တစ်ရက် ထန်းလျက်ချက်လို့ရတဲ့ဝင်ငွေရဲ့ ၅၀ ရာခိုင်နှုန်းက ထင်းထဲမှာ ပြန်သွားနေတယ်။ ပထမတစ်ချက်က ထင်းသုံးစွဲလာတဲ့အတွက် စိတ်ဝင်စားမှုလျော့လာတယ်။ ဒုတိယတစ်ချက်က မိသားစုအကုန် ဒီထဲမှာပဲ မြှုပ်နှံပြီးလုပ်ရတော့ တခြားဝင်ငွေရမယ့်အလုပ်လည်း မလုပ်နိုင်တော့ဘူး ။ အဲဒီနှစ်ချက်ကြောင့် တဖြည်းဖြည်း ထန်းသမားတွေ လျော့လာတယ်။ ထန်းလျက်ကို စိတ်ဝင်စားမှု၊ ထန်းတက်ဖို့ စိတ်ဝင်စားမှု လျော့နည်းလာတယ်။ အဲဒါကြောင့် သူတို့အခက်အခဲကို အတန်အသင့် ပြေလျော့သွားအောင် သူတို့ဆီက တိုက်ရိုက်အရည်ပဲဝယ်သွားမှာ ဖြစ်ပါတယ်"ဟု 555 SHWE HINTHA ကုမ္ပဏီမှ CEO ကိုကောင်းဆက်နိုင်က ပြောသည်။

ထိုသို့ထန်းရည် တိုက်ရိုက်ဝယ်ယူပါက ထန်းသမားများအတွက် ထန်းလျက်ချက်ရသည့်ဒုက္ခမှ ကင်းဝေးစေမည်ဖြစ်ကာ ထန်းရည်တန်ဖိုးကိုလည်း ထန်းလျက်ခဲတန်ဖိုးထက် မလျော့နည်းသော ဈေးနှုန်းဖြင့် သတ်မှတ်ဝယ်ယူမည်ဖြစ်သောကြောင့် ထန်းရည်ချိုတန်ဖိုးမှာ ဈေးမြင့်တက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထန်းသမားမိသားစုများ အလုပ်အကိုင်ပိုမိုရရှိရန် အဆိုပါကုမ္ပဏီမှ ဝန်ထမ်း ၂၀၀ ခန့်ထားမည်ဖြစ်ရာ ယခုအချိန်တွင် ဝန်ထမ်း ၄၇ ဦး ရှိပြီဖြစ်သဖြင့် ထပ်မံကာ ၁၅၀ ခန့်ကို ထန်းလုပ်ငန်းလုပ်ကိုင်သူများအား ဦးစားပေး ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

တစ်နှစ်လျှင် ထန်းလျက်မှုန့် တန်ချိန် ၇၀၀ မှ ၁၀၀၀ အကြား ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

"ကျေးရွာပေါင်း ၂၀ ကျော်နဲ့ စမယ်မှန်းထားတယ်။ လောလောဆယ် ငါးရွာလောက်ပဲရှိသေးတယ်။ ထန်းရည်ဝယ်မယ်ဆိုရင် ကျေးရွာ ၂၀ ကျော် အလုပ်အကိုင် အခွင့်အလမ်းများလာမယ်။ ထန်းရည်ဝယ်တယ်ဆိုတာ အလေ့အကျင့်ဘယ်မှာမှ မရှိသေးဘူး။ ကျွန်တော်က စဝယ်မယ်ပေါ့။ နောက် တဖြည်းဖြည်း များလာရင် ရေစကြိုမြို့နယ်နဲ့ ထိစပ်နေတဲ့ မြို့နယ်တွေဆီကနေ ဝယ်လို့ရမှာ ဖြစ်ပါတယ်" ဟု ကိုကောင်းဆက်နိုင်က ပြောသည်။

ရေစကြိုမြို့နယ်တွင် ထန်းလျက်မှုန့်ကိုထုတ်လုပ်ပြီး ဂျပန်၊ အင်ဒိုနီးရှားနှင့် နယ်သာလန်နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ အဆိုပါထန်းလျက်မှုန့်ကို ရေစကြိုမြို့နယ်တွင် 555 SHWE HINTHA ကုမ္ပဏီက ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

"ထန်းလျက်မှုန့်ကို စပြီးလုပ်ဖြစ်သွားတာ ၂၀၁၆ က စစမ်းတယ်။ ၂၀၁၇ နှစ်စပိုင်းမှာ အောင်မြင်တယ်။ ပြီးတော့ ၂၀၁၇ မှာ ဂျပန်ကို စစမ်းပြီးတော့ပို့တယ်။ ၂၀၁၈ မှာတော့ တန် ၃၀ လောက် ပို့ထားတယ်။ အင်ဒိုနီးရှားဘက်လည်း နည်းနည်းစမ်းပို့တယ်။ နယ်သာလန်ကိုလည်း စမ်းပြီးတော့ပို့နေတယ်။ အဓိကကတော့ ဂျပန်ကို တင်ပို့နေတာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

ရေစကြိုမြို့နယ်ထွက် ထန်းလျက်မှုန့်ကို အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ ထိုးဖောက်ရောင်းချရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ရေစကြိုမြို့နယ်ထွက် ထန်းလျက်မှုန့်မှာ အော်ဂဲနစ်စစ်စစ်ဖြစ်သဖြင့် ပြည်ပကုမ္ပဏီများမှ စိတ်ဝင်စားမှုများကြောင်း သိရသည်။

"ထန်းလျက်မှုန့်ကို ကမ်းလှမ်းတာကတော့ ပြည်ပကုမ္ပဏီတွေကတော့ တန်ချိန်အများကြီး ကမ်းလှမ်းထားတယ်။ သူတို့ကတော့ ကျွန်တော်တို့ဆီက ထွက်သမျှလိုချင်တယ်။ ဒါပေမယ့် ကျွန်တော်က ပြည်တွင်းကလူတွေကိုလည်း ထန်းလျက်စားစေချင်တယ်။ အချို့ကိုမှ တခြားဟာတွေ အစားထိုးပြီးတော့ ဝင်နေတာဆိုတော့ ထန်းလျက်ကတော်တော်ကို ပြည်တွင်းမှာပေါ်ပြူလာ မဖြစ်တော့ဘူး။ နောက် မျိုးဆက်တွေဆိုရင် ထန်းလျက်ကောင်းကျိုးကို မသိကြတော့ဘူးလေ။ အဲဒါကြောင့် ထန်းလျက်ကို ပြည်တွင်းမှာလည်း စားသုံးစေချင်တယ်။ အဲဒါကြောင့် ပြည်တွင်းမှာလည်း ရာခိုင်နှုန်းတစ်ခုအနေနဲ့ ဖြန့်ပါတယ် "ဟု ကိုကောင်းဆက်နိုင်က ပြောသည်။

ထန်းလျက်အမှုန့်ကို ပြည်ပနိုင်ငံများတွင် ကိတ်၊ ကော်ဖီ၊ ဖျော်ရည်တို့တွင် သကြားအစားထိုးအနေဖြင့် အမျိုးမျိုး အသုံးပြုကြလျက်ရှိပြီး ပြည်တွင်းတွင် သကြား၊ အချိုမှုန့်တို့အစား အသုံးပြုလာကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# လျှပ်စစ်မီးပြတ်တောက်မှုကြောင့် YBS ယာဉ်များ ဂက်စ်ဖြည့်ရန် တန်းစီချိန် ကြာမြင့်သဖြင့် CNG ဆိုင်များကို ၂၄ နာရီ ဂက်စ်ပေးနိုင်ရေး ညှိနှိုင်းထား

**ရန်ကုန် မေ ၂၂**

လျှပ်စစ်မီးပြတ်တောက်မှုကြောင့် YBS ယာဉ်များ ဂက်စ်ဖြည့်ရန် တန်းစီချိန် ကြာမြင့်သဖြင့် CNG ဆိုင်များကို ၂၄ နာရီ ဂက်စ်ပေးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)မော်တော်ယာဉ်အလုံးစုံ သဘာဝဓာတ်ငွေ့ဌာနနှင့် ညှိနှိုင်းထားကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

လက်ရှိ ရန်ကုန်မြို့တွင် CNG ဆိုင် ၄၁ ဆိုင်ရှိပြီး လျှပ်စစ်မီးပြတ်တောက်မှုကြောင့် မီးစက်မောင်း၍ CNG ဖြည့်ပေးနေသော်လည်း တန်းစီချိန် ခုနစ်နာရီခန့် ကြာမြင့်နေကြောင်း၊ သို့ဖြစ်၍ ယင်း CNG ဆိုင်များ ၂၄ နာရီဂက်စ်ပေးနိုင်ရေး YRTA အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မော်တော်ယာဉ်အလုံးစုံ သဘာဝဓာတ်ငွေ့ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်း သိရသည်။

"ကျွန်တော် စာရင်းကောက်တယ်၊ တချို့ခုနစ်နာရီ တန်းစီရတယ်၊ ထည့်တာ ၂၅ မိနစ်နဲ့ မိနစ် ၃၀ ကြာတယ်၊ ကားများစွာရှိတဲ့အခါကျတော့ မိနစ် ၃၀ ကလည်း နှစ်စီးရှိရင် တစ်နာရီဖြစ်မှာ၊ အဲလိုဟာတွေဖြစ်တဲ့အတွက် ဒီနေ့ကြန့်ကြာတာ ဖြစ်ပါတယ်။ အဲဒီကိစ္စရပ်ကို အခု ကျွန်တော်တို့က ဘယ်လိုပံ့ပိုးထားလဲဆိုတော့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မော်တော်ယာဉ်အလုံးစုံ သဘာဝဓာတ်ငွေ့ဌာနနဲ့ညှိတာ ဆိုင် ၄၁ ဆိုင်မှာ ၁၀ ဆိုင်လောက်က Taxi ကို ပေးတဲ့ဆိုင်၊ ဆိုင် ၃၀ ကျန်တယ်၊ အဲဒီ ၃၀ မှာ အရင်တုန်းက ဆိုင် ၂၀ လောက်ပဲ ၂၄ နာရီပေးတာ။ အခု ကျွန်တော်တို့ ညှိနှိုင်းတဲ့အတွက် ကျန်တဲ့ဆိုင်အားလုံးကို ၂၄ နာရီပေးနိုင်အောင် အချိန်တိုးမြှင့်ပေးပါတယ်။ နောက်တစ်ချက်ကတော့ တချို့ မီးစက်အားနည်းတဲ့ဆိုင်တွေမှာ MOGE နဲ့လည်း တိုက်ရိုက်ထိတွေ့ပြီး မေးမြန်းနိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံခြားမှာ တိုက်ရိုက်မီးစက် မှာယူပြီးတော့ တပ်ဆင်နေတဲ့ဆိုင်တွေလည်း ရှိပါတယ်။ အဲဒီလို ဖြေရှင်းခြင်းအားဖြင့် လောလောဆယ် ဖြေရှင်းပေးနေပါတယ်" ဟု ဦးလှအောင်က ပြောသည်။

အဆိုပါ CNG တန်းစီနေသောကြောင့် မော်တော်ယာဉ်တစ်စီးနှင့်တစ်စီး အဆက်ပြတ်နေပြီး မော်တော်ယာဉ်စီးနင်းမည့် ခရီးသည်များလည်း စောင့်ဆိုင်းချိန် ကြာမြင့်နေကြောင်း သိရသည်။

"အခုလည်း CNG ဆိုင်မှာ တန်းစီနေရတယ်။ ထောက်ကြန့်မှာ အခု လောလောဆယ်ကို တောက်လျှောက် တန်းစီနေရတယ်။ အဓိကက မီးပျက်သွားတဲ့အတွက် တန်းစီနေရတယ်။ အရင်တုန်းက တစ်နာရီခွဲနဲ့ နှစ်နာရီကြား အချိန်ပေးနိုင်ရင်ရပြီ၊ အခုဟာက ခြောက်နာရီ၊ ခုနစ်နာရီလောက်ကို အချိန်ပေးနေရတယ်" ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

ထို့ပြင် ကုမ္ပဏီအချို့မှလည်း ၎င်းတို့၏ ယာဉ်ရပ်ကွင်းထဲတွင် CNG ဆိုင်ထားရှိပေးရေး တောင်းဆိုထားကြောင်း YRTA ထံမှ သိရသည်။

"သူများနိုင်ငံတွေလို ယာဉ်ရပ်ကွင်းတွေမှာ ကိုယ့်ထဲမှာကို ဆီထည့်၊ ဒီလိုသွားချင်တယ်၊ ဒါပေမယ့် ဒါက နိုင်ငံတော်ဘတ်ဂျက်နဲ့လည်းဆိုင်တယ်။ ဒီလို သိပ်ကြီးတဲ့ ပရောဂျက်ကြီးတွေကျတော့ ကျွန်တော်တို့လည်း မပြောနိုင်သေးဘူး၊ ကျွန်တော်တို့ ဖြစ်ချင်တာတော့ ဖြစ်ချင်တယ်။ အဲမှာ Omini Focus က သူထဲကိုယ်တောင် CNG ဆိုင်ရွှေ့ပေးပါလို့ တင်ပြထားတာ၊ MOGE ကလည်း ဒီလိုပဲပြောတယ်၊ အဲဒီတော့ ရင်းနှီးမြှုပ်နှံဖို့ ပိုက်လိုင်းဖိုး ဘယ်သူကျခံမလဲ၊ ဒီ Station ကြီးဖြစ်လာရင် အဲဒီ CNG ကို Maintain လုပ်ဖို့က ဘယ်သူလုပ်မလဲ၊ Operation ဘယ်သူလုပ်မလဲဆိုတဲ့ လိုအပ်ချက်တွေကို MOGE၊ အစိုးရ၊ ကုမ္ပဏီ၊ YRTA ဒီလိုဆွေးနွေးရမှာ၊ ဒါတွေပြီးသွားမှပဲ ဒါတွေက ဖြစ်နိုင်မယ်" ဟု ဦးလှအောင်က ပြောသည်။

လက်ရှိ YRTA အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ထိန်းကျောင်းလျက်ရှိပြီး အဓိက သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှာ ဘတ်စ်ကားစနစ်ဖြစ်ကာ ယခင် မထသစနစ်ထက် ပိုမိုကောင်းမွန်သော ဘတ်စ်ကားစနစ်ဖြစ်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

လက်ရှိ အစိုးရလက်ထက်တွင် မထသစနစ်ကို ရပ်ဆဲပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစ၍ YBS စနစ်ကို ပြောင်းလဲခဲ့ကာ လက်ရှိအချိန်တွင် လမ်းကြောင်းပေါင်း ၁၂၃ ကြောင်းခန့်မှ ယာဉ်လိုင်းနံပါတ်ဖြင့် ယာဉ်လိုင်းပေါင်း ၁၀၀ ရှိသည့်အပြင် Airport Shuttle Bus တို့လည်းရှိကာ တစ်နေ့လျှင် စုစုပေါင်းယာဉ်အစီးရေ ၄၃၀၀ ဝန်းကျင်ခန့် ပြေးဆွဲနေပြီး ခရီးသွားပြည်သူ ၁ ဒသမ ၈ သန်းကို သယ်ယူပို့ဆောင်ပေးနေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေစေရန် လက်ရှိအစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ YRTA ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက နာယကအဖြစ် ဦးဆောင်ပြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ကာ အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၂၀၁၉ ခုနှစ် ဧပြီလထဲတွင် YRTA ကို တိုးမြှင့်ဖွဲ့စည်းခဲ့ပြီး ဒုဥက္ကဋ္ဌ-၁ အဖြစ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဒုဥက္ကဋ္ဌ-၂ အဖြစ် ရန်ကုန်မြို့တော်ဝန်အပါအဝင် ဥပဒေချုပ်နှင့် စာရင်းအင်းဌာနများ၊ လိုအပ်သည့် အခြားအဖွဲ့အစည်းများပါ ထည့်သွင်း၍ ဝန်ကြီးချုပ်အပါအဝင်အဖွဲ့ဝင် ၂၂ ဦးဖြင့် ပြန်လည်တိုးမြှင့်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ငြိမ်းငြိမ်း**

# ဥရောပတိုက် ဂျာမနီနိုင်ငံ International Peace University မှ ချီးမြှင့်မည့် ပါရဂူဘွဲ့ IBEC ဆရာတော် တက်ရောက်ယူမည်

**မန္တလေး မေ ၂၂**

IBEC ဆရာတော် (စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင်) သည် ၂၀၁၉ ခုနှစ်မေ ၃၀ ရက်အိန္ဒိယနိုင်ငံဘင်ဂလောတက္ကသိုလ်တွင် ဥရောပတိုက် ဂျာမနီနိုင်ငံ International Peace University မှ ပေးအပ်ချီးမြှင့်မည့် လူသားအကျိုးပြု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို တက်ရောက်လက်ခံရယူသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုအား ဗုဒ္ဓဘာသာနှင့်ငြိမ်းချမ်းရေးကိစ္စများ၊ လူသားအကျိုးပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ချီးမြှင့်ခြင်းဖြစ်ပြီး IBEC ဆရာတော်နှင့်အတူ နီပေါနိုင်ငံမှ Mr. Piya Ratana Maharjan အပါအဝင် တစ်ကမ္ဘာလုံးတွင် စုစုပေါင်း ၁၂ ဦးသာ ချီးမြှင့်ခံရကြောင်းနှင့် IBEC ဆရာတော် ဦးသောဘိတသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်တွင် IBEC (International Buddhist Education Center) အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာကို တည်ထောင်ထားသူဖြစ်ပြီး ပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း၊ လူ့စွမ်းအားအရင်းမြစ်ဌာန၊ ကျွန်းလုသီတဂူ ဗုဒ္ဓတက္ကသိုလ်နှင့် စက္ခုဒါနဆေးရုံတော်၊ အပြည်ပြည်ဆိုင်ရာယဥ်ကျေးမှုစင်တာနယ်သာလန်ဟူ၍ ကဏ္ဍကြီး ငါးခုဖြင့် ဆောင်ရွက်သာသနာပြု လျက်ရှိကြောင်း သိရသည်။

ဆရာတော်၏ ပြည်တွင်းပြည်ပသာသနာပြုလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းဆောင်ရွက်ချက်များအား အသိအမှတ်ပြုခြင်းအားဖြင့် ကမ္ဘာ့ဘာသာပေါင်းစုံအဖွဲ့အစည်း ကြီးမှ ငြိမ်းချမ်းရေးသံတမန်အဖြစ်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဇေယျာလူမှုထူးချွန်ပထမအဆင့်ဘွဲ့လက်မှတ်နှင့် နိုင်ငံတကာဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့အား လည်းကောင်း၊ ဆွီဒင်နိုင်ငံမှ စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆု အားလည်းကောင်း၊ အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ဗုဒ္ဓဘာသာလူငယ် ခေါင်းဆောင်ထူးချွန် ဆုနှင့် ဒေါက်တာအမ်ဘေတကာဆု၊ ထိုင်းနိုင်ငံ ဘုရင့်မိသားစုမှ International Naga Award တို့အား ချီးမြှင့်ဆက်ကပ်ခြင်းခံခဲ့ရပြီးဖြစ်ကြောင်း IBEC သတင်းနှင့်ပြန်ကြားရေးဌာနမှ သိရသည်။



**တင်မောင် (မန်းကိုယ်ပွား)**

# နေပြည်တော်တွင် "အပေးအယူ" ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများဆက်လက်ရိုက်ကူး

**နေပြည်တော် မေ ၂၂**

ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ) ရိုက်ကူးလျက်ရှိသော "အပေးအယူ" ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဟိုတယ်ဇုန်ရှိ လမ်းမကြီးပေါ်နှင့် မင်္ဂလာသီရိဟိုတယ်တွင် ဆက်လက် ရိုက်ကူးလျက်ရှိသည်။

ယနေ့တွင် နေပြည်တော် အနီးတစ်ဝိုက်ရှိ ပြောင်းစိုက်ခင်းများ၊ ဟိုတယ်ဇုန်နှင့် ဂျန်းရှင်းစင်တာတို့တွင် ဆက်လက်ရိုက်ကူးနေခြင်းဖြစ်သည်။

"ဒီနေ့ မနက်ပိုင်းမှာ ကျွန်တော် လေဆိပ်ဘက်ကိုသွားရင်း လမ်းမှာတွေ့တဲ့ ပြောင်းခင်းနားမှာ သွားရိုက်ခဲ့ပါတယ်။ ပထမနှင်းဆီခင်းထဲမှာ ရိုက်မလို့စီစဉ်ထားပေမယ့် နှင်းဆီခင်းက ဇာတ်ကားတိုင်းလောက်မှာပါတော့ အခုပြောင်းခင်းထဲမှာ ရိုက်ဖြစ်တယ်။ မနက်ခင်းနေရောင်ခြည်နဲ့ ပြောင်းခင်းနဲ့ အင်မတန်လှပတဲ့ ရှုခင်းတွေကို ရိုက်ခဲ့ပါတယ်။ ရိုက်ကွင်းအနေနဲ့ဆိုရင် နေပြည်တော်တစ်မြို့လုံးကို သဘောကျတယ်။ ဟိုတလောက ဗုဒ္ဓဂယာဘက်ကို သွားတဲ့လမ်းမှာ တောင်တန်းတွေရဲ့ကြားမှာရှိတဲ့ ဘုရားကလည်း အလွန်သပ္ပာယ်ပါတယ်။ အဲဒီရှုခင်းကိုလည်း တော်တော်သဘောကျပါတယ်။ နောက်ထပ်ရိုက်မယ့် ဇာတ်ကားကိုလည်း နေပြည်တော်မှာပဲ အစအဆုံး ရိုက်မှာပါ။ ဒီနေ့မှာတော့ နေပြည်တော် ဟိုတယ်ဇုန်လမ်းမကြီးပေါ်နဲ့ မင်္ဂလာသီရိ ဟိုတယ်မှာပဲ ရိုက်ဖြစ်မှာပါ" ဟု ဒါရိုက်တာစတီးလ်က ပြောသည်။

ကိုလင်းထွန်းကစီစဉ်ပြီး Life + ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးသော "အပေးအယူ" ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို နေပြည်တော်တွင် မေ ၂၀ ရက်မှ ၂၅ ရက် အထိ ဆက်လက်ရိုက်ကူးသွားမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်၏ ဇာတ်ဝင်ခန်းအချို့ကို မန္တလေး၊ ပြင်ဦးလွင်နှင့် ဗီယက်နမ်နိုင်ငံသို့ ဆက်လက်သွားရောက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့နဲ့ ပရိသတ်က မိသားစုဝင်တွေလို ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ကတော့ ပရိသတ်ကို အမြဲတမ်းဦးထိပ်ပန်ဆင်ပါတယ်။ ဒီဇာတ်ကားလေးရိုက်ကူးပြီးတဲ့ အခါကျရင် ပရိသတ်တွေလာကြည့်ပါ။ ဒီမှာပေးချင်တဲ့ မက်ဆေ့ချ်က လူငယ်တွေဟာ One Way ပဲ မြင်ကြတဲ့အတွက် အမှားတွေနဲ့ ရင်ဆိုင်ရမယ်။ အဲဒါတွေမဖြစ်ဖို့အတွက် ဒီဇာတ်ကားလေးနဲ့ မက်ဆေ့ချ်ပေးချင်တဲ့ သဘောပါပဲ။ ဒါကြောင့် ဒီဇာတ်ကားလေးကို လာကြည့်ဖို့အတွက်ဖိတ်ခေါ်ပါတယ်" ဟု ဒါရိုက်တာစတီးလ်က ပြောသည်။



အပေးအယူရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေစဉ်။

**သတင်း - နေဝင်းထွန်း၊ ဝေသူနွယ်**
**ဓာတ်ပုံ - ဇင်ဦး(မြန်မာ့အလင်း)**

# မြန်မာ ယူ-၂၂ အသင်း ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်

**ရန်ကုန် မေ ၂၂**

မြန်မာ ယူ-၂၂ အသင်းသည် နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် မေ ၂၀ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲ၊ တောင်ကိုရီးယားကလပ် ပိုဟန်စတီလားစ်အသင်းနှင့် ခြေစမ်းပွဲတို့အတွက် ပြင်ဆင်မည်ဖြစ်ပြီး ပဏာမကစားသမား ၂၆ ဦး ရွေးချယ်ထားသည်။

မြန်မာ ယူ-၂၂ အသင်းကို ကစားသမား ၂၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း စစ်ကိုင်းတောင်ပံကစားသမား မျိုးမင်းဖြိုးကို မေ ၂၀ ရက်က အားဖြည့်ရွေးချယ်ခဲ့သောကြောင့် ပဏာမကစားသမား ၂၆ဦးအထိ ရှိလာခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်မတိုင်မီ ကစားသမားအစုံအလင် လေ့ကျင့်မည်ဖြစ်ပြီး ကလပ်ပွဲ မတိုင်ခင်နှစ်ရက်အလိုတွင် ကလပ်အသင်းများသို့ ပြန်လည်စေလွှတ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် မေ ၃၀ ရက်တွင် တောင်ကိုရီးယား ကလပ် ပိုဟန်စတီလားစ်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲတွင် လူမစုံသောကြောင့် ယူ- ၁၈ အသင်းမှ ကစားသမားများဖြင့် ပေါင်းစပ်ကစားမည်ဖြစ်ကာ ရှမ်းယူနိုက်တက်၊ ရန်ကုန်နှင့်စစ်ကိုင်းအသင်းတို့မှ ကစားသမားများကို ပြန်လည်စေလွှတ်ရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာ ယူ-၂၂ အသင်းအနေဖြင့် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည့် ဗီယက်နမ် ယူ-၂၂ အသင်းနှင့် ခြေစမ်းပွဲ အတွက် အဓိကပြင်ဆင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ပိုပေါ့ဗ်က ဆက်လက်ကိုင်တွယ်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုးသမား-**ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ (မကွေး)၊ **နောက်တန်း-** ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဇွဲထက်မင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး( ရန်ကုန်)၊ ဇင်ရဲနောင် (အား/ကာသိပ္ပံ)၊ **အလယ်တန်း-** လွင်မိုးအောင်၊ နန်းထိုက်ဇော် (ရောဝတီ)၊မြတ်ကောင်းခန့်၊အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင် (အား/ ကာသိပ္ပံ)၊ ကောင်းထက်စိုး(ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ မျိုးမင်းဖြိုး(စစ်ကိုင်း)၊ **ရှေ့တန်း-** ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်)နှင့် အောင်ကောင်းမာန် (ရောဝတီ) တို့ပါဝင်ကြသည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**



မြန်မာ ယူ-၂၂ အသင်းတွင် ရွေးချယ်ခံရသည့် မျိုးမင်းဖြိုး။

● ***ကျော့ဖုံးမှ***

၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုမဲခွဲပွဲကို မေ ၂၃ ရက် **(ယနေ့)** ပြုလုပ်မည်ဖြစ်ပြီး အာရှအသင်းကြီးများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည့် အိမ်ရှင်ထိုင်း၊ လက်ရှိချန်ပီယံဂျပန်၊ မြောက်ကိုရီးယားနှင့် တရုတ်အပါအဝင် ခြေစစ်ပွဲအောင်မြင်လာသည့် ဩစတြေးလျ၊ တောင်ကိုရီးယား၊ မြန်မာနှင့် ဗီယက်နမ် စုစုပေါင်း ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ပွဲစဉ်များကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာ ယူ- ၁၉ အမျိုးသမီးအသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲမတိုင်မီ ပြည်တွင်း၊ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အာရှထိပ်သီးအသင်းများနှင့် တွေ့ဆုံရမည်ဖြစ်သောကြောင့် အာရှအင်အားကြီးအသင်းများနှင့် ခြေစမ်းပွဲကစားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ **ညီမြတ်သော်တာ**

◆ ***ကျော့ဖုံးမှ***

စိတ်ဝင်စားဖွယ်ကောင်းနေပြီး အမှတ်ပေးပြိုင်ပွဲ ပထမအကျော့တွေ့ဆုံမှုတွင်လည်း အရှုံးအနိုင်မပေါ်ခဲ့သောကြောင့် အကြိတ်အနယ်ရှိနေခြင်းဖြစ်သည်။ ၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့တွေ့ဆုံမှုတွင် ရခိုင်အသင်း၏ အိမ်ကွင်း၌ ရခိုင်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဂိုးမရှိသရေ၊ ရန်ကုန်အသင်း၏ အိမ်ကွင်း၌ ရန်ကုန်နှင့် စစ်ကိုင်းအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ စစ်ကိုင်းအသင်းနှင့် ရခိုင်အသင်းတို့ ယခုရာသီ ပြသနေသည့်ခြေစွမ်းကြောင့်လည်း အသင်းကြီးနှစ်သင်းဖြစ်သည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ ဗိုလ်လုပွဲလမ်းကြောင်းမှာ ခရောင်းလမ်းကို ဖြတ်သန်းရဖွယ်ရှိနေသည်။ ဆီမီးဖိုင်နယ် တက်ရောက်လာသည့်အသင်းများအနက် လက်ရှိချန်ပီယံရန်ကုန်အသင်းမှလွဲ၍ ကျန်အသင်းများမှာ ဒုတိယအဆင့်သို့ စတင်ကစားခဲ့ရပြီး ရှမ်းယူနိုက်တက်အသင်းက ဒုတိယအဆင့်တွင် မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်တွင် ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရခိုင်အသင်းက ဒုတိယအဆင့်တွင် ဇွဲကပင်အသင်းကို ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-လေးဂိုး၊ ကွာတားဖိုင်နယ်တွင် မကွေးအသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စစ်ကိုင်းအသင်းသည် ဒုတိယအဆင့်တွင် ဒဂုံအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်တွင် ရတနာပုံအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး နှစ်ပွဲစလုံး ပေးဂိုးမရှိအောင် ကစားနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် လက်ရှိချန်ပီယံဖြစ်သောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားရပြီး Southern အသင်းကို ပယ်နယ်တီအဆုံးအဖြတ်တွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဆီမီးဖိုင်နယ် ဒုတိယအကျော့ကို ဇွန် ၁၊ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲကိုမူ စက်တင်ဘာလတွင် ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုမျာ:

**ဒန်နီရယ် ဂျိမ်းမ်အား ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာသည့် မန်ယူ**

မန်ယူအသင်းသည် ဆွမ်ဆီးအသင်းမှ ဝေးလ်တောင်ပံကစားသမား ဒန်နီရယ် ဂျိမ်းစ် (၂၁ နှစ်) အား ပေါင် ၁၅ သန်းဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

**စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုအား ပယ်ချလိုက်သည့် ဒီဂီယာ**

စပိန်နှင့် မန်ယူဂိုးသမားဖြစ်သူ ဒီဂီယာ (၂၆ နှစ်) သည် အသင်းတွင် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုအား ပယ်ချလိုက်ကြောင်း၊ အဆိုပါ ကစားသမား၏ လက်ရှိ မန်ယူအသင်းနှင့် စာချုပ်သက်တမ်းသည် လာမည့်ရာသီတွင် ကုန်ဆုံးတော့မည်ဖြစ်သည်။

**ချယ်လ်ဆီးအသင်းနှင့် သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည့် ဂျီရုဒ်**

ချယ်လ်ဆီးတိုက်စစ်ကစားသမား ဂျီရုဒ် (၃၂ နှစ်) သည် အသင်းနှင့် သက်တမ်းတိုးစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ဂျီရုဒ်အား ၂၀၁၉-၂၀၂၀ ခုနှစ် ရာသီကုန်သည်အထိ ချယ်လ်ဆီးအသင်း၌ ထိန်းသိမ်းထားနိုင်တော့မည် ဖြစ်သည်။

**နယူးကာဆယ်နှင့် ဝက်စ်ဟမ်းအသင်းတို့ မော်ရေစ့်အား စိတ်ဝင်စား**

နယူးကာဆယ်နှင့် ဝက်စ်ဟမ်းအသင်းတို့သည် ကလပ်ဘရုဂ်အသင်းမှ ဘရာဇီးတိုက်စစ်ကစားသမား ဝက်စ်လေ မော်ရေစ့် (၂၂ နှစ်) အား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေးလ်တွင် ဖော်ပြထားသည်။

**ဂယ်ရီ ကာဟေးအား ခေါ်ယူသွားဖွယ်ရှိနေသည့် လမ်းပတ်**

ဒါဘီကောင်တီနည်းပြ လမ်းပတ်သည် ၎င်း၏အသင်းအနေဖြင့် လာမည့် တနင်္လာနေ့တွင် ယှဉ်ပြိုင်ကစားမည့် လိဂ်ချန်ပီယံရှစ် Play- off ဗိုလ်လုပွဲ၌ အက်စ်တွန်ဗီလာအသင်းအား အနိုင်ရရှိပြီး ပရီမီယာလိဂ်သို့ တန်းတက်နိုင်ခဲ့ပါက ချယ်လ်ဆီးအသင်းဖော်ဟောင်း ဂယ်ရီကာဟေး (၃၃နှစ်) အား ခေါ်ယူသွားဖွယ်ရှိကြောင်း မေးလ်တွင် ဖော်ပြထားသည်။

**မူရာဘာအား ကမ်းလှမ်းမှုပြုလုပ်လိုက်သည့် အာဆင်နယ်**

အာဆင်နယ်အသင်းသည် ဗလင်စီယာအသင်းမှ ဘရာဇီးဂိုးသမား မူရာဘာ (၂၉နှစ်) အား ခေါ်ယူရန်အတွက် ကမ်းလှမ်းမှုတစ်ရပ်ပြုလုပ်လိုက်ကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

**နည်းပြသစ်ခန့်အပ်လိုက်ပြီဖြစ်သည့် ဘရိုက်တန်အသင်း**

ဘရိုက်တန်အသင်းသည် ၎င်းတို့၏ နည်းပြသစ်အဖြစ် ဂရေဟမ် ပေါ်တာအား လေးနှစ်စာချုပ်ဖြင့် ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**အောင်ဇော်**

## မြန်မာ့ရုပ်မြင်သံကြား

၂၃-၅-၂၀၁၉ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - အပူဒဏ်ကာကွယ်ရေး (ကာတွန်း)
- ၈း၃၅ - "မူလာရိုးဒီသို့"
- ၈း၅၀ - "ထွန်းတောက်လာမည့် အနာဂတ်ကြယ်ပွင့်လေးများ"
- ၉း၁၀ - ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှိုးဆော်ချက်
- ၉း၂၅ - ကျန်းမာရေးမဂ္ဂဇင်း "အရိုးအကြော၊ အဆစ်ရောင်ရောဂါ အစားအသောက် အကြောင်းသိကောင်းစရာ"
- ၉း၄၀ - "ပအိုဝ်းရိုးရာဝတ်စုံ"
- ၁၀း၃၀ - မုန်တိုင်းများ၏အန္တရာယ်ကို နားလည်သဘောပေါက်လွယ်စေရန်အရောင်ဖြင့် သတိပေးသည့်စနစ်များရှိပါသည်
- ၁၁း၀၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့)
- ၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အချစ်နှင့်ဖွဲ့သည်"
- ၁၂း၃၀ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
- ၁၃း၁၀ - "ရှုမဆုံးတော့သည့် လူချွန်လူကောင်း၏ရုပ်ပုံလွှာ" (အပိုင်း-၁)
- ၁၄း၀၅ - စုပေါင်းကာကွယ်မီးအန္တရာယ်
- ၁၅း၁၀ - "ဥယျာဉ်နန်းကပန်းသခင်"

**ညပိုင်း**

- ၁၆း၂၀ - Save Lives SlownDown
- ၁၆း၃၅ - Soccer View
- ၁၇း၀၅ - NHK အစီအစဉ် "Mathematics With Computers" (Cutting Cones)
- ၁၇း၅၅ - မူးယစ်အန္တရာယ် ရှောင်ကြဉ်ဖွယ်
- ၁၈း၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၉း၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၄)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- - လျှပ်စစ်ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ်ကြပါစို့ (ကျောင်းစာသင်ခန်း)
- ၂၀း၃၅ - "ဇေယျာရွှေမြေနှင့် ငွေထည်လုပ်ငန်း"
- - နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ့်ဘဝရဲ့လင်းရောင်ခြည်" (အပိုင်း-၂၆)
- - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အောင်ဝမ်းသိန်းထွဋ်)

# ပြည်ကြီးတံခွန်မြို့နယ်အတွင်း အုပ်စုဖွဲ့၍ ဓားရှည်များကိုင်ဆောင်ကာ လုယက်မှု ကျူးလွန်သူများအား ဖမ်းဆီးရမိ

**မန္တလေး မေ ၂၂**

မန္တလေးမြို့ပြည်ကြီးတံခွန်မြို့နယ်အတွင်း ညအချိန်များတွင် ဓားရှည်များ ကိုင်ဆောင်၍ ဆိုင်ကယ်ဖြင့် အုပ်စုဖွဲ့ လုယက်မှု ကျူးလွန်ခဲ့သူ ငါးဦးအား ဖမ်းဆီးရခဲ့မိကြောင်း ပြည်ကြီးတံခွန်မြို့မ ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ပြည်ကြီးတံခွန်မြို့မ ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မိုးသန့်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မေလဒုတိယပတ် ည ၁၀ နာရီခန့်တွင် သက်သေများနှင့်အတူ မှုခင်းကျဆင်း ရေးစီမံချက်အရ အရပ်ဝတ်ဖြင့် အသွင်ယူပြီး ဆိုင်ကယ်ဖြင့် ပြည်ကြီးတံခွန်မြို့နယ် ၇၃ လမ်းနှင့် ၇၄ လမ်းကြား မဂ်လာလမ်းအတိုင်း မောင်းနှင်လာစဉ် မျက်နှာချင်းဆိုင်ဘက်မှ လူငယ်ခုနစ်ဦး ဓားရှည်များ ကိုင်ဆောင်ကာ ဆိုင်ကယ်သုံးစီးအား စီးနင်းမောင်းနှင်လာသည်ကို တွေ့ရှိသဖြင့် ရပ်တန့်ရန်ပြောကြားရာ လူငယ်ခုနစ်ဦးမှ ရဲတပ်ဖွဲ့ဝင်များအား ဓားများကိုင်၍ ခုတ်ရန်ပြေးဝင်လာသဖြင့် သေနတ်တစ်ချက် ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

ထို့နောက် ၎င်းတို့ စီးနင်းလာသော ဆိုင်ကယ်များကို ထားခဲ့ပြီး ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးရာ ကိုမောင်၊ ဘိုဟိန်းကျော် (ခ) ဘိုဘို၊ မြင့်နိုင်၊ မိုးမင်းသူ၊ သာမွန်စိုး(ခ)မွန်ထီးတို့ ငါးဦးကို ဓားရှည်များနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး **(ယာပုံ)** ၎င်းတို့ငါးဦးမှာ ဆိုင်ကယ်နှစ်စီးဖြင့် အုပ်စုဖွဲ့ လုယက်ကြောင်း ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မန်းကိုယ်ပွား**



# တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတို့အတွင်း၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၂**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ဆပ်သွားအုပ်ချုပ်ရေးမှူး အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ခြင်းဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်မှ ၁၉ ရက်အထိ ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ဖန်းခါးကုန်းအဝင် စစ်ဆေးရေးဂိတ်အနီးနေရာရှိ (ခဲရောင်) မော်တော်ယာဉ်ပေါ်မှ ပိတောက်ခွဲသား ၀ ဒသမ ၆၉၉၂ တန်၊ ယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးနှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် မြို့အဝင်လမ်းအသုံးပြုခကောက်ခံရေး ဂိတ်အနီးရှိ Mitsubishi Canter မော်တော်ယာဉ်ပေါ်မှ သစ်မာ၊ အခြားသစ်၊ တိုင်/ခွဲသား ၃ ဒသမ ၂၀၅၈ တန်၊ ထွန်တံ ၁၆ ချောင်း၊ ယာဉ်တစ်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကျောက်တောင် ကြိုးဝိုင်းအတွင်းမှ ကညင်သစ် ၄၃ ဒသမ ၈၅၆၀ တန်၊ မုံရွာ/ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် တန်ပိုဂိတ်အနီးရှိ VOXY (အဖြူရောင်)မော်တော်ယာဉ် ပေါ်မှ ပိတောက်ခွဲသား ၁ ဒသမ ၃၈၆၂ တန်၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် လှည်းပြင်တင်ရွာ မြောက်ဘက်ချောင်းအနီးနေရာရှိ မော်တော်ဆိုင်ကယ်လေးစီးပေါ်မှ ကျွန်းသစ် ၀ ဒသမ ၆၂၀ တန်နှင့် ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် သပြာဆိပ်ချောင်းနှင့် ဆားချက်ကလေး ချောင်းအတွင်း စက်လှေနှစ်စင်းပေါ်မှ တောင်သရက်ခွဲသား ၅၁ တန်ခန့်တို့ကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများကို စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# သထုံမြို့၌ မသင်္ကာသဖြင့် စစ်ဆေးရာမှ ဖုန်းနှင့် ဆိုင်ကယ်ခိုးယူသူများ ဖမ်းဆီးရမိ

**သထုံ မေ ၂၂**

သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်တင်ကိုထွန်းနှင့်အဖွဲ့သည် မေ ၂၁ ရက် နံနက် ၂ နာရီခန့်က မှုခင်းကျဆင်းရေး လှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာဖွယ်ဆိုင်ကယ် စီးနင်းလာသူနှစ်ဦးကို စစ်ဆေးစဉ် ဆိုင်ကယ်နှင့် ဖုန်းများခိုးယူလာသူများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မှုခင်းကျဆင်းရေးလှည့်ကင်းဆောင်ရွက်နေစဉ် သထုံမြို့သိမ်ကုန်းရပ်ကွက် စည်ပင်သာယာမြို့ဝင်ကြေးဂိတ်အနီး မော်လမြိုင်မှ သထုံဘက်သို့မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးကို မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးရာ ကျိုက်ထိုမြို့နေ ထက်အာကာ (ခ) မောင်မျိုးဆန်းနှင့် ရန်အောင်စိုးတို့ဖြစ်ပြီး စစ်ဆေးရှာဖွေရာ ဆိုင်ကယ်ဘောက်အတွင်းမှ ဖုန်းမျိုးစုံခြောက်လုံးနှင့် ၎င်းတို့ စီးနင်းလာသော Honda Wave 100 ဆိုင်ကယ်တို့ကို ပိုင်ဆိုင်မှုအထောက်အထားများ ပြသနိုင်ခြင်းမရှိဘဲ ခိုးယူလာသည်ဟု ယူဆရသဖြင့် သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **နန္ဒကျော်စွာ**



# ခရီးသည်တင်မှန်လုံယာဉ်တစ်စီး ယောချောင်းအတွင်း ပြုတ်ကျ

**ပေါက် မေ ၂၂**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ပေါက်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းဦးဇော်မင်းထက် မောင်းနှင်လာသော ပေါက်ရွှေပြည် ခရီးသည်တင် မှန်လုံယာဉ်တစ်စီးသည် အမှတ် (၁) ပေါက်တံတားအပေါ်တွင် ကားရှေ့ဘီးပေါက်ကာ အရှိန်မထိန်းနိုင်၍ တံတားတိုင်အမှတ် P3 နှင့် P4 အကြား တံတားဘယ်ဘက်ခြမ်းရှိ လက်ရန်းတိုင်များအား ဝင်တိုက်မိပြီး တံတားအောက် အနက် ၁၅ ပေ ခန့်ရှိ ယောချောင်းအတွင်းသို့ ပြုတ်ကျခဲ့ရာ **(အပေါ်ပုံ)** ယာဉ်မောင်း ဦးဇော်မင်းထက်နှင့် ခရီးသည်ငါးဦးတို့မှာ ဒဏ်ရာအနည်းငယ်ရရှိ၍ ပေါက်မြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များက အဝေးရာလူမှုကူညီရေးအသင်းယာဉ်ဖြင့် ပေါက်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

# ကျိုက်မရောတွင် ထော်လာဂျီနှင့် ဆိုင်ကယ်တိုက်

**ကျိုက်မရော မေ ၂၂**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ယမန်နေ့ ည ၈ နာရီက ကျိုက်မရော-မော်လမြိုင်သွား ကားလမ်းပေါ်ရှိ ရေတွင်းကုန်းကျေးရွာ ဆယ်မိုင်ကွေ့၌ ကျိုက်မရောမှ မော်လမြိုင်ဘက်သို့ မောင်းနှင်လာသော ဆိုင်ကယ်မှ ရပ်ထားသော ထော်လာဂျီကို အနောက်မှ အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်မောင်းသူမှာ ဒဏ်ရာပြင်းထန်စွာရရှိကာ သတိလစ်သွားသဖြင့် ရေတွင်းကုန်းကျေးရွာလူမှုကယ်ဆယ်ရေးယာဉ်ဖြင့် လိုအပ်သည့်အရေးပေါ်ကယ်ဆယ်ရေးများ ပြုလုပ်ပေးပြီး မော်လမြိုင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရေပူနှင့် မရမ်းချောင်စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၅ သန်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၃ သန်း စုစုပေါင်းတားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၅ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၁ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Mitsubishi Canter ခြောက်ဘီးယာဉ်တစ်စီး ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Bolt & Nuts အိတ် ၆၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၈၅ သန်းအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်အတွင်း ခိုးမှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၂**

လှိုင်သာယာ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ ဧပြီ ၃၀ ရက်က နယ်မြေအတွင်း လှည့်ကင်းတာဝန်များ ဆောင်ရွက်နေစဉ် လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်၊ သခင်တင့်လမ်း၌ ခိုးမှုများကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ သူရ၊ မျိုးဝင်း၊ ပြည့်စုံမင်း (ခ) ရာဇာ တို့ကို တွေ့ရှိစစ်ဆေးရာ ၎င်းတို့သည် ဧပြီလအတွင်း လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက်၊ တောင်ပူလမ်းအနီး၌ ရပ်တန့်ထားသော ဆိုင်ကယ်တစ်စီးကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကို အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ မရှိ အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းတို့သည် ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ ကိုသက်(ခ)အရိုး၊ ထွန်းထွန်းဦးတို့နှင့်အတူ ဖေဖော်ဝါရီလအတွင်း လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖုန်းတစ်လုံး၊ မတ်လအတွင်း လှိုင်သာယာမြို့နယ် (၈၆) ဂိတ်ဟောင်း လမ်းဘေးတွင် ရပ်ထားသော စက်ဘီးတစ်စီး၊ (၆)ရပ်ကွက်၊ အောင်မြေသာယာကုန်းဘုရားဝင်းအတွင်း အိပ်ပျော်နေသော လူတစ်ဦးထံမှ ဖုန်းတစ်လုံး၊ ဧပြီလအတွင်း လှိုင်သာယာမြို့နယ် (၁၅)ရပ်ကွက် လမ်းဘေးတွင် ရပ်ထားသော စက်ဘီးတစ်စီး၊ (၆)ရပ်ကွက်၊ အောင်စန္ဒာလမ်းဘေးတွင် ရပ်ထားသော ဆိုင်ကယ်တစ်စီး၊ (၂) ရပ်ကွက်အတွင်းရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖုန်းတစ်လုံး၊ မေလအတွင်း လှိုင်သာယာမြို့နယ် (၁၅) ရပ်ကွက်၊ ပီမိုးနင်းလမ်းဘေးတွင် ရပ်ထားသော စက်ဘီးတစ်စီးနှင့် (၆)ရပ်ကွက် နေအိမ်တစ်အိမ်အတွင်းမှ ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီး ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ ကိုသက်(ခ)အရိုးနှင့် ထွန်းထွန်းဦးတို့ကို ထပ်မံဖမ်းဆီးရမိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူများကို အမြန်ဆုံး တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

# မောင်တောမြို့၌ နေအိမ်သုံးလုံး မီးလောင်

**မောင်တော မေ ၂၂**

ရခိုင်ပြည်နယ် မောင်တောမြို့မြို့မအရှေ့ရပ်ကွက်၊ ဟိန္ဒူရွာ၌ မေ ၂၀ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့်နေအိမ်သုံးလုံးမီးလောင်မှုဖြစ်ကြောင်း သိရသည်။ မီးလောင်ရာသို့ မောင်တောခရိုင် မီးသတ်ဦးစီးမှူးရုံးမှ ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင် ဦးစီး၍ ဒုတိယမီးသတ် ဦးစီးမှူး ဆန်းလှိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ် ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီ ၂၅ မိနစ်ခန့်တွင် မီးငြိမ်းနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ မြို့မအရှေ့ရပ်ကွက်၊ ဟိန္ဒူရွာနေ ဒူကာဆာရီ ပန်းရန်လုပ်ကိုင်သူ၏ နေအိမ်မီးဖိုချောင်မှ မီးဖိုမီးကြွင်း မီးကျန်မှုတစ်ဆင့် အနီးရှိ ဝါးထရံသို့ မီးကူးစက်လောင်၍ ဘေးကပ်လျက်ရှိ နေအိမ်နှစ်လုံးပါ မီးလောင်ခဲ့ခြင်းဖြစ်သည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# အိန္ဒိယနှင့် မြန်မာနှစ်နိုင်ငံရေတပ်များ ပူးတွဲစစ်ရေးလေ့ကျင့်

**နယူးဒေလီ မေ ၂၂**
ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့ပူးပေါင်းဆောင်ရွက်သည့် ဆက်ဆံမှုကို အလေးပေးလျက်ရှိချိန်တွင် ရှစ်ကြိမ်မြောက် အင်ဒို-မြန်မာ ပူးပေါင်းကင်းလှည့်မှု ဆောင်ရွက်ရန်အတွက် မြန်မာ့တပ်မတော် (ရေ) မှစစ်ရေယာဉ်နှစ်စင်းသည် ပို့ဘလဲရား ဆိပ်ကမ်းသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ သင်္ဘောများသည် နောက်ထပ်လေးရက်ခန့်အကြာတွင် အိန္ဒိယစစ်ရေယာဉ် INS Saryu နှင့် နှစ်နိုင်ငံရေတပ်များမှ ကင်းလှည့်ရဟတ်ယာဉ်များ အတူလိုက်ပါလျက် ၇၂၅ ကီလိုမီတာရှိသည့် အိန္ဒိယ-မြန်မာ ပင်လယ်ရေကြောင်းသွားလာမှု နယ်နိမိတ်အတွင်း ပူးတွဲကင်းလှည့်ကြမည်ဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါပူးတွဲကင်းလှည့်မှုအတွင်း အိန္ဒိယနှင့် မြန်မာနိုင်ငံတို့မှ မည်သည့်စစ်ရေယာဉ်မျှ နိုင်ငံတကာပင်လယ်ရေကြောင်းသွားလာမှုနယ်နိမိတ်မျဉ်း (IMBL)ကို ဖြတ်ကျော်မှုပြုလုပ်မည်မဟုတ်ကြောင်း ဖော်ပြထားသည်။ သင်္ဘောများသည် အကြမ်းဖက်မှု၊ တရားမဝင် ငါးခိုးဖမ်းမှု၊ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှု၊ သားငှက်တိရစ္ဆာန်များအားတရားမဝင်ဖမ်းဆီးမှုနှင့် အိန္ဒိယ-မြန်မာနှစ်နိုင်ငံလုံး၏ အကျိုးစီးပွားကို ထိခိုက်စေမည့် အခြားသော တရားမဝင်လုပ်ရပ်များကို ကာကွယ်တားဆီး တိုက်ဖျက်ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ဖော်ပြခဲ့သည်။

အိန္ဒိယရေတပ်ဖွဲ့သည် မြန်မာနိုင်ငံနှင့်အတူ CORPAT ပူးတွဲကင်းလှည့်မှုကို ၂၀၁၃ခုနှစ် မတ်လတွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဒေသတွင်းနိုင်ငံအချို့ဖြစ်သည့် အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်လည်း ပူးတွဲကင်းလှည့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ပီတီအိုင်**



အိန္ဒိယရေတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

# မြောက်ကိုရီးယားကုန်တင်သင်္ဘောကို အမေရိကန်က ဖမ်းဆီးထိန်းသိမ်းခဲ့မှု မြောက်ကိုရီးယားသံတမန် သတိပေး



ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီး ကင်ဆောင်

**ပြုံယမ်း မေ ၂၂**
အမေရိကန်ပြည်ထောင်စုက ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မြောက်ကိုရီးယား ကုန်တင်သင်္ဘောကို ပြန်မပေးလျှင် မြောက်ကိုရီးယားနိုင်ငံက ယင်းအတွက် တုံ့ပြန်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ မြောက်ကိုရီးယားသံအမတ်ကြီး ကင်ဆောင်က ပြောကြားလိုက်ကြောင်း သိရသည်။

သံအမတ်ကြီး ကင်ဆောင်သည် နယူးယောက်မြို့ရှိ ကုလ သမဂ္ဂရုံးချုပ်၌ အင်္ဂါနေ့က သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ထိုသို့ပြောဆိုခဲ့ခြင်းဖြစ်သည်။ အမေရိကန် တရားရေးဌာနက မြောက်ကိုရီးယားကုန်တင်သင်္ဘော Wise Honest ကို သိမ်းဆည်းလိုက်ကြောင်း မေ ၉ ရက်က ကြေညာခဲ့ပြီးနောက်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယား သင်္ဘောသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူပိတ်ဆို့မှုများကို ချိုးဖောက်ကာ ကျောက်မီးသွေးတင်ပို့မှု ပြုလုပ်ခဲ့သည်ဟု ဝါရှင်တန်က ပြောကြားထားသည်။

သင်္ဘောအားသိမ်းဆည်းခဲ့မှုကို ပြုံယမ်းက နှစ်နိုင်ငံထိပ်သီးအစည်းအဝေးအတွင်း သဘောတူညီမှုကို ဖောက်ဖျက်လိုက်သည့် အပြုအမူတစ်ခုအဖြစ် ဖော်ပြခဲ့ပြီး လုယက်မှုပြုလုပ် နေခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။ သင်္ဘောအားသိမ်းဆည်းမှုသည် အမေရိကန်က မြောက်ကိုရီးယားအပေါ် အလွန်ဆိုးရွားသည့် မူဝါဒတစ်ခု ကျင့်သုံးလိုက်ရာရောက်ကြောင်း ကင်ဆောင် က ဝေဖန်ရှုတ်ချလိုက်ပြီး ယင်းလုပ်ရပ်အတွက် ဖြစ်ပေါ်လာနိုင်သည့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နောက်ဆက်တွဲပြဿနာရပ်များကို အမေရိကန်အနေဖြင့် ထည့်သွင်းစဉ်းစားသင့်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# နိုင်ငံတကာရေပိုင်နက်များပေါ်တွင် လေ့ကျင့်ပျံသန်းမှုပြုလုပ်နေသော ရုရှားလေယာဉ်များအား အမေရိကန်တိုက်လေယာဉ်များ လိုက်ပါစောင့်ကြည့်

**မော်စကို မေ ၂၂**
အာတိတ်နှင့် ပစိဖိတ်သမုဒ္ဒရာများ၏ နိုင်ငံတကာရေပိုင်နက်များပေါ်တွင် ပုံမှန်လေ့ကျင့်ပျံသန်းရေးပြုလုပ်နေသည့် ရုရှားနိုင်ငံမှ တီယူ-၉၅ အမ်အက်စ်မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်လေးစင်းအား အမေရိကန်တိုက်လေယာဉ်များက ခြံရံလိုက်ပါစောင့် ကြည့်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ယမန်နေ့က ပြောသည်။

ရုရှားလေယာဉ်များ သတ်မှတ်ထားရာ လမ်းကြောင်းအတိုင်း ပျံသန်းနေစဉ် ၎င်းလေယာဉ်များကို အမေရိကန်လေတပ်မှ အက်ဖ်-၂၂ ဂျက်တိုက်လေယာဉ်များက လိုက်ပါစောင့်ကြည့်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အာတိတ်နှင့် ပစိဖိတ်သမုဒ္ဒရာများ၏ နိုင်ငံတကာရေပိုင်နက်များပေါ်တွင် ပုံမှန်လေ့ကျင့်ပျံသန်းရေး ပြုလုပ်နေသည့် ရုရှားနိုင်ငံမှ တီယူ-၉၅ အမ်အက်စ်မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်လေးစင်းသည် ချွတ်ချီ၊ ဘာရင်နှင့် အော့ခေါ့စ်ခ်ပင်လယ်ပြင်များအပြင် အလူးရှင်းကျွန်း၏ မြောက်ပိုင်းကမ်းရိုးတန်းနှင့် အလာစကာအရှေ့ပိုင်း ကမ်းရိုးတန်းများပေါ်တွင် ပျံသန်းချိန် ၁၂ နာရီကြာ ပြုလုပ်ခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ရုရှား၏ ခရီးဝေးမောင်းနှင်သော စစ်ဘက်ဆိုင်ရာ လေယာဉ်များသည် အာတိတ်၊ အာန္တာတိကနှင့် ပစိဖိတ်သမုဒ္ဒရာများ၏ နိုင်ငံတကာရေပိုင်နက်များပေါ်တွင် ပုံမှန်ပျံသန်းမှုများ ပြုလုပ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။



ရုရှားနိုင်ငံမှ တီယူ- ၉၅ မဟာဗျူဟာမြောက် ဗုံးကြဲလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

လေယာဉ်များအားလုံး နိုင်ငံတကာလေပိုင်နက်ကို အသုံးပြုရန်အတွက် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများအတိုင်း လုပ်ဆောင်ခဲ့ကြောင်းနှင့် တခြားနိုင်ငံများ၏ ပိုက်နက်နယ်မြေများကို ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းမရှိကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

# အတိုက်အခံများက အင်ဒိုနီးရှား ရွေးကောက်ပွဲရလဒ်ကို ကန့်ကွက်ဆန္ဒပြ

**ဂျကာတာ မေ ၂၂**
အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် သမ္မတရွေးကောက်ပွဲ၏ တရားဝင်ထုတ်ပြန်လိုက်သည့် ရလဒ်များကို ကန့်ကွက်သည့်အနေဖြင့် ဆန္ဒပြရန် ဂျကာတာမြို့တော်၌ လူထောင်ပေါင်းများစွာ စုဝေးခဲ့ကြကြောင်း သိရသည်။

အတိုက်အခံကိုယ်စားလှယ် ဘာရာဗိုဝူဆူဘီယန်တိုကိုထောက်ခံသည့် ဆန္ဒပြပြည်သူများက ရွေးကောက်ပွဲသည် မည်သူ့ကို အနိုင်ပေးမည်ဟု ကြိုတင်ကြံစည်ထားသော ရွေးကောက်ပွဲတစ်ခုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရွေးကောက်ပွဲကော်မရှင်သည် နောက်ဆုံးမဲရေတွက်မှုကို အဆုံးသတ်လိုက်ပြီး သမ္မတဂျိုကိုဝီဒိုဒိုက မဲအရေအတွက်၏ ၅၅ ရာခိုင်နှုန်းကို အနိုင်ရရှိခဲ့ပြီး ဘာရာဗိုဝူက ၄၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်နေသည့်အဖွဲ့က ရွေးကောက်ပွဲအတွင်း လုပ်ကြံထားသည်ဟု ယူဆရသည့် သက်သေအထောက်အထား မတွေ့ရကြောင်း ပြောကြားခဲ့သည်။ ဆန္ဒဖော်ထုတ်မှုများသည် ညပိုင်းတွင် ရုန်းရင်းဆန်ခတ်ဖြစ်လာခဲ့ပြီး ရဲတပ်ဖွဲ့က လူစုခွဲရန် မျက်ရည်ယိုဓာတ်ငွေ့များဖြင့် ပစ်ခတ်ခဲ့ရသည်။ ဆန္ဒပြပြည်သူ ၂၀ ထက်မနည်းကိုလည်း ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အတိုက်အခံကိုယ်စားလှယ် ဘာရာဗိုဝူက ရွေးကောက်ပွဲရလဒ်များကို တရားရုံး၌ ခုခံချေပသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နှင့် အီရန်ကြားတင်းမာသည့်အခြေအနေကို ဖြေလျှော့ရန် အီရတ်ကိုယ်စားလှယ်အဖွဲ့စေလွှတ်မည်

**ဘဂ္ဂဒက် မေ ၂၂**
အမေရိကန်နှင့် အီရန်အကြား တင်းမာသည့်အခြေအနေကို ဖြေလျှော့ရန် သက်ဆိုင်ရာနိုင်ငံများသို့ အီရတ်ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် အဒယ်အဗ္ဗဒူမာဒီက ယမန်နေ့က ပြောသည်။

မေ ၂၀ ရက်က ပြုလုပ်သော ဝန်ကြီးအဖွဲ့အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲတွင် အီရတ်ဝန်ကြီးချုပ်က အီရတ်အနေဖြင့် အမေရိကန်နှင့် အီရန်ကြား တင်းမာသည့်အခြေအနေကို ကြိုးပမ်းကူညီ ဖြေလျှော့ပေးနေကြောင်း ပြောကြားသည်။

အီရတ်နိုင်ငံသည် အမေရိကန်၊ အီရန် အဆင့်မြင့်အရာရှိများနှင့် ဆက်သွယ်မှုရှိရာ ၎င်းတို့နှစ်နိုင်ငံတင်းမာမှုကို ဖြေလျှော့သွားရန် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံသည် တစ်ဖက်တည်းရပ်တည်ကာ အခြားတစ်ဖက်အား ဦးတည်ခြင်းပြုမည်မဟုတ်သလို ယင်းနှစ်ဖက်ကြားတွင် သတင်းစကားဆင့်ကမ်းခြင်းသာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမေရိကန်နှင့် အီရန်နှစ်နိုင်ငံလုံး စစ်ပွဲအစပျိုးလိုသည့်ဆန္ဒမရှိကြောင်း အီရတ်ဝန်ကြီးချုပ် အဒယ်က ဆက်လက်ပြောကြားသည်။

လတ်တလောတွင် အီရန်နှင့် အမေရိကန်ဆက်ဆံရေးသည် ဆက်တိုက်တင်းမာလျက်ရှိသည်။ ယခုနှစ် ဧပြီလတွင် အမေရိကန်က အီရန်တော်လှန်ရေးတပ်ဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ပြီး မကြာမီ အီရန်ကလည်း အမေရိကန်ဗဟိုစစ်ဌာနချုပ်နှင့် ၎င်း၏ အနောက်အာရှတွင် အခြေစိုက်ထားသည့် တပ်ဖွဲ့အား အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့သည်။

အမေရိကန်က မေလဆန်းပိုင်းတွင် အမေရိကန်လေယာဉ်တင်သင်္ဘောနှင့် ဗုံးကြဲလေယာဉ်အထူးတပ်ဖွဲ့များကို အရှေ့အလယ်ပိုင်းတွင် တပ်ချထားပြီး အီရန်နိုင်ငံ၏ ခြိမ်းခြောက်မှုများကို တုံ့ပြန်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။



အီရတ်ဝန်ကြီးချုပ် အဒယ်အဗ္ဗဒူမာဒီ

အီရန်ကလည်း လက်ရှိတွင် အမြင့်ဆုံး စစ်ရေးကာကွယ်မှုအနေအထားပြုလုပ်ထားကြောင်းနှင့် ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် အသင့်ပြင်ထားပြီးဖြစ်ကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး အာမာဟက်တမီက မေ ၁၅ ရက်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ပိုမိုစည်းကမ်းတင်းကျပ်လာတော့မယ့် ဆွစ်ဇာလန်သေနတ်ထိန်းချုပ်ရေးဥပဒေ

**ကလျာမိုးမြင့်**

**ဥရောပရဲ့လက်နက်ကိုင်ဆောင်မှုအများဆုံးနိုင်ငံတွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ဆွစ်ဇာလန်နိုင်ငံမှာ ပြည်သူတွေဟာ ဥရောပသမဂ္ဂကချမှတ်ထားတဲ့ စည်းမျဉ်းတွေနဲ့အညီဖြစ်စေဖို့ ပိုမိုတင်းကျပ်တဲ့ သေနတ်ထိန်းချုပ်ရေး ဥပဒေပြင်ဆင်ရေးအတွက် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ကြပါတယ်။**

### လွတ်လပ်စွာသွားလာနိုင်တဲ့ ဇုန်အတွင်းပါဝင်

ဆွစ်ဇာလန်ဟာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုလားဆိုတော့ မဟုတ်ပါဘူး။ ဒါဆိုရင်ဘာကြောင့် ဥရောပသမဂ္ဂရဲ့ စည်းကမ်းအတိုင်း လိုက်နာရသလဲ။ ဥရောပသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ Schengen ဧရိယာထဲမှာ ဆွစ်ဇာလန်ပါဝင်နေလို့ပါပဲ။ Schengen ဧရိယာဟာ ဥရောပနိုင်ငံပေါင်း ၂၆ခုက နိုင်ငံသားတွေ ဗီဇာမလို၊ နိုင်ငံကူးလက်မှတ်မလိုဘဲ လွတ်လပ်စွာသွားလာနိုင်တဲ့ဇုန်တစ်ခု ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်တွေက ပါရီနဲ့ဘရပ်ဆဲလ်တို့မှာ သေနတ်နဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပြီးတဲ့နောက် ဥရောပသမဂ္ဂက သေနတ်ထိန်းချုပ်တဲ့ဥပဒေကို ပိုမိုတင်းကျပ်လိုက်ပါတယ်။

### ထုတ်ပယ်ခံရနိုင်

တနင်္ဂနွေနေ့ကပြုလုပ်ခဲ့တဲ့ ဆန္ဒခံယူပွဲမှာ မဲဆန္ဒရှင်ပြည်သူတွေရဲ့ ၆၄ ရာခိုင်နှုန်းက ပိုမိုစည်းကမ်းတင်းကျပ်လိုက်တဲ့ သေနတ်ထိန်းချုပ်ရေးဥပဒေကို ထောက်ခံမဲပေးခဲ့ကြပါတယ်။ အကယ်၍သာ မဲပေးမှုမှာ ပြည်သူတွေက ဥပဒေပြင်ဆင်ရေးကို ငြင်းဆန်ခဲ့မယ်ဆိုရင် ဆွစ်ဇာလန်ဟာ Schengen ဧရိယာထဲကနေ ထုတ်ပယ်ခံရတော့မှာ ဖြစ်ပါတယ်။ ဥရောပသမဂ္ဂက ချမှတ်ထားတဲ့ ဥပဒေမှာကျည်တစ်တောင့်ချင်း မောင်းပြန်ရိုင်ဖယ်သေနတ်များနဲ့ ကျည်အတွဲလိုက်မောင်းပြန်ရိုင်ဖယ်သေနတ်များ ကိုင်ဆောင်မှုကို ပိုမိုစည်းကမ်းတင်းကျပ်ထားပြီး နိုင်ငံသားဆိုင်ရာအချက်အလက်သိမ်းဆည်းမှုတွေအားဖြင့် လက်နက်တွေကို ခြေရာခံရလွယ်ကူအောင်လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

### နိုင်ငံသားအခွင့်အရေး

သေနတ်ထိန်းချုပ်ရေး ဥပဒေကိုပြင်ဆင်ဖို့ ဥရောပသမဂ္ဂရဲ့ ကနဦးတိုက်တွန်းချက်ဟာ ဆွစ်ဇာလန်နိုင်ငံအတွင်း ဝေဖန်မှုတွေ ပေါ်ပေါက်လာစေခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီဥပဒေက စစ်မှုထမ်းဟောင်းတွေအနေနဲ့ ၎င်းတို့ရဲ့ တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ်တွေကို အမြတ်တနိုး ဆက်လက်ထိန်းသိမ်းသွားတဲ့ အစဉ်အလာကို တားမြစ်ပိတ်ပင်လာနိုင်တဲ့အတွက်ကြောင့်ပါပဲ။ ဆွစ်ဇာလန် အာဏာပိုင်တွေကတော့ လိုက်လျောပေးနိုင်တာတွေနဲ့ ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးနေကြပေမယ့် သေနတ်ထိန်းချုပ်ရေး စည်းမျဉ်းတွေဟာ နိုင်ငံသားတွေရဲ့ အခွင့်အရေးအပေါ် ကျူးကျော်ထိပါးနေဆဲပဲလို့ သေနတ်ကိုင်ဆောင်မှုကိုထောက်ခံတဲ့ တက်ကြွလှုပ်ရှားသူတွေက အငြင်းပွားလျက်ရှိပါတယ်။

### လက်ရှိ သေနတ်ထိန်းချုပ်ရေးဥပဒေ

ဆွစ်ဇာလန်နိုင်ငံမှာ လက်ရှိပြဋ္ဌာန်းထားတဲ့ လက်နက်ဥပဒေဟာ ဥရောပသမဂ္ဂကပြဋ္ဌာန်းထားတဲ့ လက်နက်ဥပဒေထက်စာရင် တင်းကျပ်မှုမရှိလှဘဲ အမေရိကန်မှာကျင့်သုံးနေတဲ့ ဥပဒေနဲ့ ခပ်ဆင်ဆင်ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ နိုင်ငံအတွင်းမှာ ကျည်တစ်တောင့်ချင်းမောင်းပြန်ရိုင်ဖယ်သေနတ်တွေကို လွတ်လပ်စွာဝယ်ယူ ခွင့်ပြုထားပါတယ်။ ဒါပေမယ့် ကျည်အတွဲလိုက် မောင်းပြန်ရိုင်ဖယ်သေနတ်တွေ၊ အသံတိတ်သေနတ်တွေနဲ့ ပစ်မှတ်လေဆာတွေဝယ်ယူဖို့ကတော့ အထူးခွင့်ပြုချက်လိုအပ်မှာ ဖြစ်ပါတယ်။ ကျည်ဆန်တွေဝယ်ယူမှုကိုလည်း ဆွစ်ဇာလန်မှ တရားဝင် ခွင့်ပြုထားပေမယ့် အမဲလိုက်ခြင်းကို ကန့်သတ်ထားပါတယ်။ သေနတ်တွေဝယ်တော့မယ်ဆိုရင် ဝယ်သူဟာ သက်တမ်းကုန်ဆုံးခြင်းမရှိသေးတဲ့ နိုင်ငံသားဖြစ်ကြောင်း သက်သေခံကတ်ပြား၊ နေရပ်လိပ်စာ၊ သုံးလအတွင်းပြုလုပ်ထားတဲ့ ရာဇဝတ်မှုကင်းရှင်းကြောင်း အထောက်အထားမိတ္တူနဲ့ သေနတ်ဝယ်ယူခွင့်လိုင်စင်ကို အရင်ဆုံးလျှောက်ထားရပါမယ်။



ဆွစ်ဇာလန်နိုင်ငံရှိ သေနတ်ရောင်းချသည့် နေရာတစ်ခုကို တွေ့ရစဉ်။

### လိုင်စင်လျှောက်ထားနိုင်

မိမိကိုယ်တိုင်အတွက်ရော တခြားသူတွေအတွက် အန္တရာယ်ခြိမ်းခြောက်မှုတစ်ခုအဖြစ် သတ်မှတ်ခြင်းမခံရတဲ့ အသက် ၁၈ နှစ်ပြည့်ပြီး အသိအမှတ်ပြုလက်မှတ် (C permit) ရရှိထားတဲ့ ဆွစ်ဇာလန်နိုင်ငံသားတွေနဲ့ ပြည်ပနိုင်ငံသားတွေဟာ သေနတ်ကိုင်ဆောင်ခွင့်လျှောက်ထားနိုင်ပါတယ်။သို့သော်လည်း ဆားဘီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုဗီနာ၊ ကိုဆိုဗို၊ မြောက်မက်ဆီဒိုနီးယား၊ တူရကီ၊ သီရိလင်္ကာ၊ အယ်လ်ဂျီးရီးယားနဲ့ အယ်ဘေးနီးယားနိုင်ငံတွေကလာတဲ့ ပြည်ပနိုင်ငံသားတွေဟာ ဆွစ်ဇာလန်နိုင်ငံအတွင်းမှာ လက်နက်ပိုင်ဆိုင်ခွင့် (သို့) ကိုင်ဆောင်ခွင့်မရှိပါဘူး။

### သေနတ်ပိုင်ဆိုင်မှုအများဆုံးနိုင်ငံတစ်ခု

သေနတ်ထိန်းချုပ်ရေးမူဝါဒအဖွဲ့ရဲ့ ပြောကြားချက်အရ ဆွစ်ဇာလန်နိုင်ငံဟာ ကမ္ဘာပေါ်မှာ သေနတ်ကိုင်ဆောင်မှုအများဆုံး လေးခုမြောက်နိုင်ငံဖြစ်ပြီး ဆွစ်ဇာလန်ပြည်သူတွေရဲ့ ၄၈ ရာခိုင်နှုန်းလောက်ဟာ သေနတ်ပိုင်ဆိုင်ထားကြတယ်လို့ သိရပါတယ်။ ပြည်သူလူထုအတွင်း သေနတ်တွေ ပျံ့နှံ့ရောက်ရှိမှုအရေအတွက်ဟာဆိုရင် အတော်လေးများပြားနေပြီး ၁ ဒသမ ၂ သန်းနဲ့ ၄ ဒသမ ၅ သန်းအတွင်းမှာ ရှိနေတယ်လို့ဆိုပါတယ်။ Schengen သတင်းအချက်အလက်စနစ်မှာ စတင်ပါဝင်လာခဲ့တဲ့ ၂၀၀၈ ခုနှစ်မှာမှ ဆွစ်ဇာလန်နိုင်ငံဟာ လက်နက်ကိုင်ဆောင်မှုတွေအတွက် ပထမဆုံးမှတ်ပုံတင်မှုကို မဖြစ်မနေစတင်လုပ်ဆောင်ရတာဖြစ်တဲ့အတွက် ဆွစ်ဇာလန်အနေနဲ့ ၂၀၀၈ ခုနှစ် မတိုင်မီက လက်နက်ဝယ်ယူမှုတွေနဲ့ပတ်သက်ပြီး မှတ်ပုံတင်ခဲ့ခြင်းမရှိခဲ့သလို တရားဝင်စာရင်းအင်းအချက်အလက်တွေမှာလည်း ဖော်ပြခဲ့တဲ့အနေအထားမျိုး မတွေ့ရပါဘူး။

### သေနတ်ကြောင့်သေဆုံးရမှုများ

ဆွစ်ဇာလန်ဟာ ကမ္ဘာပေါ်မှာ သေနတ်ပိုင်ဆိုင်မှုအများဆုံးနိုင်ငံတစ်ခုဖြစ်လင့်ကစား သေနတ်ကြောင့်ဖြစ်ပွားရတဲ့ ရာဇဝတ်မှုဖြစ်ပွားမှု အနည်းအကျဉ်းသာရှိခဲ့ပါတယ်။ သေနတ်နဲ့ ဆက်စပ်တဲ့ လူသတ်မှုဖြစ်ပွားတဲ့နှုန်းဟာဆိုရင်လည်း လူတစ်သိန်းမှာမှ ၀ ဒသမ ၅ ရာခိုင်နှုန်းလောက်သာရှိခဲ့ပြီး လူတစ်သိန်းမှာ ငါးယောက်သေဆုံးမှုရှိခဲ့တဲ့ အမေရိကန်နဲ့ နှိုင်းယှဉ်လိုက်ရင် မပြောပလောက်တဲ့ ပမာဏလို့ဆိုနိုင်ပါတယ်။ ဆွစ်ဇာလန်မှာ ဖြစ်ပွားသမျှ သေနတ်နဲ့ဆက်စပ်နေတဲ့ သေဆုံးမှုအများစုဟာဆိုရင် မိမိကိုယ်ကိုယ်အဆုံးစီရင်တဲ့ သေဆုံးမှုတွေသာ အဖြစ်များပါတယ်။ မိမိကိုယ်ကို သေနတ်ဖြင့် အဆုံးစီရင်မှုတွေဟာ ၂၀၀၁ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ အချိန်ကာလအတွင်း ၂၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

### တစ်သီးပုဂ္ဂလဆန်ဆန်ရပ်တည်

သေနတ်ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ဆွစ်ဇာလန်နိုင်ငံရဲ့ သဘောထားရပ်တည်ချက်ဟာ အနောက်ဥရောပနိုင်ငံမှာ တစ်သီးပုဂ္ဂလဆန်တဲ့ အနေအထားမျိုးလို့ ဆိုရမလိုပါပဲ။ သေနတ်တွေဟာ ဆွစ်ဇာလန်ယဉ်ကျေးမှုထုံးတမ်းမှာ ခိုင်မာတဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ဆက်လက်ရှိနေပြီး ဆွစ်ဇာလန်နိုင်ငံသားအဖြစ်ခံယူထားတာ ၁၀ နှစ်သို့မဟုတ် ၁၀ နှစ်ထက် ပိုကြာမြင့်ပြီဖြစ်တဲ့ လူတိုင်းဟာ စစ်သုံးရိုင်ဖယ်ကို လွတ်လပ်စွာ ပစ်ခတ်နိုင်ခွင့်ရှိပါတယ်။

### အကြမ်းဖက်မှုတွေကို ပူးပေါင်းကာကွယ်ဖို့

သေနတ်ထိန်းချုပ်ရေး ဥပဒေအသစ် ပြင်ဆင်ရေးဆွဲဖို့နဲ့ ပတ်သက်ပြီး သဘောထားမတိုက်ဆိုင်မှုတွေ၊ ဝေဖန်မှုတွေ၊ ကန့်ကွက်မှုတွေ ရှိခဲ့ပေမယ့်လည်း နောက်ဆုံးမှာတော့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကနေ ပေါ်ထွက်လာတဲ့ ရလဒ်တွေက ပြည်သူတွေရဲ့သဘောထားကို ဖော်ပြလိုက်ပါပြီ။အကြမ်းဖက်တိုက်ခိုက်မှုတွေကို ကာကွယ်တားဆီးဖို့ ကြိုးပမ်းလိုတဲ့ ဥရောပသမဂ္ဂရဲ့ကြိုးပမ်းအားထုတ်မှုမှာ ဆွစ်ဇာလန်ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့ စိတ်အားထက်သန်မှုရှိနေသလို သတိကြီးကြီးထားနေရတဲ့ ဘရပ်ဆဲလ်နဲ့ ဆက်ဆံရေးကိုလည်း အကောင်းဆုံးဖြစ်စေချင်နေတဲ့ ဆွစ်ဇာလန်ပြည်သူတွေဟာ အစိုးရဲ့အကြံဉာဏ်ကို လက်ခံလိုက်နာပြီး အသစ်ပြဋ္ဌာန်းမယ့် သေနတ်ထိန်းချုပ်ရေးဥပဒေကို တစ်ခဲနက်ထောက်ခံလိုက်ပြီဖြစ်ပါတယ်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘီဘီစီ**

## နိုင်ငံတကာသတင်းတိုထွာ

### တရုတ်လေကြောင်းကုမ္ပဏီများက ဘိုးရင်းကုမ္ပဏီကိုလျော်ကြေးတောင်းမည်

**ပေကျင်း မေ ၂၂**

ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် ပျက်ကျမှုနှစ်ခုဖြစ်ပွားခဲ့ပြီးနောက်တွင် တရုတ်နိုင်ငံမှ အကြီးဆုံးလေကြောင်းကုမ္ပဏီသုံးခုတို့က ဘိုးရင်း ၇၃၇မက်စ်လေယာဉ်များ ရပ်နားထားရခြင်းနှင့် ပေးပို့မှုနှောင့်နှေးခြင်းတို့အတွက် ဘိုးရင်းကုမ္ပဏီထံမှ နစ်နာကြေးရရှိရန်၊ အမှုဖွင့်ဆောင်ရွက်ရန် ကြိုးပမ်းနေကြောင်း တရုတ်နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြခဲ့သည်။

နိုင်ငံပိုင်သတင်းမီဒီယာအများအပြားတွင် ဖော်ပြချက်များအရ အမေရိကန်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာ တင်းမာမှုများအရှိန်မြင့်နေချိန်တွင် China Southern လေကြောင်းလိုင်း ၊ China Eastern လေကြောင်းလိုင်းနှင့် Air China လေကြောင်းလိုင်းတို့က အမေရိကန်လေယာဉ်ကုမ္ပဏီကြီးဖြစ်သည့် ဘိုးရင်းမှ လျော်ကြေးငွေရရှိအောင် လုပ်ဆောင်မည်ဟု သိရသည်။

**အေအက်ဖ်ပီ**

### ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ စောစီးစွာခေါ်ယူရန် ဗင်နီဇွဲလားသမ္မတ အဆိုပြု

**ကရာကတ် မေ ၂၁**

ဗင်နီဇွဲလားသမ္မတ နီကိုလပ် မာဒူရိုသည် ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲ စောစီးစွာကျင်းပရန်၊ အတိုက်ခံများနှင့် ဆွေးနွေးမှုများပြုလုပ်ရန် ၎င်း၏သဘောထားကို မေ ၂၀ ရက်က ကြေညာခဲ့သည်။

လူထု၏ မဲဆန္ဒအတိုင်း တိုင်းတာသွားမည်ဖြစ်ကြောင်း၊ အနိုင်ရရှိမည့်သူမှာ ပြည်သူများပင်ဖြစ်ကြောင်း မာဒူရိုက ပြောသည်။ သမ္မတ မာဒူရိုသည် ၎င်းရွေးကောက်ခံရပြီးနောက် ပထမဆုံးနှစ်ပတ်လည်အခမ်းအနားတွင် ထောက်ခံသူများကို မိန့်ခွန်းပြောကြားစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

မိန့်ခွန်းပြောကြားစဉ်အတွင်း ၎င်းမှာ ငြိမ်းချမ်းရေးနှင့် ဆွေးနွေးညှိနှိုင်းခြင်းကို ယုံကြည်ကြောင်း ပြောခဲ့သည်။ နော်ဝေတွင် ပြုလုပ်သည့် အစိုးရနှင့်အတိုက်ခံအဖွဲ့အစည်းတို့၏ ဆွေးနွေးညှိနှိုင်းမှုမှာ ကောင်းမွန်သည့် လက္ခဏာများရှိကြောင်း၊ မကြာမီအချိန်အတွင်း သဘောတူညီမှုရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း ၎င်းကပြောခဲ့သည်။

အစွမ်းကုန်ကြိုးပမ်းသွားမည်ဟု ကတိပြုကြောင်း၊ ထို့ကြောင့် ဗင်နီဇွဲလားနိုင်ငံသည် မကြာမီအချိန်အတွင်း ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိလိမ့်မည်ဟု သမ္မတ မာဒူရိုက ပြောသည် ။

**ဆင်ဟွာ**

# မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ လက်စွဲစာအုပ်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**ထားဝယ် မေ ၂၂**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP တို့ ပူးပေါင်း၍ မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများ လက်စွဲစာအုပ်မိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ Diamond Crown Hotel ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က မျှတသောတရားစီရင်ရေးစံနှုန်းများနှင့် သက်ဆိုင်သောအခွင့်အရေးများသည် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များတွင် ပါရှိသောစံနှုန်းများဖြစ်ပြီး ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရား စီရင်ခြင်းတို့ ဆောင်ရွက်ရာ၌ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ လွတ်လပ်ခွင့်နှင့် အခြေခံရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သောကြောင့် နိုင်ငံတကာတွင် ကျင့်သုံးသည့် စံနှုန်းများမှ အချက်များကိုကောက်နုတ်၍ ဖော်ထားသည့် အချက်ရှစ်ချက်ဖြစ်သဖြင့် ဥပဒေအရာရှိများ အမြဲမပြတ် လေ့လာကျင့်သုံးရမည့်အချက်များဖြစ်ကြောင်း၊ ဥပဒေအရာရှိများက ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးပြီး မရှင်းလင်းသည့် အချက်များရှိပါက မိမိ၏အတွေ့အကြုံနှင့် ထင်ဟပ်၍ မေးမြန်းဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။



ထားဝယ်မြို့၌ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများ လက်စွဲစာအုပ်မိတ်ဆက်ခြင်း အခမ်းအနား ကျင်းပစဉ်။

ထို့နောက် UNDP မှ တာဝန်ရှိသူ Mr. Kaspar Benjaminက မြန်မာဥပဒေကို အခြေခံ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရေးသားခဲ့သည့် စာအုပ်ဖြစ်ကြောင်း၊ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများလက်စွဲစာအုပ်ထဲတွင် ပါရှိသည့် ဥပဒေအကြောင်းအရာများသည် သိရှိပြီးသားဖြစ်သော်လည်း ပိုမိုသိရှိနားလည်စေရန်အတွက် ပဋ္ဌမအကြိမ် မြောက်ပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယုယုခင်က တရားဥဒေစိုးမိုးရေး အခြေခံမူများနှင့် လူ့အခွင့်အရေးများ၊ မျှတသော တရားစီရင်ရေးစံနှုန်းများနှင့် တရားဥပဒေစိုးမိုးရေးမှုများ၊ ရာဇဝတ်တရားစီရင်ရေးဆိုင်ရာ မျှတသော တရားစီရင်ရေး စံနှုန်းများ၊ တရားစီရင်ရာတွင် ကျင့်သုံးရမည့် မျှတသော တရားစီရင်ရေး စံနှုန်းများ၊ အမျိုးသမီး အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုပေးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မိုးရာသီ လူထုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပနိုင်ရေး ရှမ်းပြည်နယ်၌ ဆွေးနွေးပွဲပြုလုပ်

**နမ့်ဆန် မေ ၂၂**

ရှမ်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဒေသအဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိုးရာသီ လူထုသစ်ပင်စိုက်ပျိုးပွဲ ကျင်းပနိုင်ရေးဆွေးနွေးပွဲကို ယမန်နေ့က ဒေသဦးစီးအဖွဲ့ခန်းမ၌ ပြုလုပ်သည်။

ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က မြန်မာနိုင်ငံ၌ သစ်တောပြုန်းတီးမှု ဖြစ်ပေါ်နေပြီး ရာသီဥတုဖောက်ပြန်၍ စံချိန်တင်အပူချိန် မြင့်တက်လျက်ရှိရာ သစ်တောပြုန်းတီးမှုကို ဝိုင်းဝန်းကာကွယ်ရန်အတွက် အစားထိုးသစ်ပင်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဤဒေသတွင် သစ်ပင်စိုက်ပျိုးရန်အတွက် မူရင်းဒေသ သစ်ပင်မျိုးစိတ်များကို ဦးစားပေးစိုက်ပျိုးရန်လိုကြောင်း၊ သို့မှသာ အပင်များရှင်သန်ကြီးထွားမှု မြန်ဆန်လာမည်ဖြစ်ကြောင်း၊ နမ့်ဆန်ဒေသမှာ သစ်ပင်သစ်တောများ များစွာကျန်ရှိနေသေးသည်ကို မြင်ရသည့်အတွက် များစွာဂုဏ်ယူမိကြောင်း သစ်ပင်စိုက်ပျိုးရန် မြေနေရာရွေးချယ်ထားရန်လည်း မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေးက ကျောက်မဲ-မိုင်းငေါ့-နမ့်ဆန် လမ်းပိုင်းအဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍများကို ရှင်းလင်းပြောကြားသည်။

ယခုအခါတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ထည့်ဝင်ငွေကျပ် ၄၀ ရာခိုင်နှုန်းခန့် ထည့်ဝင်ပြီး ဆောင်ရွက်မည်ဆိုပါက နိုင်ငံတော်အတွက်လည်းကောင်း၊ ဒေသအတွက်လည်းကောင်း ကောင်းကျိုးများ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**အောင်မိုး (ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး မေ ၂၂**

၂၀၁၉ ခုနှစ် အသက် ၂၅ နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်က တောင်ကြီးမြို့ပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က တိုင်းဒေသကြီးနှင့် ပြည်နယ်ဘော်လီဘောပြိုင်ပွဲကို ကျင်းပပေးရခြင်း၏ရည်ရွယ်ချက်မှာ မိမိ နိုင်ငံတော်ကို ကိုယ်စားပြုနိုင်မည့် ထူးချွန်ထက်မြက်သော ဘော်လီဘောမျိုးဆက်သစ် လူငယ်အားကစားသမားများ ပေါ်ထွက်လာစေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဘော်လီဘော အားကစားသမားများ အချင်းချင်း စုစည်းတွေ့ဆုံ၍ ချစ်ခင်ရင်းနှီးမှု ရရှိကြပြီး ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြုစေရေးတို့အတွက်ဖြစ်ကြောင်း၊ မြန်မာ့ဘော်လီဘောအားကစား အဆင့်အတန်း ပြန်လည်တိုးတက်အောင်မြင်လာစေရန်နှင့် မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရေးတို့အတွက် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် တိုင်းဒေသကြီး/ပြည်နယ်အားလုံးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက အထူးအာရုံစိုက်ပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေပေးအပ်ကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲပထမပွဲစဉ်အဖြစ် အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို အုပ်စုလေးစုခွဲ၍ ယှဉ်ပြိုင်ကြပြီး အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီး ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲကို မေ ၂၂ ရက် မှ ၃၁ ရက်အထိ နေ့စဉ် အမျိုးသား အမျိုးသမီး တစ်ရက်လျှင် ခြောက်ပွဲယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မော်လမြိုင်ကျွန်းမြို့နယ် ရွှေနတ်ကူဆုတောင်းပြည့် စေတီတော်သို့ အလှူငွေလှူဒါန်း

**မော်လမြိုင်ကျွန်း မေ ၂၂**

မော်လမြိုင်ကျွန်းမြို့နယ် သစ်တိုဆိပ်ကျေးရွာအုပ်စု မစိုးရိမ်ကျေးရွာရှိ ရှေးဟောင်းမဟာအတုလမာန်အောင် ရွှေနတ်ကူဆုတောင်းပြည့်စေတီတော်သို့ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူတော်ငွေ စုပေါင်းပေးအပ်လှူဒါန်းပွဲကို မေ ၂၀ ရက်က အဆိုပါ စေတီတော် ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များကိုယ်စား ဦးဇော်ဝင်းသိန်းနှင့် ဦးမောင်လေးတို့က ပေးအပ်ရာ စေတီတော်တည်ထားရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်၊ အတွင်းရေးမှူး ဦးကျော်ဝင်းတို့က လက်ခံယူကြသည်။

အဆိုပါ ရှေးဟောင်းရွှေနတ်ကူစေတီတော်မှာ ယိုယွင်းပျက်စီးနေသဖြင့် မူလစေတီတော်ကို ငုံ၍ ၂၉ တောင် စေတီတော်အဖြစ် ဆရာတော်ဘဒ္ဒန္တသုမနနှင့် စေတီတော်တည်ထားရေးအဖွဲ့တို့က ရှေးမူမပျက်တည်ထားလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ လာရောက်ကြပြီး စေတီတော်အား ဖူးမြော်ကာ အလှူငွေများ ပါဝင်လှူဒါန်းလျက်ရှိသည်။

ယင်းရွှေနတ်ကူ ဆုတောင်းပြည့်စေတီတော်သို့ လာရောက်ကြသော ဘုရားဖူးများကို သက်သတ်လွတ်ထမင်း၊ ဟင်းများဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးလျက်ရှိပြီး စေတီတော် ပြုပြင်မွမ်းမံတည်ထားမှုအား ပါဝင်လှူဒါန်းလိုပါက ဖုန်း ၀၉-၆၉၆၀၀၁၅၇၆ နှင့် ဖုန်း-၀၉-၇၈၆၄၃၂၇၆၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**မော်ကျွန်း - မြင့်အောင်**

# မင်းဘူးမြို့ ဆိုလာစက်ရုံမှ လျှပ်စစ်မဂ္ဂါဝပ် ၄၀ ကို နိုင်ငံတော်ဓာတ်အားပေးစနစ်ထဲသို့ ပေါင်းထည့်နိုင်တော့မည်

**မင်းဘူး မေ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၏ အနောက်တောင်ဘက် ၁၆ ဒသမ ၃ မိုင် ခန့်အကွာ မင်းဘူး- အမ်းကားလမ်းဘေး၌တည်ရှိသော မြန်မာနိုင်ငံ၏ ပထမဆုံး ဆိုလာဓာတ်အားပေးစက်ရုံမှ လျှပ်စစ်မဂ္ဂါဝပ် ၄၀ ကို မဟာဓာတ်အားလိုင်းဟုခေါ်သည့် နိုင်ငံတော်ဓာတ်အားပေးစနစ်ထဲသို့ ဇူလိုင်လထဲတွင် အပြည့်အဝ ပေါင်းထည့်နိုင်တော့မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ပထမအဆင့်အဖြစ် မဂ္ဂါဝပ် ၂၀ ကို ယခုနှစ်မေလကုန်တွင်လည်းကောင်း၊ ဒုတိယအဆင့်အဖြစ် မဂ္ဂါဝပ် ၂၀ ကို ဇူလိုင်လထဲတွင်လည်းကောင်း ထုတ်လုပ်ပေါင်းထည့်မှုများ လုပ်ဆောင်သွားမည်ဖြစ်သည်။

“နိုင်ငံတော်ဓာတ်အားစနစ်ထဲကို ပထမအဆင့်အနေနဲ့ ၄၀ မဂ္ဂါဝပ် ထုတ်လွှတ်ဖို့ ဆောင်ရွက်နေတာမှာ အခု မေ ၃၀ ရက်မှာ မဂ္ဂါဝပ် ၂၀ ကို စပြီး ထုတ်လွှတ်သွားဖို့ ပြင်ဆင်နေပါပြီ။ နောက်ထပ် မဂ္ဂါဝပ် ၂၀ ကိုလည်း တစ်လခွဲလောက်နေရင် ထုတ်လွှတ်ပေးနိုင်မှာ ဖြစ်ပါတယ်” ဟု တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်၊ သယံဇာတနှင့်လျှပ်စစ်စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်က ပြောသည်။

နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံမှာ Green Earth Power (Myanmar) Co.,Ltd.နှင့် နိုင်ငံတော်အစိုးရတို့ ၂၀၁၃ ခုနှစ် မေ ၂ရက်တွင် MoU သဘောတူလက်မှတ်ရေးထိုး၍ ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်တွင် PPA သဘောတူလက်မှတ်ရေးထိုးခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ပြီး မြေကေအကျယ် ၇၀၀ ပေါ်တွင် ဆိုလာပြားများ ဖြန့်ခင်း၍ လျှပ်စစ်ဓာတ်အား စုစည်းထုတ်လုပ်လျက်ရှိသည်။

“ယခင် အစိုးရလက်ထက်က သဘောတူညီခဲ့တဲ့ နှုန်းထားကို ယနေ့ပေါက်ဈေးနှင့်တွက်ပါက တစ်ယူနစ်လျှင် မြန်မာငွေကျပ် ၁၉၀ ဝန်းကျင် ပေးချေဝယ်ယူရမှာ ဖြစ်ပါတယ်။ နောက်ထပ်ပြီး ထုတ်လုပ်မယ့် ဓာတ်အားတွေနဲ့ ပတ်သက်ပြီး ဈေးနှုန်းထပ်မံ လျှော့ချပေးဖို့ ညှိနှိုင်းမှုတွေ ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

**ဇေယျာတု (မကွေး)**



မင်းဘူးမြို့၌ ဆိုလာပြားများဖြန့်ခင်း၍ လျှပ်စစ်ဓာတ်အား စုစည်းထားစဉ်။

# မြစ်ကြီးနားမြို့ မဇ္ဈိမလာဘ ဗောဓိမြတ်စွာဘုရားဌာပနာပိတ်ပွဲကျင်းပ

**မြစ်ကြီးနား မေ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ပလန(၂) ဂန့်ဂေါ်မြိုင်ကျေးရွာ မဇ္ဈိမမနောသုခဖောင်ဒေးရှင်းကျောင်းတိုက်ဝင်းအတွင်း တည်ထားကိုးကွယ်သော မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရားဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၁၈ ရက်က အဆိုပါကျောင်းတိုက်ဝင်းရှိ မဇ္ဈိမမြပုလဲဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ဆရာတော်အပါး၁၂၀ ကြွရောက်တော်မူပြီး အလှူရှင်များက မဟာဓမ္မကထိက အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ကြာနီကန်ဆရာတော် ဘဒ္ဒန္တတရေဝတ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သီရိသုဓမ္မသိင်္ဂီ ဒေါ်မြရှင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မဇ္ဈိမမနောသုခဖောင်ဒေးရှင်းကျောင်း ပြည်တွင်းပြည်ပသာသနာပြု မဟာနာယကချုပ် ဒေါက်တာအရှင်နန္ဒဝံသထံမှ မဇ္ဈိမလာဘ ဗောဓိမြတ်စွာဘုရားဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာ အနုမောဒနာတရား နာယူတော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရားဌာပနာပိတ်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင် ကျောင်းတိုက်ဝင်းအတွင်း ယာယီမဏ္ဍပ်များ၌ အလှူရှင်များက နိဗ္ဗာန်ဈေးပွဲတော် ကျင်းပလှူဒါန်းခဲ့ကြသည်။

မဇ္ဈိမမနောသုခဖောင်ဒေးရှင်းကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်နေသော ထိုင်တော်မူ မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရားကြီးသည် ၁၀၈ ပေ အမြင့်ရှိကြောင်း သိရသည်။

**အာကာစိုး**



မဇ္ဈိမလာဘဗောဓိမြတ်စွာဘုရားကြီးအား ဖူးတွေ့ရစဉ်။

# ရေချို၊ ရေငန် ငါးမဖမ်းရ ရာသီတွင် လုံးဝငါးဖမ်းဆီးခွင့်မပြုဘဲ တားမြစ်ထား

**ရန်ကုန် မေ ၂၂**

မြန်မာနိုင်ငံ၏ ငါးသယံဇာတထိန်းသိမ်းရေးတွင် ရေချို၊ ရေငန်ဖမ်းဆီးရာ၌ သတ်မှတ်ကာလတွင်သာ ဖမ်းဆီးရန်နှင့် ငါးလုပ်ငန်းဦးစီးဌာနမှ မိုးရာသီတွင် ငါးမဖမ်းရ သုံးလသတ်မှတ်ထားရာ ကုန်းတွင်းနှင့် ပင်လယ်ပြင်၌ ထိုသတ်မှတ်ထားသောလများကို ယခုနှစ်တွင် Zero Section အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

မိုးရာသီ ကုန်းတွင်းပိုင်း ငါးရစ်ငါးသန်တက်ချိန်ဖြစ်သော မေလမှ ဇူလိုင်လအထိ၊ ပင်လယ်ပြင်တွင် ဇွန်လမှ ဩဂုတ်လအထိ ငါးဖမ်းဆီးခြင်းကို အထူးတားမြစ်ထားပြီး ကီလိုမီတာ ၃၆၀၀ ခန့် ရှည်လျားသော မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်တွင်လည်း သတ်မှတ်သုံးလတွင် ငါးမဖမ်းရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားထားသည်။

“ ဒီနှစ်ကုန်းတွင်းပိုင်းနဲ့ ပင်လယ်ပြင်မှာ သတ်မှတ်ထားတဲ့သုံးလ ငါးရစ်ငါးသန် ပေါက်ပွားချိန် ဖြစ်တဲ့အတွက် လုံးဝဖမ်းဆီးခြင်းမရှိဖို့ Zero Section အနေနဲ့ ဆောင်ရွက်ထားတယ်။ လုပ်ငန်းရှင်တွေ ကြိုက်နှစ်သက်မှု မရှိပေမယ့် မြန်မာနိုင်ငံအနေနဲ့ ရေသယံဇာတအတွက် အနာဂတ်ကို ကြည့်ပြီးသူတို့လည်း နားလည်လာတယ်။ ငါးဖမ်းဆီးမှုများလာတာကြောင့် ရေသယံဇာတတွေ လျော့နည်းလာတဲ့အတွက် ငါးပေါက်ပွားချိန်မှာ ငါးမဖမ်းဖို့ တားမြစ်ထားတာပါ။ ပြီးတော့ နော်ဝေနိုင်ငံနဲ့ ပူးပေါင်းပြီး မြန်မာ့ရေပိုင်နက်မှာ ငါးသယံဇာတ တည်ရှိမှုနဲ့ ရာသီအလိုက်ပေါက်ပွားမှုကို သုတေသန ပြုဆောင်ရွက်နေပါတယ်” ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှဝင်းက ပြောသည်။

နော်ဝေနိုင်ငံမှ သုတေသနသင်္ဘောဖြင့် ရခိုင်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ပင်လယ်ပြင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ငါးသယံဇာတတည်ရှိမှုကို ၂၀၁၈ ခုနှစ်တွင် သုတေသနပြု လေ့လာလျက်ရှိသည်။ ရန်ကုန်အခြေစိုက်အနေဖြင့် ပင်လယ်ပြင်ငါးဖမ်းသင်္ဘော ၉၀၀ ကျော်ရှိပြီး ဧရာဝတီအခြေစိုက်၊ တနင်္သာရီအခြေစိုက်၊ မွန်ပြည်နယ်အခြေစိုက် အပါအဝင် ငါးဖမ်းစက်လှေ စုစုပေါင်း သုံးထောင်ကျော်ရှိ၍ ငါးမဖမ်းရ ကန့်သတ်ကာလတွင် ငါးဖမ်းကွက်ကို ရေချို၊ ရေငန်အလိုက် သုံးရာသီကို Zero Section အပြည့် တားမြစ်ထားခြင်းဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ပုစွန်ကို တစ်လက်မ ပိုက်၊ ငါးကို နှစ်လက်မပိုက်ဖြင့်သာဖမ်းဆီးရန် သတ်မှတ်ထားပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ပင်လယ်ပြင်တွင် တရားမဝင် ငါးဖမ်းဆီးမှုမရှိသော်လည်း ရေသယံဇာတ ကျန်ရှိသော မြန်မာ့ပင်လယ်ပြင်တွင် လာရောက်ဖမ်းဆီးမှုရှိသောကြောင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရန်သတ်မှတ်ထားသော နေရာ၌သာ ဖမ်းဆီးကြရန်နှင့် ငါးမဖမ်းရသတ်မှတ်ကာလတွင်လည်း ဖောက်ဖျက်ပါက ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတု ပြောင်းလဲမှုကြောင့် ကမ်းရိုးတန်းရှိသော နိုင်ငံတိုင်းတွင် ငါးသယံဇာတများ တဖြည်းဖြည်း လျော့ပါးလာလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် နော်ဝေ၊ဒိန်းမတ်၊ ဩစတြေးလျနှင့် FAO တို့ဖြင့် ရေသယံဇာတ ထိန်းသိမ်းကာကွယ်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရေချိုကုန်းတွင်းပိုင်း ရေသယံဇာတထိန်းသိမ်းရေးတွင်လည်း ကျေးရွာများ၌ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ်မှစ၍ ဧရာဝတီ မြစ်ဝကျွန်းပေါ်အထိ ရေပြင်တွင် ငါးမျိုးစိုက်ထည့်သော လုပ်ငန်းကို နှစ်စဉ်လုပ်ဆောင်လျက်ရှိပြီး အသေးစားလုပ်ငန်းရှင်များကိုလည်း JICA မှ ကူညီထောက်ပံ့လျက်ရှိကြောင်း သိရသည်။ **သန်းထိုက်**



ရေချိုငါးဖမ်းဆီးမှုကို တွေ့ရစဉ်။

# ကနီမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးဆွေးနွေး

**ကနီ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းက မြို့နယ်စီမံကိန်း ရေးဆွဲရေးတွင် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များ ထည့်သွင်းအကောင်အထည်ဖော်ရေးဆွဲနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကနီမြို့မြို့နယ် ခန်းမ၌ မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှင်ဌေး၊ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ကနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသက်က ကနီမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြု စီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲကို လူထုဗဟိုပြုစီမံကိန်း ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ရေးဆွဲထားသော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာဌာနများ၏ ဘတ်ဂျက်များတွင် ထည့်သွင်းအကောင်အထည်ဖော်ရေးဆွဲနိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသူများထံမှလည်း ဆွေးနွေးအကြံပြုချက်များရယူလိုကြောင်းရှင်းလင်းပြောကြားသည်။ **သန်းလွင်(မကွေး)**

# ဈေးကွက်ပေါက်ဈေး

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၂-၅-၂၀၁၉

### ရွှေ

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၃၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၀၀ ကျပ် | ၁၀၁၅/၁၀၂၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၀ ကျပ် | ၉၄၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၇၀ ကျပ် | ၁၀၁၀/၁၀၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၄၀ · ၃ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၉ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၇ · ၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၅၀ · ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၅ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၀ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၃ · ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ · ၀၉၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၉ · ၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၇ · ၉၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၁၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

**၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချီရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံအလယ်ပိုင်းက ပြည်သူ့ဆေးဝါးထုတ်လုပ်ရေးစက်ရုံ

(အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

**စက်ရုံ အဆောက်အအုံသစ်ဖွင့်ပွဲသို့**

၂၀၁၉ ခုနှစ် ဧပြီ ၅ ရက်က စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း လက်အောက်ရှိ ဘီပီအိုင် (BPI) အမှတ်တံဆိပ်ဖြင့် ပြည်သူ့ကျန်းမာရေး အထောက်အကူပြု ဆေးဝါးများကို ထုတ်လုပ်ပေးနေသော ဆေးဝါးစက်ရုံ(အင်ရောင်း)၏ သွေးကြောသွင်းဆေးရည် တိုးမြှင့်ထုတ်လုပ်ရေး စက်ရုံ အဆောက်အအုံသစ် ( Large Volume Parenteral Solution Production Plant) ဖွင့်ပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံ လူနာတင်ယာဉ်များ အရည်အသွေးစိစစ် အသိအမှတ်ပြုရေးကော်မရှင် (CAAM)၏ ကော်မရှင်အဖွဲ့ဝင်တစ်ဦးလည်းဖြစ်၊ အာဆီယံပင်္ဂညာဥ်ခံ အင်ဂျင်နီယာပညာရှင်တစ်ဦးလည်းဖြစ်ပြီး ပြည်သူ့အကျိုးပြု သိပ္ပံစာရေးဆရာတစ်ဦးလည်းဖြစ်သော မိမိအတွက် စိတ်ဝင်စားဖွယ်ရာအတိဖြစ်သည့် အဆိုပါစက်ရုံ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ပါရန် ဖိတ်မန္တကပြုပေးခဲ့သော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဆေးဝါးစက်ရုံ (အင်ရောင်း)စက်ရုံမှူးတို့၏ ဖိတ်ကြားခဲ့မှုအပေါ်လည်း တလေးတစား ကျေးဇူးတင်မိသည်။ စက်ရုံဖွင့်ပွဲတွင် အဆောက်အအုံသစ်ကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်အနောက် ၂ မိုင် ၅ ဖာလုံအကွာရှိ အင်ရောင်းကျေးရွာအနီး၌ တည်ရှိသော ဆေးဝါးစက်ရုံ(အင်ရောင်း)သည် ၃၁ ဒသမ ၅၇ ဧကကျယ်ဝန်းသော ပြည်သူ့ဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီးတစ်ရုံဖြစ်သည်။ နိုင်ငံတော်အတွက် လိုအပ်ချက်ဖြစ်သည့် တစ်ခါသုံး ဆေးထိုးအပ်၊ ထိုးဆေးနှင့် သွေးကြောသွင်းဆေးရည်များကို ပိုမို ဖြည့်ဆည်းပေးရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်ရရှိရန်၊ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကို ရယူအသုံးချ၍ ဆေးဝါးထုတ်လုပ်မှုနည်းပညာ အသိကြွယ်စေရန်၊ ပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ ဆေးကုသမှု ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးရန်နှင့် လိုအပ်သော ဆေးဝါးများ ဖြည့်တင်းပေးရန် စသော ရည်ရွယ်ချက်များဖြင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်က ဆေးဝါးစက်ရုံ(အင်ရောင်း)ကို စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်တစ်ဝန်း ဆေးဝါးလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဘီပီအိုင်(BPI) အမှတ်တံဆိပ်ဖြင့် တစ်ခါသုံးဆေးထိုးအပ် သုံးမျိုး၊ သွေးကြောသွင်းဆေးရည်ငါးမျိုး၊ ထိုးဆေး ၁၇ မျိုး၊ ပဋိဇီဝထိုးဆေး ငါးမျိုး၊ ဆေးမှုန့် ခုနစ်မျိုး၊ မျက်စဉ်းဆေး တစ်မျိုး၊ Irrigation Solution နှစ်မျိုးနှင့် အနာကျက်ဆေးရည် နှစ်မျိုးတို့ကို ထုတ်လုပ်ပေးနေသော ဆေးဝါးစက်ရုံ(အင်ရောင်း)၏ သွေးကြောသွင်းဆေးရည် တိုးမြှင့်ထုတ်လုပ်ရေး အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ရင်း ဘီပီအိုင် (BPI) အမှတ်တံဆိပ်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသတိရမိလိုက်သည်။




ဆေးဝါးစက်ရုံ(အင်ရောင်း)၏ သွေးကြောသွင်းဆေးရည် တိုးမြှင့်ထုတ်လုပ်ရေး အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**ဘီပီအိုင်၏ သမိုင်းကြောင်း**

ဘီပီအိုင်ဟုဆိုလျှင် မသိသူ မရှိသလောက်ရှားပြီး မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူ မှန်သမျှတွင် ဘီပီအိုင်အမှတ်တံဆိပ်နှင့် ကင်းသူဟူ၍ ရှာမတွေ့နိုင်ပေ။ အကြောင်းမှာ တစ်ချိန်က Burma Pharmaceutical Industry(BPI) အဖြစ် အလွန်ထင်ရှားခဲ့ပြီး ယခုအခါ စက်မှုဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့ဆေးဝါးလုပ်ငန်း၏ မဟာဗျူဟာမြောက် ဆေးဝါးထုတ်လုပ်ရေးစက်ရုံများဖြစ်ကြသော ဆေးဝါးစက်ရုံ (အင်းစိန်)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း)တို့မှ ထုတ်လုပ်ပေးနေသည့် ပြည်သူ့ကျန်းမာရေး အထောက်အကူပြု ဆေးဝါးတို့၏ အမှတ်သညာဖြစ်နေသောကြောင့်ပင်။

ဘီပီအိုင်တံဆိပ် ဆေးဝါးများသည် အာနိသင်ထက်မြက်ပြီး စံချိန်စံညွှန်းပြည့်မီခြင်း၊ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ် (GMP)နှင့်အညီ ထုတ်လုပ်ထားခြင်း၊ အရည်အသွေး မြင့်မားခြင်း စသည့်အချက်များနှင့် ပြည့်စုံသောကြောင့် သုံးစွဲသူများကို ထိရောက်စွာ အကျိုးပြုခဲ့သည်။ အကျိုးပြုနေဆဲလည်းဖြစ်သည်။ ဘီပီအိုင် အမှတ်တံဆိပ်သည် မြန်မာနိုင်ငံ ပြည်တွင်း၌သာမက နိုင်ငံရပ်ခြား တိုင်းပြည်များတွင်ပါ လူသိများထင်ရှားသော အမှတ်တံဆိပ် တစ်ခုအဖြစ် ဆယ်စုနှစ်ပေါင်းများစွာ ရပ်တည်နိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ(BPI) ပေါ်ပေါက်ဖြစ်တည်လာရပုံသည်လည်း မြန်မာ့လွတ်လပ်ရေးရရှိမှု ကာလမတိုင်မီနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလတို့နှင့် ဆက်စပ်ပတ်သက်နေခဲ့သည်။

**ဘီပီအိုင်စက်ရုံ တည်ဆောက်ခြင်း**

၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးဒဏ်ကို အခြားသော နိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ဆိုးရွားစွာ ခံခဲ့ရသည့်အားလျော်စွာ စစ်ပြီးခေတ်တွင် စစ်ဘေးဒဏ်ခံ မြန်မာပြည်သူအချို့မှာ အာဟာရချို့တဲ့မှုနှင့် ရောဂါကာကွယ်ကုသသည့် ဆေးဝါးများ ရှားပါးပြတ်လပ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ကြရသည်။ ထိုကဲ့သို့သော ခါးသီးသည့် အတွေ့အကြုံများက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နိုင်ငံအတွင်း ခေတ်မီဆေးဝါးစက်ရုံတစ်ရုံတည်ဆောက်ရန် အကြောင်းပေါ်ပေါက်လာစေခဲ့သည်။

နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး၊ အရေးပေါ် အခြေအနေများတွင် ဆေးဝါးရှားပါးပြတ်လပ်မှု အကျပ်အတည်းကို ကျော်လွှားနိုင်ရေး၊ နိုင်ငံခြားငွေ သုံးစွဲရမှုကို သက်သာစေရေး၊ သွင်းကုန်အစားထိုးနိုင်ရေးနှင့် မြန်မာတိုင်းရင်းသားများ ဆေးဝါးထုတ်လုပ်မှု အတတ်ပညာ တတ်မြောက် ကျွမ်းကျင်လာစေရေး စသော ဦးတည်ချက် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံတစ်ခုကို တည်ထောင်လည်ပတ်ရန် အားထုတ်ကြိုးပမ်းခဲ့ကြရာ ၁၉၅၂ ခုနှစ် ဩဂုတ်လက ကျင်းပခဲ့သော ပြည်တော်သာညီလာခံ၏ စီမံကိန်းကြီး ဆယ်ရပ်တွင် ဆေးနှင့်ကျန်းမာရေးကဏ္ဍတစ်ရပ် ပါဝင်ခဲ့သည်။

ပြည်တော်သာစီမံကိန်း၏ ဆေးနှင့် ကျန်းမာရေးကဏ္ဍအတွက် ကနဦး လုပ်ငန်းစဉ်အဖြစ် အမျိုးသားစီမံကိန်းဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့ကို ဆေးဝါးလုပ်ငန်းများ လေ့လာရန် ၁၉၅၃ ခုနှစ်က အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ စေလွှတ်ခဲ့သည်။ ယင်းကိုယ်စားလှယ်အဖွဲ့၏ အစီရင်ခံစာကို အကြောင်းပြုကာ နိုင်ငံတော်အစိုးရ ဝန်ကြီးများအဖွဲ့သည် ၁၉၅၃ ခုနှစ်အတွင်းမှာပင် အထူးစီမံကိန်းများ ရုပ်လုံးဖော်ရေးအဖွဲ့ကို ဖွဲ့စည်းကာ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ၁၉၅၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးမြို့ရှိ အီဗင်ဆေးဝါးထောက်ပံ့ရေးလီမိတက်(Evans Medical Supplies Ltd.)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရတို့သည် မြန်မာနိုင်ငံတွင် ဆေးဝါးထုတ်လုပ်ရေးစက်ရုံ တည်ဆောက်မည့် စီမံကိန်းအတွက် စာချုပ်ချုပ်ဆိုခဲ့ကြသည်။ စာချုပ်ပါ သဘောတူညီချက်များအရ မြန်မာနိုင်ငံအတွင်း၌ ခေတ်မီ ဆေးဝါးထုတ်လုပ်ရေး စက်ရုံကို တည်ဆောက်ပြီး ရောဂါကာကွယ်ကုသဆေးများကို ကျယ်ပြန့်စွာ ထုတ်လုပ်ရန်နှင့် အရက်ပြန်နှင့် အာဟာရဖြည့် ယိစ်ဆေးပြားများကိုလည်း ထုတ်လုပ်ရန်ဖြစ်သည်။

ယင်းသို့ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက်ရှိ ယခု ဆေးဝါးစက်ရုံ(အင်းစိန်) တည်ရှိရာ မြေဧရိယာ ၇၉ ဧကပေါ်၌ စက်ရုံအဆောက်အအုံများ ဆောက်လုပ်ရန် ရွေးချယ်သတ်မှတ်ခဲ့သည်။ ၁၉၅၄ ခုနှစ် ဧပြီ ၂၃ ရက်တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပန္နက်ရိုက်ပြီး အုတ်မြစ်ချမင်္ဂလာ ပြုလုပ်ကာ ထိုနှစ်မေလတွင် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်။

**ဆေးဝါးများ စတင်ထုတ်လုပ်ခြင်း**

စက်ရုံ၏ ပင်မထုတ်လုပ်ရေး အဆောက်အအုံကို ၁၉၅၅ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးခဲ့ပြီးနောက် အဆိုပါ အဆောက်အအုံ၏ တစ်စိတ်တစ်ပိုင်းကို ယာယီထုတ်လုပ်မှု ယူနစ်တစ်ခုအဖြစ် ဖွဲ့စည်းမွမ်းမံကာ ဆေးဝါးအချို့ကို စတင်ထုတ်လုပ်ခဲ့သည်။ ၁၉၅၇ခုနှစ်ဇန်နဝါရီလတွင် ပါဏဗေဒဌာနကိုလည်းကောင်း၊ ယင်းနှစ် ဖေဖော်ဝါရီလတွင် အရက်ချက်စက်ရုံကိုလည်းကောင်း၊ ဇူလိုင်လတွင် တဆေးစက်ရုံကိုလည်းကောင်း၊ ဩဂုတ်လတွင် စက်ရုံအဆောက်အအုံ အားလုံးကိုလည်းကောင်း တည်ဆောက်ပြီးစီးခဲ့သည်။

မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (BPI)၏ အဆောက်အအုံများကို တည်ဆောက်ရာတွင် ထိုစဉ်က ကျပ်ငွေ သန်း ၄၀ ကျော် ကုန်ကျခဲ့ပြီး ထုတ်လုပ်ရေး စက်ကိရိယာများ ဝယ်ယူတင်သွင်း တပ်ဆင်ခြင်းအတွက် ကျပ်ငွေ သန်း ၂၀ ကျော် စုစုပေါင်း ကျပ်ငွေ သန်း ၆၀ ကျော် ကုန်ကျခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ဆေးဝါးအမယ်(အမည်)ပေါင်း ၄၁ မျိုးနှင့် ကာကွယ်/ကုသဆေး ခြောက်မျိုးတို့ကို စတင်ထုတ်လုပ်နိုင်ခဲ့ပြီး ထိုနှစ်ထဲမှာပင် အရက်ပြန်၊ တဆေးနှင့် ယိစ်ဆေးပြားများကိုပါ တစ်ဆက်တစ်စပ်တည်း စတင်ထုတ်လုပ်နိုင်ခဲ့သည်။

၁၉၅၇ ခုနှစ် မကုန်မီ တည်ဆောက်ရေးနှင့် စက်ကိရိယာ တပ်ဆင်ရေးလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခဲ့သော မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ (BPI)ကို ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် အခမ်းအနားဖြင့် ဖွင့်လှစ်ပေးခဲ့သည်။

**စာချုပ်ရုပ်စဲခြင်း**

ယင်းသို့ ဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်းတွင် အီဗင်ဆေးဝါးထောက်ပံ့ရေး လီမိတက်နှင့် မြန်မာနိုင်ငံတော်အစိုးရတို့ ချုပ်ဆိုခဲ့သည့် စာချုပ်ကို မလွှဲမရှောင်သာဘဲ ရုပ်စဲရန် အကြောင်း ပေါ်ပေါက်လာခဲ့သည်။ စက်ရုံစီမံကွပ်ကဲအုပ်ချုပ်ရေး ညံ့ဖျင်းခြင်း၊ စက်ရုံကိစ္စ အကြောင်းပြချက်ဖြင့် နိုင်ငံခြားသားဝန်ထမ်းများ၏ ပြည်ပခရီးသွားလာမှု စရိတ်စက များပြားလွန်းခြင်း၊ အုပ်ချုပ်မှုစရိတ်ကြီးမြင့်ကာ အရှုံးပေါ်ခြင်း၊ မြန်မာတိုင်းရင်းသား စက်ရုံဝန်ထမ်းများအပေါ် နိုင်ငံခြားသားများ၏ ဆက်ဆံရေး ပြေပြစ်မှုမရှိခြင်း၊ အုပ်ချုပ်ရေး၊ ပစ္စည်းဝယ်ယူရေး၊ အင်ဂျင်နီယာပညာရပ်နှင့် ဆေးဝါးထုတ်လုပ်ရေးပညာရပ် အစရှိသည်တို့ကို မြန်မာတိုင်းရင်းသားများအား သင်ကြားပြသစေရာတွင် ပညာထိမ်ချန်ပြီး စနစ်တကျသင်ကြားပေးမှုမရှိခြင်း၊ နိုင်ငံခြားမှ ဆေးဝါးကုန်ကြမ်းများ ဝယ်ယူတင်သွင်းရာတွင် ကုမ္ပဏီကြားခံလူများကြောင့် နိုင်ငံတကာပေါက်ဈေးထက် အဆမတန်ဈေးပိုပေးကာ ဝယ်ယူရခြင်း၊ နိုင်ငံခြားသားများက ၎င်းတို့၏အကျိုးစီးပွားအတွက် တစ်ဖက်သတ်အသာစီးယူ လုပ်ကိုင်ဆောင်ရွက်ကြခြင်းစသော အကြောင်းများကြောင့် မြန်မာပြည်သူလူထုနှင့် မြန်မာနိုင်ငံ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၏ အနာဂတ်အကျိုးတို့ကို ရှေးရှုကာ မူလစာချုပ်သက်တမ်း ခုနစ်နှစ် မပြည့်မီ ၁ နှစ် ၈ လနှင့် ရက် ၂၀ အလို ၁၉၅၉ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် မြန်မာနိုင်ငံတော်အစိုးရနှင့် အီဗင် ဆေးဝါးထောက်ပံ့ရေး လီမိတက်တို့ ချုပ်ဆိုခဲ့သည့် စာချုပ်ကို တရားဝင်ရုပ်စဲကာ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ရသည်။ ။ *(ဆက်လက်ဖော်ပြပါမည်။)*

**“ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ဘေးဒဏ်ကို အခြားသောနိုင်ငံများနည်းတူ မြန်မာနိုင်ငံလည်း ဆိုးရွားစွာခံခဲ့ရသည့်အားလျော်စွာ စစ်ပြီးခေတ်တွင် စစ်ဘေးဒဏ်ခံ မြန်မာပြည်သူအချို့မှာ အာဟာရချို့တဲ့မှုနှင့် ရောဂါကာကွယ်ကုသသည့်ဆေးဝါးများ ရှားပါးပြတ်လပ်မှုကြောင့် အသက်ဆုံးရှုံးခဲ့ကြရသည်။ ထိုသို့ ခါးသီးသည့် အတွေ့အကြုံများက မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ခေတ်မီဆေးဝါးစက်ရုံတစ်ရုံတည်ဆောက်ရန် အကြောင်းပေါ်ပေါက်လာစေခဲ့သည်”**

## နမ့်ခမ်းမြို့၌ မီးဘေးကာကွယ်ရေး အသိပညာပေးမှုများ ကြိုတင်ဆောင်ရွက်နေ

**နမ့်ခမ်း မေ ၂၂**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် အိမ်များ၊ စက်ရုံ အလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမင်းသန့် ဦးဆောင်သော သန္ဓေနှင့် အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်များမှ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ရပ်ကွက်တာဝန်ရှိသူများက လိုက်လံ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ်အတွင်း မီးဘေးလုံခြုံရေး စစ်ဆေးမှုများကို မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့အနေဖြင့် ရပ်ကွက် ၁၄ ခု၌ နေ့စဉ် အလှည့်ကျ လိုက်လံဆောင်ရွက်လျက်ရှိပြီး မေ ၂၁ ရက်က အမှတ်(၁)ရပ်ကွက်(မန့်ခမ်း)ရှိ လူနေအိမ်များ၊ အလုပ်ရုံများနှင့် စက်သုံးဆီ(ပန့်)ဆိုင်များ၌ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားခြင်း ရှိမရှိကို တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကိုလည်း သရုပ်ပြ သင်ကြားပေးခဲ့ကြောင်း သိရသည်။

ဥက္ကာမင်း (နမ့်ခမ်း)



ဓာတ်ဆီဆိုင်တစ်ဆိုင်မှ ဝန်ထမ်းများအား မီးငြိမ်းသတ်မှု သရုပ်ပြသင်ကြားနေစဉ်

# ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့တွင် စီးနင်းနိုင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်

**ရန်ကုန် မေ ၂၂**
မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက်ရည်ရွယ်ကာ ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်ကို နိုဝင်ဘာလအတွင်း ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့တွင် စီးနင်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း Synergy အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ကိုနိုင်ဦးက ပြောသည်။

"ငြိမ်းချမ်းရေးအတွက် ဆိုင်ကယ်စီးခရီးစဉ်ကတော့ ရှိဦးမှာပါ။ ကချင်ဘက်တွေ၊ ရခိုင်ဘက်တွေ ကျန်သေးတယ်။ ကျွန်တော်တို့တွေ စီစဉ်နေပါတယ်။ အန္တရာယ်ကြီးတာတော့ မှန်တယ်။ သို့သော် အဲဒီဒေသမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တွေရယ်၊ တပ်မတော်ရယ်ပြီးတော့ အာဏာပိုင်အဖွဲ့အစည်းပေါ့။ သူတို့တွေနဲ့ ညှိနှိုင်းပြီး အဆင်ပြေတယ်ဆိုရင် အဲဒီဘက်ဒေသတွေကိုစီးဖို့ ကျွန်တော်တို့ ပြင်ဆင်နေကြပါတယ်" ဟု Myanmar Press Freedom Office ၌ ယမန်နေ့က ပြုလုပ်သော လူသားဆန်မှုပွဲတော်နှင့် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ် မှတ်တမ်းဓာတ်ပုံပြပွဲအတွက် မိတ်ဆက်သတင်းစာရှင်းလင်းပွဲတွင် ဦးနိုင်ဦးက ပြောသည်။

ငြိမ်းချမ်းရေးအတွက် ရည်ရွယ်ပြုလုပ်သည့် မိုင် ၁၅၀၀ ငြိမ်းချမ်းရေး ဆိုင်ကယ်စီးခရီးစဉ်ကို မတ် ၂၇ ရက်မှ စတင်စီးနင်းခဲ့ပြီး ရန်ကုန် - တောင်ငူ - လွိုင်ကော် - တောင်ကြီး - မိုင်းရှူး- နောင်ချို-ပြင်ဦးလွင်-မန္တလေး-ပုဂံ-ပြည် အစရှိသော မြို့ပေါင်း ၅၂ မြို့ကို ၁၁ ရက်ကြာဖြတ်ကျော်စီးနင်းကာ ဧပြီ ၆ ရက်တွင် ရန်ကုန်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်စီးနင်းသူများတွင် ရန်ကုန်၊ ပြည်တို့မှ ဆိုင်ကယ်သမားများအပြင် တက်ကြွလှုပ်ရှားသူများ၊ ကျောင်းသားခေါင်းဆောင်လူငယ်များ၊ ဆိုင်ကယ်ချစ်မြတ်နိုးသူများ၊ အမျိုးသမီးများပါ ပါဝင်ကြောင်း သိရသည်။ ခရီးစဉ်အစမှအဆုံး ဆိုင်ကယ် ၂၉ စီးဖြင့် သွားရောက်ခဲ့သော်လည်း ရောက်ရှိသည့်မြို့ဒေသများမှ ဆိုင်ကယ်စီးသမားများကလည်း ပါဝင်အားဖြည့်ခဲ့ကြသည့်အတွက် အချို့ရက်များတွင် အစီးရေ ၅၀ အထိ ပါဝင်စီးနင်းခဲ့ကြကြောင်း သိရသည်။

ယခုအခါ Another Alternative အရပ်ဘက်လူမှုအဖွဲ့အစည်းမှဦးစီး၍ လူသားဆန်မှုပွဲတော်နှင့် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ် မှတ်တမ်းဓာတ်ပုံပြပွဲကို မေ ၂၅ ရက်တွင် ရန်ကုန်မြို့ ရန်ကုန်အင်တာနေရှင်ဟိုတယ်ဝင်းအတွင်းရှိ Coriander Leaf တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ လူသားဆန်မှုတွေ၊ လူသားတန်ဖိုးတွေ၊ လူသားစံနှုန်းတွေ ဒါတွေကို ကျွန်တော်တို့ ပြန်ပြီး မြှင့်တင်ဖို့အတွက် လူငယ်တွေကြားထဲမှာ ဂီတရယ်၊ အနုပညာရယ် ပေါင်းစပ်ပြီး ကျင်းပသွားမှာပါ" ဟု ပွဲတော်ဖြစ်မြောက်ရေးစီစဉ်သူ ကိုသက်ဆွေဝင်းက ပြောသည်။

အဆိုပါပွဲတော်တွင် ဟစ်ဟော့သီဆိုမှုများ၊ တီးဝိုင်းအဖွဲ့များ၊ ဒီဂျေ၊ မှတ်တမ်းဗီဒီယိုပြသခြင်းများ၊ ကဗျာရွတ်ခြင်းများ၊ သရုပ်ဖော်တင်ဆက်ခြင်းအပြင် ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ် ဓာတ်ပုံပြပွဲကိုလည်း တွဲဖက်ပြသကာ ငြိမ်းချမ်းရေးဆိုင်ကယ်စီးခရီးစဉ်တွင်ပါဝင်သော မော်တော်ဆိုင်ကယ်များကိုလည်း ပြသထားမည်ဖြစ်ကြောင်း၊ ဝင်ကြေးအခမဲ့ဖြင့် မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း**

# ရန်ကုန်တိုင်းဒေသကြီးတွင် မြို့ပြအင်္ဂါနှင့် အညီနေထိုင်နိုင်ရန် ကျူးကျော်များအား မြေနေရာချထားနိုင်ရန် ဆောင်ရွက်နေ

**ရန်ကုန် မေ ၂၂**
ရန်ကုန်မြို့သစ်စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဖော်ဆောင်လျက်ရှိသည့်နည်းတူ ရန်ကုန်မြို့အား မြို့ပြအင်္ဂါနှင့် အညီပေါ်ထွန်းစေရန် ကျူးကျော်နေထိုင်သူများကို လှိုင်သာယာတွင် မြေနေရာချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"လှိုင်သာယာမှာ တိုင်းဒေသကြီးအစိုးရမြေဧက ၅၀၀ ကျော်ရှိတယ်။ လှိုင်သာယာမှာ ကျူးကျော်က အိမ်ထောင်စုငါးသောင်းဝန်းကျင်ရှိတယ်။ ညောင်ရွာက မီးဘေးဒုက္ခသည်တွေကို ဦးစားပေးနေရာချပေးဖို့ ဝန်ကြီးချုပ်နဲ့ ကျွန်တော်တို့ ဆွေးနွေးထားတာရှိတယ်။ ပြီးတော့ ဧက ၅၀၀ မှာ ဧက ၃၀၀ ကိုမြေကွက်ရိုက်၊ လမ်းဖောက်၊ ရေမြောင်းတွေ စနစ်တကျတူးပြီး စမတ်ကတ်ရှိတဲ့ ကျူးကျော်တွေကို ဦးစားပေး ပြီးနေရာချပေးဖို့ အစီအစဉ်ရှိတယ်။ ဒီနှစ်ထဲမှာ ဆောင်ရွက်ဖို့ရှိပါတယ်" ဟု လှိုင်သာယာမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဦးဝင်းမောင်က ပြောသည်။



လှိုင်သာယာမြို့နယ် ရန်ကုန်-ညောင်တုန်းကားလမ်းမကြီး ရေမြောင်းဘေးရှိ ဌာနဆိုင်ရာရုံးလမ်းပေါ်တွင် ကျူးကျော်တဲစျေးဆိုင်များ ဆောက်လုပ်ရောင်းချနေသည်ကို တွေ့ရစဉ်။

လှိုင်သာယာမြို့နယ်ရပ်ကွက်၊ ကျေးရွာများအတွင်းမှ ကျူးကျော်နေထိုင်သူများကို ပြန်လည်နေရာချထားပေးရန် ဆောင်ရွက်ရာတွင် စက်မှုဇုန်လုပ်ငန်းရှင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ လှိုင်သာယာတွင် ကျူးကျော်တဲများမှ စမတ်ကတ်ရထားသူ သုံးသောင်းခန့်ရှိပြီး လက်ရှိတွင် စီးပွားရေးကျူးကျော်နေထိုင်သူများလည်း တိုးပွားလာ၍ ပြန်လည်နေရာချထားပေးရာတွင် ယင်းစီးပွားရေး ကျူးကျော်နေထိုင်သူများကို နေရာပြန်လည်ပေးမည်မဟုတ်ကြောင်း သိရသည်။

"ပြန်လည်နေရာချထားတဲ့နေရာမှာ နေထိုင်မှုမရှိဘဲ ဥပဒေနဲ့မညီ နေထိုင်လာမယ်ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ဒေသခံလွှတ်တော်ကိုယ်စားလှယ်တွေ၊ အုပ်ချုပ်ရေးအဖွဲ့တွေ၊ ကျန်တဲ့ပူးပေါင်းအဖွဲ့တွေနဲ့ ပြတ်ပြတ်သားသား ထိထိရောက်ရောက်ဆောင်ရွက်ဖို့ ရေးဆွဲထားတာရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

လှိုင်သာယာတွင် ကျူးကျော်နေထိုင်သူများကို ပြန်လည်နေရာချထားမှုနှင့် စပ်လျဉ်း၍ ပညာရှင်များနှင့် အသေးစိတ်တွက်ချက်လျက်ရှိပြီး ပေ (၁၃×၆၀) မြေကွက်သည် ပေ (၂၀×၆၀)ထက် ကုန်ကျစရိတ်သက်သာသည့်အတွက် ရေမြောင်း၊ လမ်းနှင့်လျှပ်စစ်မီးကဏ္ဍလုပ်ဆောင်ရာတွင် ကုန်ကျစရိတ်သက်သာသောစနစ်ကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကျူးကျော်နေထိုင်မှုသည် လှိုင်သာယာမြို့နယ်တွင် အများဆုံးဖြစ်သောကြောင့် မေလဆန်းပိုင်းမှစ၍ လမ်းမကြီးနှင့် စျေးများ၊ ရပ်ကွက်လမ်းမကြီးများပေါ်ရှိ ကျူးကျော်စျေးရောင်းချမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိရာ အခိုက်အတန့်မျှ ရှင်းလင်းသွားကြောင်း၊ ပြန်လည်ကျူးကျော်ရောင်းချမှုများ ရှိနေသေးကြောင်း၊ သို့ရာတွင် ယခင်ထက် ထိရောက်စွာ လုပ်ဆောင်လာသည့်အတွက် လမ်းမကြီးများ ခေတ်မီကောင်းမွန်လာမှုနှင့်အတူ ကျူးကျော်နေထိုင်မှုနှင့် ကျူးကျော် စျေးသည်ရောင်းချမှု ရှင်းလင်းသွားနိုင်မှုအပေါ် ပြည်သူများ သတိပြု အားရလာလျက်ရှိကြောင်း သိရသည်။

ကျူးကျော်နေထိုင်မှုသည် ၂၀၀၈ ခုနှစ်နောက်ပိုင်းတွင် စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ရှင်းလင်းဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရခြင်းသည် တစ်ဖက်တွင် ပြန်လည်နေရာချထားခြင်းကဏ္ဍကို ဆောင်ရွက်နိုင်မှုအားနည်းခဲ့၍ဖြစ်ပြီး ယခုအခါ ကျူးကျော်များကို နေရာပြန်လည်ပေးပြီးပါက စနစ်တကျကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်မြို့တော်မြို့ပြအင်္ဂါနှင့်အညီ နေထိုင်နိုင်ရန် ကျူးကျော်နေထိုင်သူများကို မြေနေရာပြန်လည်ချထားပေးရန် မြန်ဆန်စွာ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းထိုက်**

# ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်ကားလမ်း ကျိုင်းတုံနှင့် မိုင်းဆတ်ခရိုင်လမ်းဦးစီးက တာဝန်ယူဆောင်ရွက်နေ

**ရန်ကုန် မေ ၂၂**
ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ-မိုင်းခွန်-မိုင်းခုတ်ကားလမ်းသည် ကျိုင်းတုံမှ မိုင်းခုတ်အထိ ၁၁၅ ဒသမ ၉၇၃ ကီလိုမီတာရှိသည်။ လမ်းအဆင့်အတန်းမှာ မြို့နယ်နှင့် ကျေးရွာများသို့ ဆက်သွယ်သည့်လမ်းဖြစ်ပြီး ပြည်နယ်အစိုးရက စီမံခန့်ခွဲသော လမ်းတစ်လမ်းဖြစ်သည်။



ကျိုင်းတုံ - မိုင်းခွန် - မိုင်းခုတ် မဟာဗျူဟာလမ်းသည် ကျိုင်းတုံမြို့မှ မိုင်းခုတ်မြို့သို့ မြောက်မှတောင် ဖောက်လုပ်ထားသောလမ်းဖြစ်ခြင်းကြောင့် တောင်ကြောအနေအထားမှာ မြင့်မားပြီး တောင်လုံးများဖြစ်ခြင်း၊ မြေပြင်အနိမ့်ဆုံးလယ်ကွင်းနှင့် ခင်တန်းတို့မှာ တောင်ထိပ်အထိ တောင်နှာမောင်းအတိုင်း တက်ရသဖြင့် မြေပြင်အနိမ့်အမြင့်များခြင်း၊ ဘေးမြေပြင်မရှိခြင်းတို့ကြောင့် မြေပြင်အနိမ့်အမြင့်ခက်ခဲစွာ ပြုပြင်ပေးရခြင်း၊ လမ်းအကြောင်းသစ်များဖြင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ မိုင်တိုင် (၂၇/၀ မှ ၅၄/၀) မိုင်အထိ (၂၇/၀) မိုင်အပိုင်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့သည်။

အဆိုပါကုမ္ပဏီလီမိတက်မှ တာဝန်ယူဖောက်လုပ်ခဲ့သော လမ်းပိုင်းအား ၂၆-၈-၂၀၁၀ ရက်တွင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ လွှဲပြောင်းလက်ခံပြီး ၁၅-၉-၂၀၁၀ ရက်မှစ၍ (၁၉/၀) မိုင်ကို ကျိုင်းတုံခရိုင်မှလည်းကောင်း၊ (၃၅/၀) မိုင်ကို လေယာဉ်ကွင်းအထူးအဖွဲ့ (၄) မှလည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။

ယခုအခါ ကျိုင်းတုံခရိုင် လမ်းဦးစီးဌာန ကျိုင်းတုံမြို့နယ်မှ ၀ ဒသမ ၀၀ကီလိုမီတာမှ ၄၇ ဒသမ ၆၇၇ ကီလိုမီတာအထိ ၄၇ ဒသမ ၆၇၇ ကီလိုမီတာအပိုင်းကိုလည်းကောင်း၊ မိုင်းဆတ်ခရိုင် လမ်းဦးစီးဌာနက မိုင်းဆတ်မြို့နယ်မှ ၄၇ ဒသမ ၆၇၇ ကီလိုမီတာမှ ၁၁၅ ဒသမ ၉၇၃ ကီလိုမီတာအထိ ၆၈ ဒသမ ၂၉၆ ကီလိုမီတာ အပိုင်းကိုလည်းကောင်း ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် ပြုပြင်ခြင်း လုပ်ငန်းများအား တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရမ်း - စိုးမြင့်**

## ဆူနာမီအသိပညာပေး

၅။ မိမိတို့နေထိုင်ရာဒေသသည် ဆူနာမီအန္တရာယ်ရှိပါက (သို့) အောက်ဖော်ပြပါ ဆူနာမီရေ့ပြေးလက္ခဏာများကို သတိပြုမိသောအခါ သတိပေးချက်ကို မစောင့်ပါနှင့် ဘေးလွတ်ရာသို့အမြန်ဆုံးပြေးပါ။




### ဆူနာမီဖြစ်ပေါ်နေချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ ပင်လယ်ကမ်းခြေသို့ပြေး၍ မကြည့်ပါနှင့်။
၂။ ရွှေ့ပြောင်းရန်အချိန်မလုံလောက်ပါက နီးစပ်ရာအထပ်မြင့် အဆောက်အအုံများ၊ အပင်မြင့်များ၊ ကုန်းမြင့်များရှိရာသို့ အမြန်ဆုံးပြေးပါ



၃။ ပင်လယ်ကမ်းစပ်တွင်ကပ်ထားသောလှေ၊ သင်္ဘောများပေါ်တွင်ရှိနေပါကဘေးလွတ်ရာသို့ အမြန်ဆုံးပြေးပါ။



၄။ ဘေးကင်းလုံခြုံပြီဟုသတင်းထုတ်ပြန်ချက်မရမချင်း မိမိခိုလှုံသည့်နေရာတွင် ဆက်လက်နေထိုင်ပါ။



၅။ ဆူနာမီဖြစ်ပြီးနောက် ဆူနာမီလှိုင်းများ ထပ်မံဖြစ်ပေါ်လာတတ်သည်ကို သတိပြုပါ။




### ဆူနာမီဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ ကြိုတင်သတ်မှတ်ထားသောမိသားစုဆုံရပ်တွင် လာရောက်စုကြပါ။ပျောက်ဆုံးသူများရှိပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများကို မစားပါနှင့်။



# ကြိုးစားမှု၏အသီးအပွင့်တစ်ခု (သို့မဟုတ်) တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း(ကွတ်ခိုင်)

**ကိုတိုးကြီး(တိ/ကု)**



တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း (ကွတ်ခိုင်) ဖွင့်ပွဲကျင်းပစဉ်။

ကွတ်ခိုင်မြို့သို့ တစ်ခေါက်ရောက်ခဲ့ပြန်ပြီ။ ယခုတစ်ခေါက်ရောက်ခြင်းသည် ယခင်အခေါက်များနှင့်မတူ။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြိုးစားဆောင်ရွက်မှုများမှ ရလဒ်တစ်ခု (သို့မဟုတ်)ပွင့်ဖူးလာသည့် အသီးအပွင့်တစ်ခုကို လာရောက်ကြည့်ရှုလေ့လာ မှတ်တမ်းတင်ခြင်းဖြစ်သည်။

**တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း**

နိုင်ငံတကာအဆင့်မီ တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း (Animal Quarantine Station) (ကွတ်ခိုင်)ကို ၂၀၁၉ ခုနှစ် ဧပြီလ ၂၂ ရက်က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ Bliss Myanmar International ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ စုစုပေါင်း ၁၂၅၀ ခန့် တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျွဲ၊ နွားများကို တရားဝင် တင်ပို့နိုင်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် တရားမဝင် တင်ပို့မှုများကို တားဆီး၍ ပြည်တွင်းရှိ အရင်းအမြစ်များကို ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း၊ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခဲ့ပြီး ရရှိလာသည့် ကောင်ရေစာရင်းအရ ပြည်တွင်းစားသုံးမှုနှင့် လယ်ယာလုပ်ငန်းကို မထိခိုက်စေဘဲ တစ်နှစ်လျှင် ကျွဲ၊ နွား ကောင်ရေ ခုနစ်သိန်းခန့် တင်ပို့နိုင်မည်ဟု ခန့်မှန်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ပြည်ပသို့ ကျွဲ၊ နွား တင်ပို့မှုများကြောင့် ပြည်တွင်း စားသုံးမှုပမာဏ မထိခိုက်စေရေး၊ နိုင်ငံတွင်းရှိ အရင်းအမြစ်များ မကုန်ခမ်းစေရေး၊ ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေး၊ ကျွဲ၊ နွားများ တိုးချဲ့မွေးမြူစေရေး၊ မျိုးထိန်း မျိုးမြှင့်ရေး၊ အစာနှင့် စားကျက်လုံလောက်စေရေး၊ မေထုန်မဲ့သားစပ်နှင့် သဘာဝသားစပ်လုပ်ငန်းများ တိုးတက်စေရေး စသည့် လုပ်ငန်းကဏ္ဍများကိုလည်း စနစ်တကျ စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဒေသခံပြည်သူများက နို့စားနွား မွေးမြူရန်နှင့် အစာစိုက်ပျိုးရန်အတွက် နည်းပညာ ပံ့ပိုးပေးပါရန် တင်ပြခဲ့မှုကိုလည်း ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးရန် တာဝန်ပေးအပ်ခဲ့သည်။

**သုံးနှစ်ခွဲခန့်ကြာအောင် ဆောင်ရွက်ခဲ့ရ**

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသည့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၏ မျက်နှာများပေါ်တွင် အပြုံးပန်းတို့ ဆင်မြန်းထားသည်။ ဒေသ၏ဖွံ့ဖြိုးတိုးတက်ခြင်း အလင်းတန်းတို့က ထိုအပြုံးတို့ကို ပိုမိုတောက်ပစေလိမ့်မည်။ တကယ်တော့ ထိုအပြုံးပန်းတို့ ပွင့်လာစေရန် စိုက်ပျိုး၊ မြေပြင်၊ ပေါင်းသင်၊ ရေလောင်းခြင်းတို့ကို မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနအနေဖြင့် သုံးနှစ်ခွဲခန့်ကြာအောင် ဆောင်ရွက်ခဲ့ရသည်။ အလွယ်တကူ ဖူးပွင့်ခဲ့သည်တော့မဟုတ်ပေ။

နိုင်ငံအတွင်းရှိ အရင်းအမြစ်များကို မထိခိုက်စေဘဲ ကျွဲ၊ နွားများကို တရားဝင်ပို့ကုန်အဖြစ် ပြည်ပသို့ တင်ပို့နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲ၍ အကောင်အထည်ဖော်ခဲ့ရသည်။

တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း၊ ကျွဲ၊ နွားများ တရားဝင်ပို့ကုန်အဖြစ် ခွင့်ပြုချက်ရရှိနိုင်ရန် ဆောင်ရွက်ခြင်း၊ ကျွဲ၊ နွား တင်ပို့ခြင်းကို စမ်းသပ်ကာလ တစ်နှစ် သတ်မှတ်၍ စံပြုလုပ်ထုံးလုပ်နည်း(Standard Operation Procedures-SOP)များ ရေးဆွဲဆောင်ရွက်ခြင်း၊ ကျွဲ၊ နွားများကို အရေးကြီးကုန်စည်အဖြစ်မှ ပယ်ဖျက်နိုင်ရန် ဆောင်ရွက်ခြင်း၊ ကုန်သွယ်ဖက်နိုင်ငံများနှင့် တရားဝင်ကုန်သွယ်မှုဖြစ်စေရန် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း(Animal Quarantine Station)တည်ဆောက်ခြင်း စသည့် လုပ်ငန်းစဉ်များကို သုံးနှစ်ခွဲခန့် အချိန်ယူ၍ ဆောင်ရွက်ခဲ့ရသည်။

**တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း**

၂၀၁၆၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများကို အတည်ပြုထုတ်ပြန်ရန် ရှေ့ပြေး စမ်းသပ်ကောက်ယူခြင်း၊ မေးခွန်းလွှာပုံစံ ပြင်ဆင်ခြင်း၊ သင်တန်းအဆင့်ဆင့်ပို့ချခြင်း၊ Tablet ဖြင့် စာရင်းကောက်ယူနည်းကို လေ့ကျင့်ခြင်း၊ နိုင်ငံတော်အဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရှေ့ပြေးစာရင်းများကို ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ထုတ်ပြန်နိုင်ခဲ့သည်။ စာရင်းအရ မြန်မာနိုင်ငံတွင် ကျွဲ၊ နွား ကောင်ရေ ၁၁ ဒသမ ၅ သန်းခန့်ရှိပြီး အရင်းအမြစ်များ မထိခိုက်စေဘဲ နှစ်စဉ် ကောင်ရေ ခုနစ်သိန်းခန့် တင်ပို့နိုင်ကြောင်း တွက်ချက်ရရှိခဲ့သည်။

**တရားဝင်ပို့ကုန် ခွင့်ပြုချက်**

ကျွဲ၊ နွားများကို တရားဝင်ပို့ကုန်အဖြစ် ခွင့်ပြုချက်ရရှိနိုင်ရန် ဆောင်ရွက်ခဲ့မှုတွင်လည်း နိုင်ငံတော်အစိုးရက ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်(၄၉/၂၀၁၇)ဖြင့် ခွင့်ပြုပေးခဲ့သည်။ ထို့နောက် ကျွဲ၊ နွား တင်ပို့ခြင်းကို စမ်းသပ်ကာလ တစ်နှစ် သတ်မှတ်၍ စံပြုလုပ်ထုံးလုပ်နည်း (SOP)များ ရေးဆွဲဆောင်ရွက်ခဲ့သည်။ အရင်းအမြစ်များ မထိခိုက်စေရန်နှင့် တိုးပွားစေရန်အတွက် (Trader to Farmer- ကုန်သည်မှသည် မွေးမြူထုတ်လုပ်သူသို့ ဟူသော ဆောင်ပုဒ်ကို ဖော်ဆောင်ရန်)စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ကျွဲ၊ နွား ကုန်သွယ်မှုလုပ်ငန်းစဉ်တွင် မွေးမြူသူ တောင်သူနှင့် လုပ်ငန်းရှင်များ ကျွဲ၊ နွား သယ်ဆောင်စဉ် အခက်အခဲဖြစ်စေသော အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ကျွဲ၊ နွားများနှင့် စပ်လျဉ်းသည့် အမိန့်ကြော်ငြာစာများကို ပယ်ဖျက်ဖြေလျှော့နိုင်ရေးအတွက်လည်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်သည်။

**တရားဝင်ကုန်သွယ်မှုဖြစ်စေရန်**

ကုန်သွယ်ဖက်နိုင်ငံနှင့် တရားဝင်ကုန်သွယ်မှုဖြစ်စေရန်အတွက်လည်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံအတွင်း နှစ်ကြိမ်၊ တရုတ်နိုင်ငံ၌ တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ ညှိနှိုင်းချက်များကို တရားဝင် လက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်ရေးစခန်းများ**

ကျွဲ၊ နွားများ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် တိရစ္ဆာန်ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် ဆက်စပ် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ မွေးမြူရေး လုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ် ကျင်းပဆွေးနွေးပြီးနောက် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခြင်း၊ အမှတ်အသားတပ်ဆင်ခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ စစ်ဆေးပြီးကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးလုပ်ငန်းစဉ်များဆောင်ရွက်ခြင်း စသည်တို့ကို ဝန်ကြီးဌာန၏ ကြီးကြပ်မှုနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း (Animal Quarantine Station)ကို တည်ထောင်ဖွင့်လှစ်ခြင်းဖြစ်သည်။

**ဖွင့်လှစ်ထားသော စခန်းများ**

တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း တည်ထောင်ဖွင့်လှစ်ခြင်းမှာ တိရစ္ဆာန်များကို နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံသို့ တင်သွင်း/တင်ပို့သော လုပ်ငန်းစဉ်တွင် မရှိမဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်သည်နှင့်အညီ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း ငါးခု (လေဆိပ် နှစ်ခု၊ ရေဆိပ် သုံးခု)နှင့် နယ်စပ် Check Point ခြောက်ခု ဖွင့်လှစ်၍ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ထိန်းချုပ်ခြင်းလုပ်ငန်း (Transboundary Animal Diseases)ကို ဆောင်ရွက်လျက်ရှိသည်။ ယခု အသစ်ဖွင့်လှစ်လိုက်သည့် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း(ကွတ်ခိုင်) သည်လည်း ကုန်သွယ်မှုလိုအပ်ချက်အရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့်မီ စခန်းတစ်ခုဖြစ်သည်။

နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်နိုင်ရန် တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့်စစ်ဆေးရေးစခန်း(ကွတ်ခိုင်)တွင် ဓာတ်ခွဲခန်း၊ ရုံး၊ အစည်းအဝေးခန်းမ၊ အစာသိုလှောင်ရုံ၊ တိရစ္ဆာန်များထားရှိရန် ခြံများ ပါဝင်ပြီး နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံသို့ တင်သွင်း တင်ပို့သော တိရစ္ဆာန်များကို ထိန်းသိမ်းထားရှိ၍ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

**နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပြည်သူလူထု အစားအစာ ဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး၊ အစားအစာများ ဘေးအန္တရာယ် ကင်းရှင်းစေရေး စသော မျှော်မှန်းချက်များနှင့်အညီ မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်တွင်းစားသုံးမှု ဖူလုံစေရန်၊ မွေးမြူရေးလုပ်ငန်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရန်နှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများကို ကာကွယ်ထိန်းချုပ်ရန် ဆောင်ရွက်လျက်ရှိရာ တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးလုပ်ငန်းများကို တိုးမြှင့်ခြင်းသည် ပြည်သူများနှင့် နိုင်ငံတော်၏ အကျိုးအတွက် ဆောင်ရွက်ချက်တစ်ရပ်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



တိရစ္ဆာန်ရောဂါ ထိန်းချုပ်စောင့်ကြည့် စစ်ဆေးရေးစခန်း(ကွတ်ခိုင်)မှ အဆောက်အအုံများ

# ဆွာချောင်းရေကြီးရေလျှံစဉ်က ပျက်စီးခဲ့သည့် ရေပေးမြောင်းကြီး ပြန်လည်ပြုပြင်နေမှုကို တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ရေတာရှည် မေ ၂၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းတမံပင်မရေပိုလွှဲ ကျိုးပေါက်မှု ဖြစ်ပွားခဲ့စဉ်က ရေကြီးရေလျှံမှုများကြောင့် နွေစပါးဧက ၁၂၀၀၀ ကျော်သို့ ရေပေးဝေလျက်ရှိသည့် DY-2 ရေပေးမြောင်းမကြီးတွင်လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ လာမည့် မိုးစပါးရာသီအပြီး နွေစပါးစိုက်ရာသီအတွက် ထိုမြောင်းမကြီးမှ ရေပေးဝေနိုင်ရန် ပြုပြင်မှုများကို ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ DY-2 ရေပေးမြောင်းမကြီးက ဧကတစ်သောင်းကျော်ရေပေးဝေရတာဖြစ်ပါတယ်၊ ပြီးခဲ့တဲ့နွေရာသီမှာ ရေမပေးနိုင်လို့တောင်သူတွေ နွေစပါး မစိုက်ပျိုးခဲ့ကြရဘူး၊ ဒါကြောင့် အခုမိုးရာသီပြီးလို့ လာမယ့် နွေစပါးရာသီမှာ ရေပေးနိုင်အောင်စက်ယန္တရားတွေနဲ့ အားချင်း ဆောင်ရွက်နေရတာဖြစ်ပါတယ်” ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ရေမြောင်းမကြီး ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်၊ စက်မှု တိုင်း(၂)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများက မေ ၂၀ ရက်က မြောင်းမကြီးတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ရေတာရှည်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများအနေဖြင့် နွေစပါးကို စိုက်ပျိုးရသည့်အခါ မိုးစပါးစိုက်ပျိုးခြင်းထက် အထွက်နှုန်း ပိုကောင်းသလို ကြားခံသီးနှံပေါ်ခြင်းဖြစ်သည့်အတွက် ဝင်ငွေလည်း အဆင်ပြေလေ့ရှိကြောင်း၊ ယခုနှစ်တွင်မူ နွေစပါးစိုက်ပျိုးနိုင်ခြင်း မရှိခဲ့သဖြင့် တောင်သူများအနေဖြင့် စားဝတ်နေရေးနှင့် မိုးစပါးစိုက်ပျိုးစရိတ် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

**ကိုလွင် (ဆွာ)**



DY-2 ရေပေးမြောင်းမကြီး ပြုပြင်မှုကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။

# မြို့နယ်အသီးသီးမှ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်

### မလှိုင်

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ မေ ၂၀ ရက်က မိုးသက်လေပြင်းကျရောက်ခဲ့သဖြင့် ကျောက်တန်း၊ ညောင်မြင့်နှင့် အဆုံကျေးရွာတို့မှ အိမ် ၁၀ လုံးနှင့် ဘဏ္ဍာစိုးကျေးရွာနှင့် မိတ်ကုန်းကျေးရွာတို့မှ ဘုန်းကြီးကျောင်းများ အမိုးလန် ပျက်စီးခဲ့ရာ အဆိုပါ အိမ်နှင့် ဘုန်းကြီးကျောင်းများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မေ ၂၁ ရက်က ပေးအပ်ခဲ့သည်။ လေဘေးသင့်ပြည်သူများအတွက် အိမ်ဆောက်ပစ္စည်းဝယ်ယူရန် ကျပ် ၆၆၈၀၀၀ နှင့်အတူ ကျားဝတ် လုံချည်၊ မဝတ် လုံချည်၊ စောင်၊ ခြင်ထောင်၊ တဘက် စသည့် လူသုံးပစ္စည်း ၁၀ မျိုးပါဝင်သည့် ပုံးများကို တစ်အိမ်ထောင်လျှင် တစ်ပုံးနှုန်းဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုသက်ပိုင်ဝင်းက လေဘေးသင့်အိမ်ထောင်စုများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးထံ ပေးအပ်ခဲ့သည်။ **အောင်ဌေး(မလှိုင်)**

### ကျောက်ပန်းတောင်း

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၂၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့၌ စာသင်ကျောင်းဆောင်များ၊ လူနေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်း အဆောက်အအုံများ အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက မေ ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ၁၀ ရွာမှ အိမ်နှင့် အခြား အဆောက်အအုံ ၄၆ လုံး အမိုးလန်ပျက်စီးခြင်းများ ဖြစ်ခဲ့ကာ စာသင်ကျောင်းအဆောက်အအုံ သုံးလုံးနှင့် ဘုန်းတော်ကြီးကျောင်းမှ ဓမ္မာရုံအဆောက်အအုံတစ်လုံးလည်း ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

### အောင်လံ

သရက်ခရိုင် အောင်လံမြို့နယ်ရှိ ကျေးရွာလေးရွာ၌ မေ ၅ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ ပျက်စီးမှုရှိခဲ့ရာ အမိုးလန်ပျက်စီးသွားသော တင်းတောကျေးရွာ ဘုန်းကြီးကျောင်းအတွက် ပြင်ဆင်ရန် ထောက်ပံ့ငွေ ကျပ် ၄၀၀၀၀၊ ငရဲ့ကျော်ကျေးရွာဘုန်းကြီးကျောင်းအတွက် ပြင်ဆင်ရန်ထောက်ပံ့ငွေ ကျပ် ၄၀၀၀၀၊ လေဘေးသင့်အိမ်ထောင်စု ၄၉ စုမှ လူဦးရေ ၂၀၁ ဦးအတွက် ခုနစ်ရက်စာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ကျပ် ၄၂၂၁၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ် ၈၃၅၀၀ တို့ကို သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းထံသို့ မေ ၂၁ ရက်က လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

### ပခုက္ကူ

ပခုက္ကူမြို့နယ်အတွင်း မေ ၁၃ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် ရေလယ်သောင်၊ မြင်းကျွန်းနှင့် လေးလံကျွန်းတို့မှ အိမ်ထောင်စု ခုနစ်စု၏ နေအိမ်များ ပျက်စီးမှုရှိခဲ့ရာ အဆိုပါပြည်သူများအတွက် အိမ်ပြုပြင်ရန် သွပ်များကို အထက်မြန်မာပြည် မက်သဒစ်အသင်းတော်က မေ ၂၁ ရက်က လှူဒါန်းခဲ့သည်။ လှူဒါန်းပွဲတွင် ပခုက္ကူခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဝင် ဦးဇော်ဌေးအောင်က မိမိတို့ခရိုင်အတွင်း ဘေးအန္တရာယ်ကျရောက်မှုအပေါ် လာရောက်လှူဒါန်းသောအဖွဲ့အစည်းများအား ကျေးဇူးတင်ကြောင်း ပြောကြားပြီး အသင်းတော်မှ ဆရာတော် ဦးဇော်ဝင်းအောင်က သွပ်ပြား အချပ် ၁၀၀ ကို လေဘေးသင့်ပြည်သူများကိုယ်စား ကွန်းရွာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးထွန်းထံသို့ လှူဒါန်းခဲ့သည်။ **ကိုတမာ**

### ကြို့ပင်ကောက်

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်တွင် မေ ၁၅ ရက်က ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့ရသော ပြည်သူများအတွက် ထောက်ပံ့ငွေ ပေးအပ်ပွဲကို မေ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး နော်ပွယ်စေးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အတွင်းမှ လေဘေးကြောင့် ပြိုလဲပျက်စီးသွားသည့်အိမ် ၁၄ လုံးနှင့် အမိုးလန်ပျက်စီးသည့်အိမ် ၄၃၆ လုံး၊ အမိုးလန်ပျက်စီးသည့် ဘုန်းတော်ကြီးကျောင်း လေးကျောင်းတို့အတွက် ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်း တန်ဖိုး ကျပ် ၉၀၀၀၅၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးပါ ပုံး ၁၄ ပုံးတို့ကို ဝန်ကြီးက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ကိုကိုထံ ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကလည်း ပြိုလဲသွားသော အိမ် ၁၄ လုံး အတွက် Hygiene Parcel ပုံး ၁၄ ပုံး၊ ဂွမ်းကပ်နှင့် တာပေါ်လင်စများ ထောက်ပံ့ခဲ့သည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ကမ္ဘာ့ပျားနေ့ အထိမ်းအမှတ် ပထမအကြိမ် ပျားရည်ပြိုင်ပွဲနှင့် ပြပွဲကျင်းပ

**ရန်ကုန် မေ ၂၂**

မေ ၂၀ ရက်တွင် ကျရောက်သည့် (World Bee Day 2019) ကမ္ဘာ့ပျားနေ့ အထိမ်းအမှတ်အဖြစ် ပထမအကြိမ် ပျားရည်ပြိုင်ပွဲနှင့် ပျားထွက်ပစ္စည်း ပြပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးဝင်းအတွင်း ဆိုင်ခန်းပေါင်း ၁၀ ခန်း ခင်းကျင်းပြသ၍ ကျင်းပခဲ့သည်။

ယခုနှစ်တွင် ပြိုင်ပွဲအနေဖြင့် ပျားရည်ထုတ်လုပ်မှုအရည်အသွေးကိုသာ ပြိုင်ပွဲပြုလုပ်နိုင်သေးကြောင်း၊ ပြိုင်ပွဲမစမီ ရက်သတ္တပတ်အလိုတွင် ဓာတ်ခွဲစမ်းသပ်မှုလုပ်ပြီး ဆန်ခါတင်လုပ်ငန်းရှင် ၁၀ ဦးကို ရွေးချယ်ခဲ့ကြောင်း၊ ထိုအထဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ Hey Honey Beekeeping ကုမ္ပဏီမှ ထုတ်လုပ်သည့် နေကြာရိုင်းပျားရည်က ပထမဆု၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကောက်တွဲလေး ပျားမွေးမြူရေးလုပ်ငန်းမှထုတ်လုပ်သည့် နေကြာပျားရည်က ဒုတိယဆု၊ ကရင်ပြည်နယ်ရှိ ဧရာဝတီ ပျားမွေးမြူရေးလုပ်ငန်းမှ ထုတ်လုပ်သည့် ကြက်မောက်ပျားရည်က တတိယဆုများ ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းပျားမွေးမြူရေးကဏ္ဍသည် လက်ရှိအချိန်တွင် ဖွံ့ဖြိုးစအဆင့်သာ ရှိသေးသော်လည်း ပြည်ပနိုင်ငံများသို့ နှစ်စဉ် တန်ချိန် ၂၅၀၀ နှင့် ၃၀၀၀ ကြားအထိ တင်ပို့နိုင်ပြီး ဂျပန်နိုင်ငံသို့အဓိက တင်ပို့နေရကြောင်း မြန်မာနိုင်ငံ ပျားမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှသိရသည်။

မြန်မာနိုင်ငံ ပျားမွေးမြူရေးလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌ ဦးအောင်ခိုင်ထွေးက "မြန်မာ့ပျားရည်ကို လက်ရှိမှာ အဓိက တင်ပို့နေတာကတော့ ဂျပန်နိုင်ငံဖြစ်ပါတယ်၊ ကနေဒါ၊ တရုတ်နဲ့ အရှေ့တောင်အာရှနိုင်ငံတွေကိုလည်း ပို့ပါတယ်၊ တစ်နှစ်ကို ပျားရည် တန်ချိန် ၂၅၀၀ နဲ့ ၃၀၀၀ ကြား တင်ပို့ပါတယ်၊ အချို့နှစ်တွေမှာ တင်ပို့မှုနည်းသွားတာတော့ ရှိတယ်၊ ဒီပွဲကစပြီး တစ်နှစ်ကို တန်ချိန် ၃၀၀၀ မက တင်ပို့နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ နိုင်ငံတကာ ပျားရည်ဈေးကွက် အတက်အကျအပေါ် မူတည်ပြီး ပြောင်းလဲတာတော့ ရှိတာပေ့ါ၊ မြန်မာ့ပျားရည်ကို နိုင်ငံတကာကသိအောင် နိုင်ငံတကာပြပွဲတွေအထိ ပြသဖို့က လောလောဆယ်မှာ နည်းနေသေးတယ်၊ မြန်မာနိုင်ငံမှာ အရည်အသွေးပြည့်ဝတဲ့ ပျားရည်တွေ ရှိပါလားဆိုတာ သိအောင်၊ နိုင်ငံတကာ ပျားပြပွဲတွေနဲ့ ပျားရည်ဈေးကွက် အထိ ထိုးဖောက်နိုင်အောင် ပြည်တွင်းပျားထုတ်လုပ်သူတွေ သွားရောက်ပြသနိုင်ဖို့လည်း အစီအစဉ်တွေရှိပါတယ်"ဟု ပြောသည်။

ပျားရည်ကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ကနဦး သုတေသနပြု စစ်ဆေးရာတွင် ဂျာမနီနိုင်ငံ စံသတ်မှတ်ချက်အတိုင်း သုတေသနပြု စစ်ဆေးမှုများပြုလုပ်ပြီး ခွင့်ပြုချက်ရရှိမှသာ တင်ပို့ခွင့်ရှိကြောင်း၊ သို့သော် ထိုသို့တင်ပို့ခြင်းသည် လက်ရှိတင်ပို့နေသော အရှေ့တောင်အာရှ ပျားရည်ဈေးကွက်သို့သာ တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး ဥရောပ(EU)နိုင်ငံများသို့ တင်ပို့ခွင့် မရရှိသေးကြောင်း၊ ဥရောပသို့ တင်ပို့နိုင်ရန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနက NRP ရေးဆွဲနေပြီး လာမည့်နှစ်ခန့်တွင် ပြီးစီးမည်ဖြစ်ကာ ထိုအချိန်မှသာ ဥရောပနိုင်ငံများသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မန္တလေး၊ မကွေး၊ စစ်ကိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးများ၊ နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် ပျားမွေးမြူရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်နေကြပြီး ပျားရည်အပြင် ပျားကော်၊ ပျားဖယောင်း၊ ပျားဝတ်မှုံနှင့် Royal Jelly စသော ပျားထွက်ပစ္စည်းများစွာ ရှိနေသော်လည်း ပြည်တွင်း၌ ပျားရည်ကိုသာ အဓိက ထုတ်လုပ်နိုင်သေးကြောင်း သိရသည်။ ပျားရည်စစ်မစစ်နှင့် အရည်အသွေး ပြည့်မပြည့်ကို သိရှိနိုင်ရန် မိရိုးဖလာနည်းများစွာ ရှိသော်လည်း ပြည်ပသို့ တင်ပို့မှုများအတွက်မူ သုတေသန စစ်ဆေးတိုင်းတာချက်များက အဓိကကျပြီး ထိုစစ်ဆေးတိုင်းတာချက်များနှင့် အပြည့်အဝ ကိုက်ညီမှသာလျှင် နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပျားလုပ်ငန်းရှင်အသင်းမှ သိရသည်။

**သတင်း - မျိုးမင်းသိန်း (မရမ်းကုန်း)၊ ဓာတ်ပုံ - မျိုးကြီး**



ပြပွဲမှ ပြခန်းတစ်ခုတွင် ပျားရည်များ ကြည့်ရှုဝယ်ယူနေကြသူများကို တွေ့ရစဉ်။

# ကလေးမြို့ ပြည်သူ့ဆေးရုံကြီး၌ နားရောဂါ ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

**ကလေး မေ ၂၂**

နားလေးရောဂါကာကွယ်ရေး အစီအစဉ်အရ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံများမှ ခွဲစိတ်အထူးကု ဆရာဝန် ၁၄ ဦးပါ အဖွဲ့က ကလေးမြို့နယ်အတွင်းမှ နားရောဂါ ဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးပေးခြင်းနှင့် လိုအပ်လျှင် ခွဲစိတ်ကုသပေးခြင်း လုပ်ငန်းများကို ကလေးမြို့နယ် ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ မေလ ၂၁ ရက်မှ ၂၄ ရက်အထိ လေးရက်ကြာ ဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

လာရောက် ခွဲစိတ်ကုသပေးသည့် နားလေးရောဂါ စီမံချက်မှ မန်နေဂျာ ဒေါက်တာဝင်းထိုက်ကြည်က "ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရယ်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရယ် ပူးပေါင်းပြီး ကလေးမြို့နယ်မှာ နားလေးရောဂါကျဆင်းဖို့ ရည်ရွယ်ချက်နဲ့ လာရောက်ကုသပေးခြင်းဖြစ်ပါတယ်၊ ၂၀၀၄ ကနေ ၂၀၁၃ ခုနှစ် စစ်တမ်းကောက်ထားချက်အရဆိုရင် တစ်နိုင်ငံလုံးမှာ နားလေးသူ ၁၀ ရာခိုင်နှုန်းကျော် ရှိပါတယ်၊ ဆိုးတဲ့သူက လေးရာခိုင်နှုန်းလောက် ရှိပါတယ်၊ အဲဒီထဲမှာ မွေးကင်းစ မွေးရာပါ နားလေးရောဂါ၊ နာတာရှည် နားပြည်ယိုရောဂါ၊ နားအာရုံကြောအားနည်း နားလေးရောဂါတို့ ပါဝင်ပါတယ်၊ ကလေးမြို့မှာ ပထမနေ့မှာပဲ နာတာရှည် နားပြည်ယိုရောဂါ ၁၁ ယောက်ကို ခွဲစိတ်ကုသပေးခဲ့ပါတယ်" ဟု ပြောသည်။

နားလေးရောဂါစီမံချက်အရ လာရောက် ကုသပေးရာတွင် စမ်းသပ်ကုသစရိတ် အားလုံးမှာ အခမဲ့ဖြစ်ပြီး တစ်ရက်လျှင် ၁၀ ဦးနှုန်းဖြင့် ခွဲစိတ်ရန် အရေးကြီးသည့် လူနာ ၄၀ အား ခွဲစိတ်ပေးရန် ရည်ရွယ်ထားကြောင်း၊ ပြင်ပလူနာကြည့်ပေးရာတွင်မူ ဒေသခံ ဆရာဝန်ကြီးများ၏ အကူအညီများဖြင့် တစ်ရက်လျှင် လူနာ ၂၀၀ နှုန်းဖြင့် ကုသပေးမည်ဖြစ်ပြီး လေးရက်အတွင်း လူနာပေါင်း ၈၀၀ ကို ကြည့်ရှုကုသပေးရန် စီစဉ်ထားကြောင်း သိရသည်။

**သျှင်နေမင်း (ဂန့်ဂေါ)**

# ဟိန္ဒါးသတ္တုတွင်း လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ လူထုတွေ့ဆုံပွဲများပြုလုပ်

**မေတ္တာမြို့ မေ ၂၂**

ထားဝယ်ခရိုင် မေတ္တာမြို့ ဟိန္ဒါးကျေးရွာရှိ အမှတ်(၂)သတ္တုတွင်း ဧည့်ရိပ်သာခန်းမ၌ MPC ကုမ္ပဏီပိုင်ရှင် ထိုင်းနိုင်ငံသားနှင့် တာဝန်ရှိသူများ၊ အမှတ်(၂) သတ္တုတွင်းဌာနမှ ဝန်ထမ်းများအား တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်အဖွဲ့က မေ ၂၀ ရက်က တွေ့ဆုံပြီး MPC ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်းနှင့် အဆိုပါ ဆွေးနွေးပွဲအပြီးတွင် လွှတ်တော်ဥက္ကဋ္ဌသည် ဒေသခံပြည်သူများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးရာတွင် လွှတ်တော်ဥက္ကဋ္ဌက ကုမ္ပဏီအနေဖြင့် လုပ်ငန်းဆောင်ရွက်စဉ် ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် လျာထားဆောင်ရွက်ချက်များ၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့အတွက် ဆောင်ရွက်ခဲ့မှုများ၊ ခဲသတ္တုတူးဖော်သည့်လုပ်ကွက် အနီးဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် အစားထိုးဆောင်ရွက်မှု အခြေအနေများကို မေးမြန်းခဲ့ပြီး ကုမ္ပဏီတာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌသည် ကုမ္ပဏီ၏ ခဲသတ္တုတူးဖော်ရေး လုပ်ကွက်များသို့ လှည့်လည်စစ်ဆေးပြီး ဟိန္ဒါးကျေးရွာ မူလတန်းကျောင်း၌ ဟိန္ဒါးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက MPC ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ပြည်သူများ၏ အသံကို ကြားလိုကြောင်း၊ ဒေသခံများအနေဖြင့် ဟိန္ဒါးမိုင်းနှင့်ပတ်သက်၍ ခံစားရမှုများကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးနိုင်ပါကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဟိန္ဒါးကျေးရွာမှ ပြည်သူတစ်ဦးက ဟိန္ဒါးမိုင်း၌ MPC ကုမ္ပဏီ စတင်လုပ်ကိုင်ချိန်မှစ၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ဥယျာဉ်ခြံများ ပျက်စီးခဲ့ရမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြပြီး လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌသည် မြောင်းပြိုကျေးရွာဘုန်းကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် ထပ်မံတွေ့ဆုံ၍ ဒေသခံများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို မေးမြန်းခဲ့ကာ ဒေသခံများက MPC ကုမ္ပဏီ၏ သတ္တုထုတ်လုပ်သည့်လုပ်ကွက်မှ စွန့်ပစ်နုန်းကန် ကျိုးပေါက်ခဲ့မှုကြောင့် ထိခိုက်နစ်နာမှုများအတွက် လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းခဲ့ရာ လွှတ်တော်ဥက္ကဋ္ဌက ဒေသခံများ၏ နစ်နာမှုများအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများ တွေ့ဆုံစဉ်။

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ၁-၆-၂၀၁၉ရက်မှ စတင်ဆောင်ရွက်သွားမည့် လက်ကိုင်ဖုန်းဟန်းဆက်(Handset) နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ အခွန်ခုနှိမ်ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းအသိပေးခြင်း

**အခွန်ခုနှိမ်ပေးဆောင်ခွင့်**

* ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ထားသည့် ကုန်စည်ကို တင်သွင်း/ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ပေးဆောင်ခွင့်ရှိပါသည်။
* သို့ရာတွင် ပြည်တွင်း၌ ကုန်စည်ဝယ်ယူရာတွင် မိမိအား ကုန်စည်ရောင်းချသူသည် သို့မဟုတ် ဝန်ဆောင်မှုရယူရာတွင် မိမိအား ဝန်ဆောင်မှုဆောင်ရွက်ပေးသူသည် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ထားသူမဟုတ်ပါက အခွန်ခုနှိမ်ပေးဆောင်ခွင့်မရှိပါ။
* သို့ဖြစ်ပါ၍ အခွန်ခုနှိမ်ပေးသွင်းခွင့်ရရှိရေးအတွက် မိမိကိုယ်တိုင်ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာအခွန်ရုံးတွင် မှတ်ပုံတင်ထားရန် လိုအပ်သကဲ့သို့ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ထားပြီး အခွန်ပေးသွင်းနေသူထံမှ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း ဆောင်ရွက်ရန်လိုအပ်ပါသည်။

**လစဉ်အခွန်ခုနှိမ်ပေးသွင်းခြင်း**

* လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရာတွင် ဆောင်ရွက်သည့်လုပ်ငန်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ပြည်ပမှကိုယ်တိုင်တင်သွင်းစဉ် အကောက်ခွန်နှင့်အတူပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊ ပြည်တွင်း၌ ဝယ်ယူစဉ် ကုန်စည်တန်ဖိုးနှင့်အတူ ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊ ပြည်တွင်း၌ ဝန်ဆောင်မှုရယူစဉ်က ဝန်ဆောင်မှုတန်ဖိုးနှင့်အတူ ပေးချေခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို သတ်မှတ်အထောက်အထားပုံစံများ ပူးတွဲတင်သွင်းလျက် လစဉ်ခုနှိမ်ပေးသွင်းနိုင်ပါသည်။

**အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ သတ်မှတ်ချက်များ**

* ကုန်စည်ကို ပြည်ပမှ ကိုယ်တိုင်တင်သွင်းရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူသည်-
  - ကုန်စည်တင်သွင်းမှုဆောင်ရွက်စဉ်က ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ခဲ့မှုတို့ကို ဖော်ပြသည့် ပတခ(ကသခ)-၃၂ပုံစံကို နှစ်စောင်ပြုစု၍မူရင်းခွဲကို မိမိနှင့်သက်ဆိုင်သည့် အခွန်ရုံးသို့ပေးပို့ပြီး မူရင်းကိုလက်ခံအဖြစ် သိမ်းဆည်းထားပါ။
  - ကုန်စည်ကို ရောင်းချပြီးသည့်လကုန်ဆုံးပြီး ၁၀ ရက်အတွင်း လစဉ်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းရာတွင် အခွန်ခုနှိမ်ပေးသွင်းနိုင်ပါသည်။ အခွန်ခုနှိမ်ပေးသွင်းကြောင်း သတ်မှတ်ပုံစံ ပတခ(ကသခ)-၃၃နှင့်အတူ မိမိထံတွင် သိမ်းဆည်းထားသည့် ပတခ(ကသခ)-၃၂မူရင်းတို့အား ဆိုင်ရာအခွန်ရုံးသို့ ပူးတွဲတင်ပြရပါမည်။
* ကုန်စည်ကို ပြည်တွင်း၌ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်း သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက-
  - ကုန်စည်ကို ဝယ်ယူခြင်းအတွက် ကုန်စည်ရောင်းချသူထံမှ ပတခ(ကသခ)- ၃၁ပုံစံဖြင့် ပြုစုထားသည့် သက်သေခံလက်မှတ်မူရင်းကို တောင်းယူပါ။
  - ဝန်ဆောင်မှုတစ်ရပ်ရပ်ရယူခြင်းအတွက် ဝန်ဆောင်မှုဆောင်ရွက်ပေးသူထံမှ ပတခ (ကသခ)-၃၁ပုံစံဖြင့် ပြုစုထားသည့် သက်သေခံလက်မှတ်မူရင်းကို တောင်းယူပါ။
  - ထို့အပြင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာထုတ်ပေးရမည့် ကုန်စည်ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုကို ရယူခြင်းဖြစ်ပါက ကျသင့်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ပမာဏအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားသောပြေစာကိုပါ တစ်ပါတည်းတောင်းယူပါ။
  - ကုန်စည်ကိုရောင်းချပြီးသည့်လကုန်ဆုံးပြီး ၁၀ ရက်အတွင်း လစဉ်ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပေးသွင်းရာတွင် အခွန်ခုနှိမ်ပေးသွင်းနိုင်ပါသည်။ အခွန်ခုနှိမ်ပေးသွင်းကြောင်း သတ်မှတ်ပုံစံ ပတခ(ကသခ)-၃၃နှင့်အတူ မိမိထံတွင် သိမ်းဆည်းထားသည့် ပတခ(ကသခ)-၃၁မူရင်းတို့နှင့် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာတို့အား ဆိုင်ရာအခွန်ရုံးသို့ ပူးတွဲတင်ပြရပါမည်။
* ကုန်စည်ကို ရောင်းချသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ မှတ်ပုံတင်ထားသည့်ကုန်စည်ကို ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူက ကုန်စည်ကိုဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုကိုရယူခြင်း ဖြစ်ပါက ပတခ(ကသခ)-၃၁ပုံစံဖြင့် သက်သေခံလက်မှတ်သုံးစောင်ပြုစု၍ မူရင်းကို ဝယ်ယူသူ/ဝန်ဆောင်မှုရယူသူသို့လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝယ်ယူသူ/ဝန်ဆောင်မှုရယူသူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့လည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲတစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။
* အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ လိုက်နာရန်အခက်အခဲရှိပါက ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အခြားနည်းလမ်းတစ်ရပ်ရပ် သတ်မှတ်ပေးနိုင်ပါရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်ပါသည်။

**အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာ ကန့်သတ်ချက်များ**

* လုပ်ငန်းရှင်၏ ပုံသေပိုင်ပစ္စည်း သို့မဟုတ် မ-တည် အပိုင်ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိပါ။
* ပျက်စီးသွားသော ကုန်စည်များ၊ ရောင်းချခြင်းမပြုသည့် ကုန်စည်များအတွက် အခွန်ခုနှိမ်ခွင့်မရှိပါ။
* ကျသင့်အခွန်မှ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ရာတွင်ပေးဆောင်ခဲ့ရသည့်ကုန်သွယ်လုပ်ငန်းခွန်က ပိုမိုသည့်ကိစ္စ၌ ခုနှိမ်ရန် ပိုမိုနေသည့်ကုန်သွယ်လုပ်ငန်းခွန်ကို လာမည့်နှစ်များတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်နိုင်ရန် ဆက်လက်သယ်ဆောင်နိုင်သည်။ ဆက်လက်သယ်ဆောင်ရန်မရှိပါက သို့မဟုတ် ဆက်လက်သယ်ဆောင်လိုခြင်းမရှိပါက ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စစ်တွေခရိုင်လက်အောက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာပုံစံနှင့်တည်ဆောက်ရေးပစ္စည်းစာရင်း စည်းကမ်းချက်အသေးစိတ်တို့ကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊စစ်တွေခရိုင်၊ စစ်တွေမြို့တွင် တင်ဒါအဆိုပြုလွှာပုံစံများကို ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဖုန်း-၀၄၃-၂၀၂၄၅၃၆၊ ၀၉-၄၂၀၇၁၀၄၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**၁။ တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** - **၁-၆-၂၀၁၉ ရက်မှ ၁၀-၆-၂၀၁၉ရက်ထိ**
**၂။ တင်ဒါအဆိုပြုလွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန်** - **၂၂-၆-၂၀၁၉ရက် (၀၈း၀၀)နာရီ**
**၃။ တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - **၂၂-၆-၂၀၁၉ရက် (၁၀း၀၀)နာရီ**
**၄။ တင်ဒါအဆိုပြုလွှာစိစစ်ရွေးချယ်မည့်နေရာ** - **လမ်းဦးစီးဌာန၊ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်**

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ထန်းတောကြီးကျေးရွာနေ ဦးတင်ဖုန်းနိုင်၏သမီး မနီလာမြင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂-၅-၁၉၉၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၆၇၈၀ Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ဇော် ၁၄/ပတန(နိုင်)၀၀၂၄၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/6465 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အများသိစေရန်ကြေညာချက်

ကျောက်တော်မြို့၊ ရှမ်းရွာရပ်ကွက်နေ (ဘ)ဦးထွန်းစံကျော်၏သား ဦးအောင်နိုင်ထွန်း ၁၁/ကတန(နိုင်)၀၆၅၄၈၆ ၏ ဇနီးဖြစ်သူ ဒေါ်ချောစုဝေသည် မိမိဆန္ဒအလျောက် ၆-၁၂-၂၀၁၇ ရက်တွင် နေအိမ်မှဆင်းသွားပါသဖြင့် ဦးအောင်နိုင်ထွန်း အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၎င်းနှင့်လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ကျော်ဟိန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၉၃၆၉)**
**ကျောက်တော်မြို့**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲမှ စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း(AIIP)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| | | |
|---|---|---|
| (က) | **ဝက်လက်မြို့နယ်၊ စိုင်နိုင်ကြီးအထွက်တိုးစခန်း**<br>(၁) Processing Plant နှင့် ဆက်စပ်ပစ္စည်းများအတွက် အဆောက်အအုံတည်ဆောက်ခြင်း(စက်ကိရိယာများ တပ်ဆင်ခြင်း၊ မီးလိုင်းများတပ်ဆင်ခြင်းအပါအဝင်)<br>(၂) မျိုးစေ့သိုလှောင်ရုံအဆောက်အအုံဆောက်လုပ်ခြင်း (မီးလိုင်းများတပ်ဆင်ခြင်းအပါအဝင်)<br>(၃) ရေဝပ်ခြင်းမှ ကာကွယ်ရန်မြေညှိမြေဖို့ခြင်း<br>(၄) ကျောက်စရစ်စီခင်းခြင်း | **Lot-1** |
| (ခ) | **ရွှေဘိုမြို့နယ်၊ ချီပါမျိုးသန့်ခြံ**<br>(၁) Processing Plant နှင့် ဆက်စပ်ပစ္စည်းများအတွက် အဆောက်အအုံတည်ဆောက်ခြင်း (စက်ကိရိယာများတပ်ဆင်ခြင်း၊ မီးလိုင်းများတပ်ဆင်ခြင်း အပါအဝင်)<br>(၂) မျိုးစေ့သိုလှောင်ရုံအဆောက်အအုံဆောက်လုပ်ခြင်း (မီးလိုင်းများတပ်ဆင်ခြင်းအပါအဝင်)<br>(၃) ရေဝပ်ခြင်းမှ ကာကွယ်ရန်မြေညှိမြေဖို့ခြင်း<br>(၄) ကျောက်စရစ်စီခင်းခြင်း | **Lot-2** |

**၂။ တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၉ ရက်မှ ၁၇-၆-၂၀၁၉ရက်အထိ (ရုံးချိန်အတွင်း)
**၃။ တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်
**၄။ တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၆-၂၀၁၉ ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၀၂၁၀၊ ၀၆၇-၄၁၀၅၁၈ နှင့် ၀၆၇-၄၁၀၄၉၃ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မကွေးမြို့
### ကျောင်း/ရုံး အဆောက်အအုံများဆောက်လုပ်ရန်အတွက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ် နိုင်ငံတော်အထောက်အပံ့မှရငွေ(ပြည်တွင်း) (EU-Budget Grant) ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်) တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စာသင်ဆောင် RC(၂)ထပ်(၁၉၂'×၃၈') (ဧရိယာ ၁၄၅၉၂၈/ပေ) (၁)လုံး
(ခ) ၁၂၀ဆံ့ကျောင်းသား/သူဆောင်(၂၁၁'×၇၀') RC(၃)ထပ်(ဧရိယာ ၂၅၇၁၆ စ/ပေ) (၁)လုံး
(ဂ) ၁၂၀ဆံ့ကျောင်းသား/သူဆောင်(၂၁၁'×၇၀') RC(၃)ထပ်(ဧရိယာ ၂၅၇၁၆ စ/ပေ) (၁)လုံး

**၂။ အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်/အချိန်** - ၂၃-၅-၂၀၁၉ရက် ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၆-၂၀၁၉ ရက် ညနေ ၄း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)၊သရက်မြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၃-၂၈၀၃၁**
**အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)၊သရက်မြို့**
**ဖုန်း-၀၉-၄၂၈၆၉၀၁၁၇၊ ၀၉-၇၇၂၄၀၁၈၇၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## မကွေးမြို့
### ကျောင်း/ရုံး အဆောက်အအုံများဆောက်လုပ်ရန်အတွက်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အထောက်အပံ့မှရငွေ (ပြည်တွင်း) (EU Budget Grant) ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၁၂၀ ဆံ့ ကျောင်းသား/သူ ဆောင် (၂၁၁'×၇၀') RC(၃)ထပ် (၂၅၇၁၆ စ/ပေ) (၁)လုံး
(ခ) ဆရာ/မ ဆောင် RC(၄)ခန်းတွဲ (၄)ထပ်(၇၈'×၉၄') (၁၇၇၈၈ စ/ပေ) (၁)လုံး
(ဂ) ဆရာ/မ ဆောင် RC(၄)ခန်းတွဲ (၄)ထပ်(၇၈'×၉၄') (၁၇၇၈၈ စ/ပေ) (၁)လုံး

**၂။ အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၂၃-၅-၂၀၁၉ရက် ရုံးချိန်အတွင်း
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၆-၂၀၁၉ရက်၊ ညနေ ၄း၀၀နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - အစိုးရစက်မှုလက်မှုသိပ္ပံ (ရေနံချောင်း)၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန၊ ဖုန်း-၀၆၃-၂၈၀၃၁**
**အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)ရေနံချောင်းမြို့၊**
**ဖုန်း-၀၉-၅၃၃၇၁၄၉၊ ၀၆၀-၂၁၆၈၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
### သတင်းကြေညာချက်
### ၁၃၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်
### ၂၀၁၉ ခုနှစ် မေ ၂၃ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၉ ခုနှစ် ဇွန် ၈ ရက်မှ ၁၃ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက်ရတနာများ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်ခြင်း၊ ခင်းကျင်းနေရာချထားခြင်းများကို ၂၀၁၉ခုနှစ် မေ ၁၄ရက် မှ ၂၇ရက်အထိ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာရောင်းချပွဲသို့ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်အသင်းဝင်နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်နှင့် လိုင်စင်ရယူထားသူများကို ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော နိုင်ငံသားရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၁၉ခုနှစ် ဇွန် ၁ ရက်မှစ၍ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံတွင် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ဝန်ကြီးဌာန Website www.mining.gov.mm နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း Website www.mge.gov.mm တွင် နိုင်ငံသားရတနာကုန်သည်များ မှတ်ပုံတင်ရာ၌ ဖြည့်သွင်းရမည့်ပုံစံများကို Download ရယူနိုင်ပါသည်။ on-line မှတစ်ဆင့် လျှောက်ထားလိုပါက Website www.mge.gov.mm, On-line Pre-Registration System တွင်မှတ်ပုံတင်၍ ရောင်းချပွဲတက်ရောက်ခွင့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ပါသည်။

၆။ ၂၀၁၉ခုနှစ် ဇွန်လကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မန္တလေး၊ မိုးကုတ်၊ မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## ပညာရေးဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ၂၀၁၉-၂၀၂၀ ပညာသင်နှစ်
### အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူမည့်ရက်ကို တိုးမြှင့်သတ်မှတ်ခြင်း


၁။ ၂၀၁၉-၂၀၂၀ပညာသင်နှစ်၊ အစိုးရနည်းပညာအထက်တန်းကျောင်း (၃၅) ကျောင်း၌ ပထမနှစ်သင်တန်းတက်ရောက်လိုသူများအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခဲ့ပြီး အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း)အောင်မြင်သူများအား မိမိတက်ရောက်လိုသည့်ကျောင်းများတွင် ၂-၅-၂၀၁၉ ရက်မှ ၁၆-၅-၂၀၁၉ ရက်အထိ လျှောက်လွှာတင်သွင်းရန် ကြေညာခဲ့ပါသည်။

၂။ အဆိုပါကျောင်းများအနက် အစိုးရနည်းပညာအထက်တန်းကျောင်း (ဇန်းမော်၊ ပူတာအို၊ လွိုင်ကော်၊ တီးတိန်၊ မင်းတပ်၊ ကလေး၊ ခန္တီး၊ ပခုက္ကူ၊ မြင်းခြံ၊ စစ်တွေ၊ ဟသ်ာတ၊ ပုသိမ်၊ လားရှိုး၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ ပင်းပက်၊ ကော့သောင်း) စုစုပေါင်း(၁၈)ကျောင်းတွင် ဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းကို ၁၂-၆-၂၀၁၉ ရက်အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍သတိပေးတားမြစ်ချက်

အောက်ပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများသည် ဒေါ်ခင်ခင်သိန်း ၁၀/ကထန (နိုင်)၀၇၂၉၂၈၏ တစ်ဦးတည်းမူပိုင်တံဆိပ်အမှတ်အသားအဖြစ် မြဝတီမြို့နယ် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၅/၂၀၁၆)ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။ အဆိုပါအမှတ်တံဆိပ်များဖြင့် သောက်ရေသန့်ဘူး ၂၀လီတာရေဘူးကြီး၊ ၀.၆လီတာရေဘူးနှင့် ၀.၂၂လီတာ ရေခွက်များကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးသို့ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။




အထက်ပါကုန်အမှတ်တံဆိပ်များကို အတုပြုလုပ်၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ဖြစ်စေ၊ ကုန်အမှတ်တံဆိပ်တစ်ခုခုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပုံတူကူးယူပြီးတုပခြင်းဖြင့်လည်းကောင်း၊ မထင်မရှားတုပ၍ သံတူကြောင်းကွဲစာလုံးများသုံးစွဲ၍ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဆိုင်းဘုတ်အသုံးပြုခြင်း၊ Online Shopping တွင် အသုံးပြုခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ဒေါ်ခင်ခင်သိန်း၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမှုအတွက် ဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်သိန်း**
**၁၀/ကထန(နိုင်)၀၇၂၉၂၈**
**အမှတ်(၅)ရပ်ကွက်၊ မြဝတီမြို့**

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်း၊ မိတ်သစ် Customer များအား CB Bank မိုးညှင်း ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်းသတင်းကောင်းပါးအပ်ပါသည်။




## မိုးညှင်း ဘဏ်ခွဲ

အမှတ်(မမ-၂၇)၊ ပြည်ထောင်စုလမ်းမကြီး၊ အရှေ့စုရပ်ကွက်၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်။

Tel : (95) **074 60533**
Fax : (95) **074 60534/ 60535/ 60536**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

# ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ (၂၇) ကြိမ်မြောက် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်

**ရန်ကုန် မေ ၂၂**

မြန်မာ့စီးပွားရေး လုပ်ငန်းရှင်များနှင့် (၂၇) ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။


ဆွေးနွေးပွဲသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ထူး၊ ဦးဝင်းမော်ထွန်းနှင့် ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်

စာမျက်နှာ ၄ ကော်လံ ၁ ❄




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် (၂၇) ကြိမ်မြောက် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ မေ ၂၅၊ ၂၆ ရက် ကျင်းပမည်



ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်း။
ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မေ ၂၂**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ကို မေ ၂၅၊ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ ရန်ကုန်၊ ချန်ပီယံဟောင်း ရှမ်းယူနိုက်တက်နှင့် ယခုရာသီတွင် ခြေစွမ်းနှင့် ရလဒ်ပါ ကောင်းမွန်နေသည့် စစ်ကိုင်းနှင့် ရခိုင်အသင်းတို့ တက်ရောက်လာသည်။

ဆီမီးဖိုင်နယ်ကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းပြင်ဆင်မှု အလုံးစုံမပြီးစီးသေးသောကြောင့် ကျန်သုံးသင်းသာ အိမ်ကွင်းလက်ခံကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်းအဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းကို ပြောင်းလဲအသုံးပြုမည်ဖြစ်သည်။ ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် မေ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မေ ၂၆ ရက်တွင် မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အသင်းကြီးအချို့ ကျော်ဖြတ်လာသည့် ရခိုင်နှင့် စစ်ကိုင်း၊ ချန်ပီယံဆုရရန် ရေပန်းစားနေသည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့၏ တွေ့ဆုံမှုများမှာ

စာမျက်နှာ ၁၂ ကော်လံ ၅ ◆

## အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် မြန်မာအသင်း ဇွန်လကုန်စတင်လေ့ကျင့်မည်

**ရန်ကုန် မေ ၂၂**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသည့် ၂၀၁၉ အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲအတွက် ဇွန်လကုန်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်ပြီး ကစားသမားများမှာ ကလပ်အသင်းပွဲများ ကစားနေရသောကြောင့် ဇွန်လကုန်မှ လေ့ကျင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ ဖြင့် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်ပေးထားသည့် နည်းပြချုပ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ၂၀၁၃ နောက်ပိုင်း တစ်ကျော့ပြန် ခြေစစ်ပွဲအောင်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခြေစွမ်းအဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့်

စာမျက်နှာ ၁၂ ကော်လံ ၅ ●

သင့်မိသားစု အတွက် အထူးသင့်တော်သော ပြည်လမ်း၊ လေဆိပ်အနီးရှိ လုံးချင်းများကိုဝယ်နိုင်မည်




ကနဦး စာရင်းပေးသွင်းသူများထဲမှ (၁၀) ဦးအား
သိန်း (~~၁၂၀၀~~) တန်ကို သိန်း (၉၀၀) ခန့်ဖြင့်
25.5.2019 ရက် နံနက်(၁၁) နာရီ Myamnar Culture Valley တွင် မဲဖောက်ရွေးချယ် ရောင်းချပေးသွားမည်။
စာရင်းပေးသွင်းရန် - 09 767 699 881/ 09 767 699 882
◆ 2BR ပါ လုံးချင်းအိမ် အသစ်စက်စက်
◆ ကားပါကင် (၂) စီး၊ မြေပိုင်မြေ
အချိန် - 25/ 26 May 2019 ရက်တွင် ရောင်းချပေးမည်
နေရာ - Myanmar Culture Valley/ ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရား အနောက်မုခ်ရှေ့